


တက္ကသိုလ်
သိဟဂဒေါင်
ဝိဂျောဇိလှုလင်
ထီ မုံး ၏ ကျန်း ပူ လန် ကျ
ပထမပိုင်း
၁
200/-

တက္ကသိုလ်

# သီဟအောင်

# ဝိဇ္ဇာဓိုလ်လင်

(ပထမပိုင်း)

၂၀၁၃ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ–၄၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅– လမ်း။
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အသစ်တရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
☆ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ရေမြေ့ရှင်

သိုင်းလောကၡ လျှို့ဝှက်သော ဂိုဏ်းတစ်ခု ပေါ်ပေါက်လာသည်။

ထိုလျှို့ဝှက်ဂိုဏ်းသည် သိုင်းလောကသားများအား လိုက်လံစည်းရုံးသိမ်းသွင်း၍ သိုင်းလောကအား လွှမ်းမိုးရန် ကြံစည်ကြိုးစားနေ၏။

အဖြူရောင်သိုင်းသမားကြီးများနှင့် ဂိုဏ်းချုပ်ကြီးများသည် လျှို့ဝှက်ဂိုဏ်း၏ အန္တရာယ်ကို နားလည်သဘောပေါက်မိခြင်းကြောင့် ဖော်ထုတ်ချေမှုန်းရန် လိုက်လံစုံစမ်းခဲ့ကြလေသည်။

သို့ဖြင့်...

လျှို့ဝှက်ဂိုဏ်း၏အမည်မှာ ရေမြေ့ရှင်ဂိုဏ်းဖြစ်ပြီး ထိပ်သီးသိုင်းသမားကြီးတစ်ယောက်က ဦးဆောင်နေကြောင်း သိရှိလာကြသည်။

သို့သော်...

ရေမြေ့ရှင်ဂိုဏ်းဌာနချုပ် မည်သည့်နေရာ၌ တည်ရှိသည်ကိုလည်းကောင်း၊ ဂိုဏ်းချုပ် မည်သူမည်ဝါဆိုသည်ကိုလည်းကောင်း ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ကြချေ။

အလွန်လျှို့ဝှက်သော ရေမြေ့ရှင်ဂိုဏ်းသည် သိုင်းလောကအား ပို၍ဒုက္ခပေးလာပြီး သိုင်းလောကတစ်ခုလုံး အထိတ်တလန့် ဖြစ်လာရလေတော့သည်။

* * *

အရိပ်အာဝါသ ကောင်းလှသော သစ်ပင်ကြီးတစ်ပင်အောက်၌ အုတ်ဂူတစ်လုံး ရှိနေသည်။

ထိုအုတ်ဂူရှေ့၌ လူတစ်ယောက်က ဒူးထောက်၍ ဂါရဝပြုနေသည်။

ထိုလူမှာ အသက်သုံးဆယ်ကျော်ခန့် ရှိပြီး သိုင်းပညာတတ်မြောက်ထားပုံရလေသည်။

ထိုလူက...

"ဆရာ...ဆရာ့ကို လုပ်ကြံသွားတဲ့ 'ရေမြေ့ရှင်'ဂိုဏ်းကို ကျွန်တော်ဖုံးရှင်က ချေမှုန်းပစ်မယ်လို့ ကတိပြုပါတယ်"

ဟု တိုင်တည်သစ္စာပြုပြီး ဒူးထောက်ရာမှ ထလိုက်လေသည်။

ဖုံးရှင်ဆိုသူက ဆရာဖြစ်သူ၏ အုတ်ဂူကို ကြေကွဲစွာ ကြည့်



လိုက်ပြီး ကျောခိုင်းလိုက်သည်။

သူက သိုင်းလောကထဲသွားမည် ဖြစ်သည်။

ရေမြေ့ရှင်ဂိုဏ်းအကြောင်း စုံစမ်းဖော်ထုတ်ကာ ချေမှုန်းပစ်ဖို့ ကြိုးစားတော့မည် ဖြစ်လေသည်။

* * *

ဖုံးရှင်က စားသောက်ဆိုင်လေးတစ်ဆိုင်သို့ ရောက်ရှိလာလေသည်။

ဆိုင်ထဲ၌ လူရှင်းနေပြီး စားသောက်သူ သုံးလေးဦးမျှသာ ရှိလေသည်။

ထိုစားသောက်နေသူများအနက် ချောမောလှပသော အမျိုးသမီးတစ်ဦးလည်း ပါဝင်နေ၏။

ဖုံးရှင်သည် ထိုအမျိုးသမီးမှာ ထူးခြားသူ ဖြစ်ကြောင်း ချက်ခြင်းအကဲခတ်မိလေသည်။

ထို့ကြောင့် စားသောက်ရင်း မသိမသာ အကဲခတ်နေလိုက်လေသည်။

ထိုအချိန်မှာပင် ဆူဆူညံညံ စကားသံများနှင့်အတူ လူတစ်စုက ဆိုင်ထဲ ဝင်ရောက်လာကြလေသည်။

ထိုလူစုသည် ဆိုင်ထဲ ရောက်လာသည်နှင့် လှပချောမောသော အမျိုးသမီးအား ဝိုင်းရံထားလိုက်ကြလေသည်။

"မင်းက ကျုပ်တို့နောက်ကို အေးအေးဆေးဆေး လိုက်ခဲ့

ရင်ကောင်းမယ်"

သိုင်းသမားတစ်ယောက်က ငေါက်လိုက်လေသည်။

အမျိုးသမီး ပြုံးလိုက်သည်။

"ရှင်က ကျွန်မကို လာပြီး အော်ငေါက်တာ သေရမှာ မကြောက်ဘူးလား"

"ဩော် မင်းက ခေါင်းမာနေတယ်ပေါ့လေ၊ သူ့ကို ဆုံးမလိုက်ကြဟေ့"

"တိုက်ကြ"

ပြင်းထန်သော တိုက်ပွဲတစ်ခု ရုတ်ခြည်း ဖြစ်ပေါ်လာခြင်းကြောင့် ဖုံးရှင် အံ့ဩသွားရလေသည်။

တိုက်ပွဲကား ကြာမြင့်လှသည် မဟုတ်ပါ။

ချောမောသော အမျိုးသမီး၏ တိုက်ခိုက်မှုကြောင့် သိုင်းသမားငါးယောက် ဒဏ်ရာအသီးသီးရကာ ဆိုင်အပြင်ဘက်သို့ လွင့်စဉ်သွားကြလေတော့သည်။

"ဟင်"

ဖုံးရှင် အံ့ဩသွား၏။

အမျိုးသမီး၏သိုင်းပညာ ထက်မြက်မှုကို မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်သွား၏။

ထိုစဉ်...

"မိန်းကလေးရဲ့ သိုင်းပညာ ချီးကျူးစရာပါပဲ"

စကားသံနှင့်အတူ အဘိုးအိုတစ်ယောက် ဆိုင်ထဲ လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။



ထိုအဘိုးအိုမှာ အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး အသက်ခြောက်ဆယ်ခန့် ရှိလေသည်။

အလွန်တည်ကြည်ခန့်ညားသော ဥပဓိရုပ် ရှိသူလည်း ဖြစ်လေသည်။

အမျိုးသမီး မျက်နှာပျက်သွားလေသည်။

"နေဝန်းဂိုဏ်းက ဒုဂိုဏ်းချုပ်ပါလား"

သူမ၏ရေရွတ်သံကို ဖုံးရှင် ကြားလိုက်ရလေသည်။

အဘိုးအိုက...

"ကဝေမယ်၊ မင်းတို့ ပညာသင်ဘက် သုံးယောက်ကို သိုင်းလောကတစ်ခုလုံးက အလိုရှိနေကြပြီ၊ မင်း အေးအေးဆေးဆေး လိုက်ခဲ့ရင် ကောင်းမယ်"

ကဝေမယ်ဆိုသည့် လှပချောမောသော အမျိုးသမီး ရယ်မောလိုက်လေသည်။

"ကျွန်မကို ခေါ်သွားနိုင်လို့လားရှင်"

သူမ ထိုင်ရာမှ ထရပ်လိုက်လေသည်။

သူမ တိုက်ခိုက်တော့မည်ဟု ဖုံးရှင် ထင်မိ၏။

သို့သော်...

ကဝေမယ်က တိုက်ခိုက်ခြင်း မပြုဘဲ ပြတင်းပေါက်မှတဆင့် အပြင်ဘက် ခုန်ထွက်သွားလေသည်။

"မပြေးနဲ့"

အဘိုးအိုက အော်ငေါက်ကာ လိုက်သွားလေသည်။

နှစ်ယောက်သား တခဏအတွင်းပင် မြင်ကွင်းမှ ပျောက်

ကွယ်သွားလေသည်။

ဖုံးရွှင် သက်ပြင်းချလိုက်မိလေသည်။

သိုင်းလောကမှာ ရှုပ်ထွေးပွေလီလှကြောင်း သူသိရှိထားပြီး ဖြစ်သည်။

သူ၏ဆရာမှာ ရေမြေ့ရှင်ဂိုဏ်း၏ လက်ချက်ဖြင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်။

ရေမြေ့ရှင်ဂိုဏ်းအား ဖော်ထုတ်ချေမှုန်းရမည်သာ ဖြစ်လေသည်။

ယခု မမျှော်လင့်ဘဲ ကဝေမယ်ဆိုသူအား တွေ့လိုက်ရပြီ ဖြစ်လေသည်။

ကဝေမယ်...။

ကဝေမယ်သည် ရေမြေ့ရှင်ဂိုဏ်းမှ ဖြစ်သည်ဟု သတင်းများ ထွက်ပေါ်နေသည်။

ဖုံးရွှင် ဆက်လက်စားသောက်ခြင်း မပြုတော့ပါ။

ငွေတုံးလေးတစ်တုံးကို စားပွဲပေါ်ချလိုက်ပြီး ဆိုင်ထဲမှ ထွက်လာခဲ့လေတော့သည်။

* * *



ကဝေမယ်...။

ကဝေမယ်သည် ဘီလူးဖြူ၊ ဘီလူးမည်းတို့နှင့် ပညာသင်ဘက် မောင်နှမများ ဖြစ်လေသည်။

သုံးယောက်သား နယ်ခြား၌ ထင်တိုင်းကျဲခဲ့ကြပြီးနောက် သိုင်းလောကသို့ ဆင်းလာခဲ့ကြသည်။

သိုင်းလောကသို့ ရောက်လျှင် ရေမြေ့ရှင်ဂိုဏ်း၏ စည်းရုံးသိမ်းသွင်းခြင်း ခံခဲ့ရသည်။

ထိုအကြောင်းကို သိုင်းလောကသားများ သိရှိသွားကြပြီးနောက် ကဝေမယ်တို့သုံးယောက် နောက်သို့ သဲကြီးမဲကြီး လိုက်နေကြခြင်း ဖြစ်လေသည်။

ရေမြေ့ရှင်ဂိုဏ်းသည် ဖုံးရွှင်၏ရန်သူ ဖြစ်သည်။

ထို့ကြောင့်...

ဖုံးရွှင်ကလည်း ကဝေမယ် နောက်သို့ လိုက်လေတော့သည်။

ကဝေမယ်က နေဝန်းဂိုဏ်းမှ ဒုဂိုဏ်းချုပ်ကြောင့် ထွက်ပြေးရောင်တိမ်းသွားခြင်း ဖြစ်သည်။

ဖုံးရွှင်က လိုက်လံရှာဖွေရင်း တောအုပ်တစ်ခုသို့ ရောက်လျှင် သစ်ပင်တစ်ပင်အောက်၌ လဲကျနေသော ကဝေမယ်ကို တွေ့လိုက်ရလေတော့သည်။

* * *

လယ်တောနှင့် မလှမ်းမကမ်း၌ ရှိနေသော လယ်သမား အိမ်ကလေး ဖြစ်လေသည်။

ထိုလယ်သမားအိမ်ကလေးမှ မီးခိုးများ ထွက်ပေါ်နေသည်။

လယ်ယာလုပ်ငန်းခွင်သိမ်းပြီးနောက် လယ်တဲရှင်က အိမ်ပြန်သွားသဖြင့် ထိုအိမ်ကလေး၌ နေထိုင်မည့်သူ မရှိတော့ပါ။

ထို့ကြောင့် ဖိုးရွှင်က ကဝေမယ်ကို ထိုအိမ်ကလေးသို့ ခေါ်သွားပြီး ပြုစုစောင့်ရှောက်ခဲ့ရလေသည်။

ကဝေမယ်သည် ရေမြေ့ရှင်ဂိုဏ်းမှ ဖြစ်၍ သူ၏ရန်သူ ဖြစ်လေသည်။

သို့သော်...

သူမသည် ဒဏ်ရာရကာ သေလုမျောပါး ဖြစ်နေခြင်းကြောင့် ဖိုးရွှင်က ကူညီခဲ့ရလေသည်။

ဖိုးရွှင်က အသင့်ဆောင်ထားသော အသက်ကယ်ဆေးများ တိုက်ကျွေးလိုက်ရာ ကဝေမယ် အသက်ချမ်းသာရသွားတော့သည်။

ကဝေမယ်သည် ဖိုးရွှင်အား ကျေးဇူးတင်မဆုံး ဖြစ်ရလေတော့သည်။

ကဝေမယ် သက်သာလျှင် ဖိုးရွှင်က ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ကဝေမယ်က...

"ရှင်ထွက်သွားတော့မယ် ဟုတ်လား"

ဖိုးရွှင် ခေါင်းညိတ်လိုက်သည်။



"မင်းနေကောင်းနေပြီ မဟုတ်လား၊ ကျုပ်သွားတော့မယ်"

ကဝေမယ်က...

"ရှင်က ကျွန်မကို ကူညီခဲ့တာ သိုင်းလောကသားတွေ သိသွားရင် ရှင့်ကို ဒုက္ခပေးမှာ မစိုးရိမ်ဘူးလားရှင်"

ဖိုးရွှင် ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း မစိုးရိမ်ပါဘူး"

"ကျွန်မကို သိုင်းလောကသားတွေက မုန်းတီးနေကြတာ၊ ကျွန်မနဲ့ ပတ်သက်တဲ့လူဆိုရင်လဲ သူတို့က သဘောကျကြမှာ မဟုတ်ဘူး"

ဖိုးရွှင်က...

"ကိစ္စ မရှိဘူး၊ ကျုပ် မစိုးရိမ်ဘူး"

"ဘာဖြစ်လို့လဲရှင်"

"ကျုပ်ကလဲ ရေမြေ့ရှင်ဂိုဏ်းကို မုန်းတီးနေတဲ့လူတစ်ယောက် ဖြစ်နေလို့ပေါ့"

"ဘာရှင့်"

"ကျုပ်က ရေမြေ့ရှင်ဂိုဏ်းကို ချေမှုန်းချင်တဲ့ လူတစ်ယောက် ဖြစ်နေတယ်လေ"

ကဝေမယ်က...

"ရေမြေ့ရှင်ဂိုဏ်းက ရှင့်ရဲ့ရန်သူ ဖြစ်နေလို့လားရှင်"

"ဒါအမှန်ပဲ"

"ရှင်နဲ့ ဘယ်လို ရန်ငြိုးရန်စ ရှိနေလို့လဲရှင်"

ဖိုးရွှင်၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ကျုပ်ဆရာကို သူတို့ သတ်ပစ်ခဲ့ကြတယ်"

ကဝေမယ်က...

"ရေမြေ့ရှင်ဂိုဏ်းဟာ သိုင်းလောကသားတွေကို လိုက်ပြီး စည်းရုံးသိမ်းသွင်းခဲ့ကြတယ်၊ သူတို့သိမ်းသွင်းတာကို လက်မခံရင် သုတ်သင်ရှင်းလင်းပစ်ကြတယ်၊ ဒါကြောင့် သိုင်းလောကမှာ ရန်ငြိုးရန်စ များခဲ့တယ်"

ရေမြေ့ရှင်ဂိုဏ်းသည် သိုင်းလောက၌ ရန်ငြိုးရန်စ အများဆုံးဂိုဏ်း ဖြစ်လေသည်။

ရေမြေ့ရှင်ဂိုဏ်းက သိုင်းလောကအား လွှမ်းမိုးလိုသကဲ့သို့ သိုင်းလောကသားများကလည်း ရေမြေ့ရှင်ဂိုဏ်းအား ဖျက်ဆီးပစ်လိုကြပေတော့သည်။

ဖုံးရှင်က...

"ကျုပ်ဟာ ရေမြေ့ရှင်ဂိုဏ်းကို ချေမှုန်းချင်တဲ့ လူတစ်ယောက် ဖြစ်နေတာကြောင့် မင်းကို ကူညီလို့လဲ သိုင်းလောကသားတွေက ကျုပ်ကို ဒုက္ခပေးကြမှာ မဟုတ်ဘူးလေ"

ကဝေမယ်က...

"ကောင်းပြီ၊ ရှင်က ကျွန်မကို ကူညီခဲ့တယ်၊ ရေမြေ့ရှင်ဂိုဏ်းက လူတစ်ယောက်ဆိုတာလဲ သိထားတယ်၊ ဘာကြောင့် ရေမြေ့ရှင်ဂိုဏ်းအကြောင်း မမေးရတာလဲ"

ဖုံးရှင် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘယ်တော့မှ အခွင့်အရေးယူမှာ မဟုတ်ဘူး"

ကဝေမယ် သက်ပြင်းချလိုက်လေသည်။



ဖုံးရှင်က...

"နောက်တစ်ခါ ကျုပ်နဲ့ မတွေ့အောင် ရှောင်ပါ၊ တွေ့ခဲ့ရင် ကျုပ်က ချမ်းသာပေးမှာ မဟုတ်ဘူး"

စကားဆုံးလျှင် ကဝေမယ်ကို ကျောခိုင်းကာ ထွက်သွားတော့သည်။

ကဝေမယ် ငေးငိုင်နေ၏။

ရေမြေ့ရှင်ဂိုဏ်းသည် သိုင်းလောကတစ်ခုလုံး၏ မဟာရန်သူ ဖြစ်နေသည်။

ရေမြေ့ရှင်ဂိုဏ်းချုပ်သည် အလွန်ကြောက်စရာကောင်းသူ ဖြစ်နေသည်။

သူ၏အမိန့်အတိုင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်း မရှိသူများအား ရက်ရက်စက်စက် အပြစ်ပေးတတ်သူ ဖြစ်သည်။

ရေမြေ့ရှင်ဂိုဏ်း၌ ဆက်လက်နေထိုင်လျှင် တစ်နေ့မဟုတ် တစ်နေ့ ဒုက္ခရောက်ရမည်မှာ သေချာနေ၏။

ကဝေမယ်သည် ဖုံးရှင်နှင့်တွေ့ရပြီးနောက် စိတ်ထားပြောင်းလဲသွားပြီး ရေမြေ့ရှင်ဂိုဏ်းမှ နုတ်ထွက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *

## ဈေးရေစက်

တောလမ်းကလေးတစ်လျှောက် သာသာယာယာ ရှိနေသည်။

ပျော်ပျော်ရွှင်ရွှင် နေတတ်ပုံရသော လူငယ်တစ်ဦးသည် တောလမ်းကလေးအတိုင်း လျှောက်လှမ်းလာလေသည်။

လူငယ်သည် တောင်ပူစာလေးတစ်ခု အနီးသို့ ရောက်လျှင် ခေါ်သံသဲ့သဲ့ ကြားလိုက်ရသဖြင့် ခြေလှမ်းတုန့်ခနဲ ရပ်သွားလေသည်။

ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

ခေါ်သံက တောင်ပူစာလေး အနောက်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

"ဘယ်သူလဲ"

လူငယ်က မေးလိုက်သည်။



တောင်ပူစာလေး အနောက်ဘက်မှ စကားသံ ထွက်ပေါ်လာသည်။

"ကျုပ်ခေါ်နေတာပါ၊ တောင်ပူစာလေး အနောက်ဘက်ကို လာခဲ့ပါလား"

ထိုလူ၏အသံမှာ တုန်ယင်ချည့်နည့်နေသဖြင့် ရောဂါ ဝေဒနာတစ်ခုခု ခံစားနေရသူ ဖြစ်ရမည်ဟု လူငယ် တွက်ဆမိလိုက် သည်။

ဒုက္ခရောက်နေသူ တစ်ဦးဦး ဖြစ်နေပါက ကူညီနိုင်ရန် တောင်ပူစာလေး နောက်သို့ ကပျာကယာ သွားလိုက်လေသည်။

တောင်ပူစာလေး အနောက်ဘက်သို့ ရောက်လျှင် ကျောက်တုံးတစ်တုံးကို မှီကာ ပျော့လျောင်းနေသော အဘိုးအိုတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုအဘိုးအိုမှာ နေဝန်းဂိုဏ်းမှ ဒုဂိုဏ်းချုပ် ဖြစ်လေသည်။

လူငယ်က ချဉ်းကပ်သွားလိုက်လေသည်။ အဘိုးအိုက...

"ကျုပ်ဟာ နေဝန်းဂိုဏ်းက ဒုဂိုဏ်းချုပ်ပါ၊ ရေမြေ့ရှင်ဂိုဏ်းက နယ်ခြားသိုင်းသမားသုံးယောက် နောက်ကို လိုက်ရင်း ကဝေမရဲ့ အကောက်ကြံခံလိုက်ရတာ"

လူငယ် မျက်လုံးပြူးသွားလေသည်။

"ဦးဟာ သိုင်းလောကသားတစ်ယောက်ကိုး၊ ကျွန်တော်က သိုင်းပညာ မသင်ချင်လို့ အိမ်က ထွက်ပြေးလာခဲ့တာ"

ဒုဂိုဏ်းချုပ်က လူငယ်၏စကားကို အမှုမထားဘဲ...

"ကျုပ် တစ်ချက်ကလေး သတိလက်လွတ် ဖြစ်သွားတာနဲ့ ခုလို ခံလိုက်ရတာ၊ ကျုပ်သေသွားရင် ကျုပ်ရဲ့ပညာတွေ အလကား

ဖြစ်သွားမှာကို နမြောလို့ မင်းကို ပေးခဲ့မယ်၊ မင်းက နေဝန်းဂိုဏ်းကို ကူညီရမယ်၊ ရေမြေ့ရှင်ဂိုဏ်းကို ချေမှုန်းရလိမ့်မယ်"

"ကျွန်..ကျွန်တော်"

လူငယ် ကြောင်အမ်းအမ်း ဖြစ်နေစဉ်မှာပင် အဘိုးအိုက လူငယ်၏လက်တစ်ဘက်ကို ဖမ်းဆုပ်လိုက်လေသည်။

လူငယ် ထိတ်လန့်ကာ နောက်ဆုတ်လိုက်သော်လည်း မလွတ်နိုင်တော့ချေ။

လက်ကို ဖမ်းဆုပ်ခံလိုက်ရလျှင် လူငယ် မလှုပ်မယှက် ဖြစ်သွားတော့သည်။

သူ၏လက်ကောက်ဝတ်မှတဆင့် အပူလှိုင်းများ တိုးဝင်လာသည် မဟုတ်ပါလား။

ထိုအပူလှိုင်းများသည် တစ်ကိုယ်လုံး ပျံ့နှံ့သွားလျှင်...

"အမယ်လေးဗျာ"

လူငယ်လည်း တစ်ချက်အော်ဟစ်ပြီး သတိလစ် မေ့မျောသွားလေတော့သည်။

* * *



အချိန် မည်မျှ ကြာသွားမှန်း မသိ။

လူငယ် သတိရလာသောအခါ ကောင်းကင်ပေါ်၌ လဝန်းပင် ထွက်ပေါ်နေပြီ ဖြစ်လေသည်။

လရောင်အောက်၌ ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

လူငယ်သည် မြေပေါ် လှဲလျောင်းနေရာမှ ကပျာကယာ လူးလိမ့်ထလိုက်လေသည်။

ထိုအခါ ကျောက်တုံးကိုမှီကာ သေဆုံးနေသော အဘိုးအိုကို တွေ့လိုက်ရလေသည်။

လူငယ် စိတ်ပျက်သွားတော့သည်။

"သူ..သူသေသွားပြီ"

ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

နေဝန်းဂိုဏ်းမှ ဒုဂိုဏ်းချုပ်ဆိုသော အဘိုးအိုက သေဆုံးသွားပြီ ဖြစ်သည်။

သူ၏ပညာများကို လွှဲပြောင်းပေးမည်ဟု ပြောသွား၏။

"သူက ဘာပညာတွေများ ငါ့ကို လွှဲပြောင်းပေးသွားတာပါလိမ့်"

လူငယ် ကိုယ့်ကိုကိုယ် စစ်ဆေးကြည့်လိုက်လေသည်။

ထိုအခါ သူ၏ခန္ဓာကိုယ်ထဲ၌ ထူထည်အစိုင်အခဲ ကြီးမားလှသော အပူအင်အားတစ်ခု ကိန်းအောင်းနေသည်ကို သတိပြုမိလိုက်လေတော့သည်။

ထိုအပူထုထည်ကို စိတ်အာရုံစိုက်မိသည်နှင့် အပူလှိုင်းများ ဖြစ်ပေါ်လာကာ ခန္ဓာကိုယ်တစ်ခုလုံး ပျံ့နှံ့သွားလေတော့သည်။

"ဟာ"

လူငယ် အထိတ်တလန့် ဖြစ်သွားလေသည်။

"ငါက သိုင်းပညာ မသင်ချင်လို့ အိမ်က ထွက်ပြေးလာခဲ့တာ၊ ဘယ်လိုလုပ်ပြီး အပူလှိုင်းတွေက ငါ့ခန္ဓာကိုယ်ထဲ ရောက်လာတာလဲ"

ထို့နောက် ကြောက်လန့်တကြား ထွက်ပြေးသွားလေတော့သည်။

* * *

စားသောက်ဆိုင်လေးတစ်ဆိုင် ဖြစ်သည်။

ဖိုးရွှင်က ဆိုင်ထဲလှမ်းဝင်လိုက်သောအခါ တစ်ဆိုင်လုံး လူစည်ကားမနေသော်လည်း စားပွဲတစ်လုံး၌မူ လူစည်ကားနေသည်ကို တွေ့ရလေသည်။

ဖိုးရွှင် စိတ်ဝင်စားသွားသည်။

"ဘာဖြစ်နေတာပါလိမ့်"

ထိုလူစည်ကားနေသော စားပွဲကို သေသေချာချာ အကဲခတ်လိုက်လေသည်။

ထိုအခါ လူငယ်တစ်ယောက်နှင့် လူသန်ကြီးတစ်ယောက်တို့ လက်မောင်းလုံးနေသည်ကို တွေ့ရလေသည်။

လူငယ်မှာ နေဝန်းဂိုဏ်းမှ ဒုဂိုဏ်းချုပ်၏ အပူစွမ်းအား ရရှိခဲ့သည့် သိုင်းပညာ မသင်လိုသော လူငယ် ဖြစ်လေသည်။



ထိုလူငယ်၏အမည်မှာ လင်းကြိုင် ဖြစ်လေသည်။

လင်းကြိုင်က သိုင်းပညာ မသင်လိုသဖြင့် အိမ်မှထွက်ပြေးလာရင်း သိုင်းလောကသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

လင်းကြိုင်က နေဝန်းဂိုဏ်းမှ ဒုဂိုဏ်းချုပ်နှင့် တွေ့ပြီး ကြောက်အားလန့်အား ထွက်ပြေးလာခဲ့သည်။

မြို့ကလေးတစ်မြို့သို့ ရောက်လာပြီး ဗိုက်ဆာသဖြင့် စားသောက်ဆိုင်တစ်ဆိုင်၌ ဝင်ရောက်စားသောက်ခဲ့သည်။

စားသောက်ပြီးမှ ပေးစရာ ပိုက်ဆံ မရှိသဖြင့် အခက်ကြုံခဲ့လေသည်။

ထိုစဉ် လူသန်ကြီးတစ်ယောက်က လက်မောင်းလုံးရန် စိန်ခေါ်နေခြင်းကြောင့် အကြံရကာ လူသန်ကြီးနှင့် လက်မောင်းလုံးရန် လက်ခံလိုက်ခြင်း ဖြစ်လေသည်။

လင်းကြိုင်သည် ဉာဏ်များသော လူငယ်တစ်ဦး ဖြစ်ပါသည်။

အိမ်မှ ထွက်ပြေးရင်း လမ်းခရီး၌ ရရှိခဲ့သော အပူစွမ်းအားကို အသုံးပြုရန် ကြံစည်လိုက်ခြင်း ဖြစ်လေသည်။

သူက လမ်းတစ်လျှောက်တွင် ခန္ဓာကိုယ်ထဲ ရောက်ရှိကိန်းအောင်းနေသော အပူစွမ်းအင်များကို ဖယ်ရှားပစ်ရန် အမျိုးမျိုး ကြိုးစားခဲ့သည်။

သို့သော်...

ဖယ်ရှား၍ မရသည့်အပြင် ထိုအပူစွမ်းအင်များက ပို၍ ကြီးထွားလာရကား ဉာဏ်များသူပီပီ ထိုအပူစွမ်းအင်များကို အသုံးချနိုင်

ရန် ကြိုးစားခဲ့လေသည်။

ထူးခြားသည်ကား...

အပူစွမ်းအင်များသည် စိတ်အာရုံ စူးစိုက်ပါက လိုသလို အသုံးချနိုင်သည်ကို တွေ့ရှိလာရခြင်း ဖြစ်လေသည်။

ယခု...

လင်းကြိုင်က အပူစွမ်းအင်ကို အသုံးချကာ လူသန်ကြီးအား အနိုင်ယူဖို့ အသုံးချလိုက်ခြင်း ဖြစ်လေသည်။

ဖုံးရှင်သည် လင်းကြိုင်နှင့် လူသန်ကြီးတို့ လက်မောင်းလုံး နေကြသည်ကို ကြည့်ရင်း မျက်မှောင်ကုပ်သွား၏။

"ဟိုကောင်လေးက လူသန်ကြီးနဲ့ လက်မောင်းလုံးနေတာ ဒုက္ခရောက်ချင်လို့ ဖြစ်မယ်"

ဟု ပထမ တွေးမိလိုက်သည်။

တဖန် သေသေချာချာ ကြည့်လိုက်တော့မှ လင်းကြိုင်၏ လက်မောင်းတလျှောက်၌ အနီရောင်အစင်းတန်းတစ်ခု ဖြစ်ပေါ်နေသည်ကို တွေ့လိုက်ရလေသည်။

"သည်ကောင်လေးရဲ့ အတွင်းအားက အကော့်ကို ကြောက်စရာကောင်းနေပါလား"

လင်းကြိုင်ကို စိတ်ဝင်စားသွားလေတော့သည်။

လင်းကြိုင်နှင့် လက်မောင်းလုံးနေသော လူသန်ကြီး၏နဖူးပေါ်၌ ချွေးများ စို့ရွဲလာလေသည်။

မျက်နှာကြီးလည်း ရှုံ့မဲ့လာသည်။

ထို့နောက်...



"အား"

တစ်ချက်အော်ဟစ်လိုက်ပြီး လက်ကို ရုပ်သိမ်းကာ ဒယီး ဒယိုင်ဖြင့် နောက်ဆုတ်သွားလေတော့သည်။

"ဟေး"

လင်းကြိုင်က ဝမ်းသာအားရ အော်ဟစ်လိုက်လေသည်။

လက်မောင်းလုံးပြိုင်ပွဲ၌ သူက အနိုင်ရလိုက်ပြီ မဟုတ်ပါလား။

လင်းကြိုင်က လက်ပါးဖြန့်လိုက်သည်။

"ကျုပ် အနိုင်ရလိုက်ပြီ၊ စိုက်ဆံပေးပေတော့"

လူသန်ကြီးက မျက်နှာကြီးရှုံ့မဲ့ကာ ငွေတုံးလေးတစ်တုံး ထုတ်ပေးလိုက်လေတော့သည်။

* * *

ငွေတုံးလေးတစ်တုံး...။

လင်းကြိုင်မှာ ငွေတုံးလေးတစ်တုံး ရရှိလိုက်ပြီ ဖြစ်သည်။

ထိုငွေတုံးလေးက သူ၏စားဝတ်နေရေးကို လောလောဆယ် ဖြေရှင်းပေးလိုက်ပြီ ဖြစ်လေသည်။

လင်းကြိုင်က ဆိုင်လုလင်တစ်ယောက်ကို ခေါ်ကာ စားသောက်ဖွယ်ရာများ မှာကြားလိုက်လေသည်။

ထိုစဉ်...

"မင်းတစ်ယောက်ထဲပဲ စားတော့မှာလား"

စကားသံနှင့်အတူ အနီးသို့ လူတစ်ယောက် ရောက်ရှိလာလေသည်။

ဖိုးရွှင် ဖြစ်လေသည်။

လင်းကြိုင် ကြောင်အမ်းအမ်း ဖြစ်သွား၏။

နောင်ကြီးက...

"ကျုပ်က ဖိုးရွှင်ပါ"

"ဗျာ"

"ငါ့ညီနာမည်ကကော ဘယ်လိုခေါ်သလဲ ပြောပါဦး"

လင်းကြိုင်က ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ သူ၏အမည်ကို ပြောလိုက်လေသည်။

"ကျွန်တော်က လင်းကြိုင်ပါ"

ဖိုးရွှင်က...

"ငါ့ညီက လူသန်ကြီးကို အနိုင်ယူပြလိုက်တာ အတော့်ကို အံ့သြစရာကောင်းတယ်"

လင်းကြိုင်က...

"ကျွန်တော်က လူငယ်တစ်ယောက် ဖြစ်ပေမယ့် ခွန်အားအတော်ကောင်းပါတယ်၊ ဒါကြောင့် သူ့ကို အနိုင်ရလိုက်တာပါ"

ဖိုးရွှင်က...

"ငါ့ညီက ခွန်အားကောင်းတာလား၊ အတွင်းအားကောင်းတာလား"

"ဗျာ"

"ငါ့ညီရဲ့ အပူလှိုင်းအတွင်းအားဟာ နှစ်ပေါင်းသုံးဆယ်



ကျော် လေ့ကျင့်မှရမယ့် အတွင်းအားမျိုး ဖြစ်နေတယ်ကွ"

"ကျွန်တော်"

လင်းကြိုင် မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ဖိုးရွှင်က...

"ငါ့ညီရဲ့ အသက်အရွယ်နဲ့ သည်လို အတွင်းအားမျိုး ရထားဖို့ မလွယ်ဘူး။ ငါ့ညီမှာ ဆရာကောင်းသမားကောင်း ရှိနေရလိမ့်မယ်"

လင်းကြိုင်၏မျက်နှာကြီး ရှုံ့မဲ့သွားလေသည်။

"ကျွန်တော်က သိုင်းပညာ မသင်ချင်လို့ အိမ်က ထွက်ပြေးလာတာပါဗျာ"

ဖိုးရွှင်က...

"ဒါဆို ငါ့ညီ ရထားတဲ့ အပူလှိုင်းအတွင်းအားကကော ဘယ်လိုလဲ"

"အဲဒါက"

လင်းကြိုင်က အကျိုးအကြောင်း ရှင်းပြလိုက်လေသည်။

ဖိုးရွှင် စိတ်ဝင်စားစွာ နားထောင်နေလိုက်သည်။

လင်းကြိုင်၏စကားဆုံးသွားတော့မှ...

"လက်စသပ်တော့ နေဝန်းဒုဂိုဏ်းချုပ်ရဲ့ အတွင်းအားကို ငါ့ညီ ရလိုက်တာကိုး"

ဟု မှတ်ချက်ချလိုက်လေသည်။

လင်းကြိုင်က...

"သူ့ကို အစ်ကိုကြီးက သိထားလို့လားဗျာ"

ဖိုးရွှင်က...

"နေဝန်းဂိုဏ်းဟာ သိုင်းလောကရဲ့ အထင်ကရဂိုဏ်းကြီး ဆယ်ဂိုဏ်းထဲမှာ တစ်ဂိုဏ်း အပါအဝင် ဖြစ်တယ်၊ ရှောင်လင်ကျောင်းနဲ့ ပခုံးချင်း ယှဉ်နိုင်တဲ့ ဂိုဏ်းတစ်ခုလဲ ဖြစ်တယ်"

လင်းကြိုင် ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

သိုင်းပညာ မသင်လို၍ ထွက်ပြေးလာမှ သိုင်းလောကနှင့် ပတ်သက်ရပြီ မဟုတ်ပါလား။

ဖိုးရွှင်က...

"နေဝန်းဂိုဏ်းရဲ့ ဒုဂိုဏ်းချုပ်အကြောင်း နေဝန်းဂိုဏ်းကို သွားပြီး အကြောင်းကြားသင့်တယ်"

ဟု ပြောလေသည်။

လင်းကြိုင်က...

"ကျွန်တော်သွားပြီး အကြောင်းကြားချင်ပါတယ်၊ ဒါပေမယ့် နောက်ဆက်တွဲ ပြဿနာတွေ ပေါ်ပေါက်လာမှာကို စိုးရိမ်မိပါတယ်ဗျာ"

ဖိုးရွှင်က...

"ကိစ္စမရှိဘူး၊ သည်ကိစ္စကို ကျုပ်ကူညီဖြေရှင်းပေးမယ်၊ မင်းရဲ့ ခန္ဓာကိုယ်ထဲ ရောက်နေတဲ့ အပူလှိုင်းအတွင်းအားတွေကိုလဲ ဘယ်လို ဖြေရှင်းရမယ်ဆိုတာ ကျုပ်လမ်းညွှန်ပေးမယ်"

လင်းကြိုင် ဝမ်းသာသွားလေသည်။

"ဟာ ဝမ်းသာလိုက်တာဗျာ၊ ကျုပ်ကို ကူညီပါ။ နောင်ကြီးကို ဆရာတင်ပါတယ်ဗျာ"

ဖိုးရွှင်က...



"မင်း တကယ်ပဲ ဆရာတင်မှာလား"

"တကယ်ပါ"

"ဒါဖြင့် ငါ့ကို ဆရာလို့ 'ခေါ်စမ်းပါဦး"

"ဟုတ်ကဲ့ ဆရာ"

လင်းကြိုင် ရှည်ရှည်ဝေးဝေး မစဉ်းစားဘဲ ဆရာဟု ခေါ်လိုက်လေသည်။ ဖိုးရွှင်က...

"ငါ့ကို ဆရာတင်ရင် ငါ့စကား နားထောင်ရလိမ့်မယ်၊ ဘယ်လိုလဲ"

"ကျွန်တော်နားထောင်ပါ့မယ်ဗျာ"

"ဒါဖြင့် ငါ့အတွက် အရက်တစ်အိုးနဲ့ အသားကင်တစ်ပွဲ အရင်မှာလိုက်ပါ"

"ဟုတ်ကဲ့"

လင်းကြိုင်က အရက်နှင့် အသားကင်တစ်ပွဲ မှာပေးလိုက်လေသည်။

ဖိုးရွှင်က စားပွဲ၌ အခန့်သားဝင်ထိုင်ကာ မြိန်ရည်ယှက်ရည် စားသောက်လိုက်လေတော့သည်။

* * *

## အပြေးအလွှား

လင်းကြိုင်နှင့် ဖိုးရွှင်တို့က အားရပါးရ စားသောက်ပြီးလျှင် ဆိုင်ထဲမှ ထွက်လာခဲ့ကြလေသည်။

ဖိုးရွှင်က...

"ငါတို့ နေဝန်းဂိုဏ်းကို သွားရမယ်၊ သူတို့ဂိုဏ်းချုပ်ကို မင်းရဲ့ ခန္ဓာကိုယ်ထဲ ရောက်နေတဲ့ အပူအတွင်းအားတွေကို ပြန်ထုတ်နိုင်းရမယ်"

ဟု ပြောလေသည်။

လင်းကြိုင်လည်း လက်ခံလိုက်သည်။

နှစ်ယောက်သား နေဝန်းဂိုဏ်းသို့ ထွက်လာစဉ် နောက်က လူတစ်စု လိုက်လာကြသည်ကို တွေ့လိုက်ရလေသည်။

လင်းကြိုင်က...

"လူသန်ကြီးတို့လူစု လိုက်လာကြဟ၊ သူတို့ ရှုံးသွားတာကို မကျေနပ်လို့ ဖြစ်မယ်"



ဖိုးရွှင်က...

"သူတို့နဲ့ ရင်ဆိုင်တာထက် ရှောင်သွားတာ ပိုကောင်းလိမ့်မယ်၊ ကဲ မြန်မြန်လာ"

လင်းကြိုင်၏လက်ကို ဆွဲခေါ်သွားလေသည်။

နှစ်ယောက်သား အပြေးတပိုင်း သွားကြရင်း မကြာပါချေ။ အရှေ့ဘက်၌ စမ်းချောင်းတစ်ခု ကာဆီးနေသည်ကို တွေ့လိုက်ရလေသည်။

မကျေမနပ် ဖြစ်နေသော လူသန်ကြီးတို့လူစုကလည်း ပြေးလိုက်လာကြပါသည်။

"ရပ်လိုက်စမ်း"

"မင်းတို့ ဘယ်ပြေးမလဲ"

လင်းကြိုင် ထိတ်လန့်သွားသည်။

"လိုက်လာကြပြီဗျ၊ ဘယ်လိုလုပ်မလဲ"

ဖိုးရွှင်က...

"မကြောက်ပါနဲ့ကွာ၊ ငါတို့ကို လိုက်လို့ မမီပါဘူး"

ပြောရင်း လင်းကြိုင်ကို လက်ဆွဲကာ စမ်းချောင်းထဲ ခုန်ဆင်းလိုက်လေသည်။

"ချောင်းတစ်ဘက်ကမ်းကို ရောက်သွားရင် ငါတို့ကို ဘယ်သူမှ မနှောင့်ယှက်နိုင်တော့ပါဘူး"

ဟုလည်း အားပေးစကား ပြောလိုက်သည်။

သို့သော်...

ချောင်းထဲ ရောက်သွားသောအခါ နှစ်ယောက်စလုံး

အထိတ်တလန့် ဖြစ်သွားကြတော့သည်။

အကြောင်းမှာ...

ချောင်းရေက အလွန်အရှိန်ပြင်းစွာ စီးဆင်းနေခြင်းကြောင့် ဖြစ်လေသည်။

"ဟင်"

"ဟာ"

ယခုတစ်ကြိမ် လင်းကြိုင်သာမက ဖုံးရှင်ပါ ထိတ်လန့်သွားလေတော့သည်။

"ငါရေမကူးတတ်ဘူးကွ"

"ကျွန်တော်လဲ မကူးတတ်ဘူး"

ထို့နောက် နှစ်ယောက်စလုံး ရေစီးသန်လှသော ချောင်းရေအတိုင်း မျောပါသွားကြလေတော့သည်။

* * *

ညမှောင်နေပြီ ဖြစ်သည်။

အမှောင်ထုသည် ဝန်းကျင်တစ်ခုလုံးအား လွှမ်းမိုးထားလိုက်ပြီ ဖြစ်လေသည်။

သို့ရာတွင်...

ကြယ်ကလေးများ အလင်းကြောင့် ပတ်ဝန်းကျင်ရှိ အရာများကို ဝိုးတဝါး တွေ့မြင်နေပေသည်။

ဖုံးရှင်နှင့် လင်းကြိုင်တို့သည် လေးလံသော ခြေလှမ်းများ



ဖြင့် လှမ်းသွားနေကြ၏။

နှစ်ယောက်သား ကံကောင်းထောက်မစွာ ရေစီးသန်လှသော စမ်းချောင်းထဲမှ လွတ်မြောက်လာခဲ့ကြခြင်း ဖြစ်လေသည်။

နောက်ဆုံး လင်းကြိုင်က မလျှောက်နိုင်တော့ဘဲ မြေပေါ်ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

"ကျွန်တော် မောနေပြီဗျ၊ ရှေ့ဆက်မသွားနိုင်တော့ဘူး"

ဖုံးရှင်က...

"ငါလဲ မောတာပေါ့၊ ဗိုက်လဲ ဆာနေပြီ၊ မင်းကော"

လင်းကြိုင်က...

"ဟာ ဆာတာပေါ့ဗျာ"

"ရေကော မငတ်ဘူးလား"

"မေးနေစရာ လိုသေးသလားဗျာ"

ဖုံးရှင်က...

"ဒါဖြင့် သည်မှာဆက်နေလို့ ဘာမှရမှာ မဟုတ်ဘူး၊ ဒါကြောင့် ရှေ့ဆက်သွားရလိမ့်မယ်"

"ကျွန်တော်က"

"မင်း ယောကျ်ား မဟုတ်ဘူးလား၊ ထစမ်းပါကွာ၊ ရှေ့ဆက်သွားရအောင်၊ ဟိုရှေ့က တောအုပ်ကို ရောက်ရင် တစ်ခုခု ထူးခြားမှာပေါ့"

"ကောင်းပါပြီဗျာ"

လင်းကြိုင် လက်ခံလိုက်ရလေသည်။

ထို့နောက် နှစ်ယောက်သား ရှေ့ဆက်သွားလိုက်ကြ၏။

မကြာပါချေ။

နှစ်ယောက်သား တောအုပ်ရှေ့သို့ ရောက်ရှိသွားကြလေတော့သည်။

* * *

ကောင်းကင်ပေါ်၌ လဝန်း ထွက်ပေါ်လာသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်လာလေသည်။

လင်းကြိုင်နှင့် ဖိုးရှင်တို့သည် တောအုပ်လေးရှေ့သို့ ရောက်ရှိလာကြပြီ ဖြစ်လေသည်။

ထိုအခါ...

ဖိုးရှင် ပြောသကဲ့သို့ လူနေအိမ်ခြေတစ်လုံးကို တွေ့လိုက်ကြရလေသည်။

အတော်ကလေး ကြီးမားသော အိမ်ဂေဟာတစ်ခု ဖြစ်လေသည်။

"ဒါဟာ ခရီးတစ်ထောက်နားတဲ့ စားသောက်ဆိုင်တစ်ခုပဲ"

ဖိုးရှင်က ပြောလိုက်လေသည်။

လင်းကြိုင်က...

"စားသောက်ဆိုင်တစ်ခု ရှိနေတယ်ဆိုတော့ သိပ်ကောင်းတာပေါ့ဗျာ"

နှစ်ယောက်သား အကဲခတ်လိုက်ကြလျှင် စားသောက်ဆိုင်



ရှေ့၌ အာမခံဌာနအလံများ၊ လက်တွန်းလှည်းများ ရှိနေသည်ကို တွေ့ရလေသည်။ ထို့အပြင်...

"ဟာ လူသေအလောင်းတွေပါလား"

လင်းကြိုင် အထိတ်တလန့် ပြောလိုက်လေသည်။

ဖိုးရှင် မျက်လုံးပြူးသွားသည်။

"ဒါ လူသတ် လုယက်ထားတာပဲ"

ဟိုဟိုသည်သည် ကြည့်လိုက်ရာ မြေပေါ်၌ ရွှေတုံးလေးတစ်ချို့ ရှိနေသည်ကို တွေ့ရလေသည်။

"ရွှေတုံးလေးတွေပါလား ပွတာပဲ"

"ဟုတ်တယ်ဗျို့"

နှစ်ယောက်သား ဝမ်းသာအားရ ဖြစ်သွားပြီး ရွှေတုံးကလေးများအား ကောက်ယူလိုက်ကြ၏။

တဖန် အချင်းချင်း ကြည့်လိုက်ကြလေသည်။

ဖိုးရှင်က...

"ရွှေတုံးကလေးတွေက အန္တရာယ်များတယ်"

"ဟုတ်တယ်"

"ငါတို့ သည့်နေရာက မြန်မြန်ထွက်သွားကြတာပေါ့"

"ကောင်းပါပြီဗျာ"

ထို့နောက် နှစ်ယောက်သား ကပျာကယာ ထွက်သွားကြလေတော့သည်။

* * *

## ငြိမ်းချမ်းကျေးရွာ

လင်းကြိုင်တို့ ထွက်သွားပြီး မကြာမီ လူနှစ်ယောက် ရောက်ရှိလာကြလေသည်။

ထိုလူနှစ်ယောက်မှာ သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားနေသော ငြိမ်းချမ်းကျေးရွာမှ ဖြစ်သည်။

ငြိမ်းချမ်းကျေးရွာပိုင်ရှင် စန္ဒကွမ်းရှောင်ထင်း၏ မွေးစားသမီး ဟုန်စွက်နှင့် စန္ဒကွမ်းရှောင်ထင်း၏ တပည့်ကြီး စုံရှမ်းတို့ ဖြစ်လေသည်။

ဟုန်စွက်တို့သည် ငြိမ်းချမ်းကျေးရွာမှ ပိုင်ဆိုင်သော ပစ္စည်းများ လုယက်တိုက်ခိုက်ခံခဲ့ရသည်ဟု သတင်းကြားသဖြင့် လိုက်လာခဲ့ကြခြင်း ဖြစ်လေသည်။

ဟုန်စွက်သည် လဲကျသေဆုံးနေကြသူများကို မြင်လျှင် ဒေါသချောင်းချောင်း ထွက်သွားလေသည်။



"တောက် ငြိမ်းချမ်းကျေးရွာကို စော်ကားရဲတာ နည်းတဲ့သတ္တိ မဟုတ်ဘူး"

စုံရှမ်းက...

"ညီမလေး သေသေချာချာကြည့်စမ်း၊ သူတို့ဟာ အဆိပ်မိပြီး သေဆုံးသွားကြတာ"

"ရန်သူက အဆိပ်နဲ့ တိုက်ခိုက်ခဲ့တာကိုး၊ ဒါဆို အဆိပ်အသုံးပြုတဲ့လူတွေ ဘယ်သူဘယ်ဝါဆိုတာ ခြေရာခံလို့ရမှာပဲ"

စုံရှမ်းက...

"သူတို့ဟာ ရေမြေ့ရှင်ဂိုဏ်းက လူတွေပဲ ဖြစ်လိမ့်မယ်"

"ရှင်"

ရေမြေ့ရှင်ဂိုဏ်းဟူသော အမည်ကြောင့် ဟုန်စွက် ထိတ်လန့်သွားလေသည်။

ရေမြေ့ရှင်ဂိုဏ်းသည် သိုင်းလောကအား လွှမ်းမိုးရန် နည်းလမ်းမျိုးစုံ အသုံးပြု၍ ကြိုးစားနေသော အလွန်ရက်စက်ကြမ်းကြုတ်သည့် လျှို့ဝှက်ဂိုဏ်း ဖြစ်ကြောင်း အားလုံးသိရှိထားကြသည် မဟုတ်ပါလား။

ရေမြေ့ရှင်ဂိုဏ်းမှာ အလွန်ကြောက်စရာကောင်းသည်ဟု ငြိမ်းချမ်းကျေးရွာပိုင်ရှင် စန္ဒကွမ်းရှောင်ထင်းကိုယ်တိုင် လက်ခံထားလေသည်။

ရေမြေ့ရှင်ဂိုဏ်းအား သတိထားရမည်ဟု သတိပေး မှာကြားထားလေသည်။

ထိုစဉ်...

လူရိပ်များက တဖြည်းဖြည်း ချဉ်းကပ်လာကြလေသည်။

ထိုလူများသည် အနက်ရောင်ဝတ်ထားပြီး ခံစားချက်မဲ့သော ဟန်အမူအရာများ ရှိနေသည်။

ထိုလူများသည် ရေမြေ့ရှင်ဂိုဏ်းသားများ ဖြစ်လေသည်။

စုံရှမ်းနှင့် ဟုန်ရွှက်တို့ သတိပြုမိသွားကြချိန်၌ ရေမြေ့ရှင်ဂိုဏ်းသားများက တိုက်ခိုက်လာကြလေတော့သည်။

"ဟိတ်"

"ယား"

စုံရှမ်းနှင့် ဟုန်ရွှက်တို့ ညာသံပေးကာ တိုက်ခိုက်လိုက်ကြလေသည်။

တိုက်ပွဲမှာ တခဏအတွင်း ပြင်းထန်စွာ ဖြစ်ပေါ်လာလေတော့သည်။

"ဝုန်း...ဝုန်း"

ရေမြေ့ရှင်ဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

စုံရှမ်းသည် ရေမြေ့ရှင်ဂိုဏ်းသားများကို ကြည့်ပြီး ထိတ်လန့်လာလေသည်။

၎င်းတို့သည် ထိခိုက်ဒဏ်ရာရသည့်တိုင် ဘာခံစားချက်မှ မရှိဘဲ ဆက်လက်တိုက်ခိုက်နေကြသည် မဟုတ်ပါလား။

ဟုန်ရွှက်လည်း ထိတ်လန့်လာသည်။

"သည်လူတွေဟာ သေရမှာလဲ မကြောက်ကြဘူး၊ ထိခိုက်ဒဏ်ရာရမှာကိုလဲ မမှုကြဘူး၊ ဘာခံစားချက်မှ မရှိကြပါလား"



စုံရှမ်းက...

"သူတို့ဟာ ဆေးဝါးတစ်မျိုးမျိုးနဲ့ ထိန်းချုပ်ခံထားရပြီး သေရမှာ မကြောက်ဘဲ တိုက်ခိုက်သတ်ဖြတ်ဖို့လောက်သာသိတဲ့ လူသတ်သမားတွေ ဖြစ်နေပြီ၊ သူတို့ လူများတယ်၊ တိုက်ခိုက်ရခက်တယ်၊ ညီမ မြန်မြန်ရှောင်တိမ်းသွားပေတော့"

အနက်ရောင်ဝတ်ထားသူများသည် ကြောက်စရာကောင်းပြီး လူများနေရကား ဟုန်ရွှက်ကို ရှောင်ခိုင်းလိုက်လေသည်။

ထိုလူများ ရှေ့မတိုးနိုင်အောင် စုံရှမ်းက ဟန့်တားထားလိုက်လေသည်။

ထိုလူများက ဝိုင်းရံတိုက်ခိုက်လာကြသဖြင့် မကြာမီ စုံရှမ်းလည်း ထိခိုက်ဒဏ်ရာရသွားလေတော့သည်။

"ညီမ မြန်မြန်ပြေး"

စုံရှမ်းက အော်ပြောလိုက်ရာ ဟုန်ရွှက်လည်း မတတ်သာတော့ဘဲ ရှောင်တိမ်းသွားရလေသည်။

သူမ မလှမ်းမကမ်းသို့ ရောက်ရှိသွားချိန်မှာပင်...

"အား"

စုံရှမ်း၏အထိတ်တလန့် အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စုံရှမ်းသည် အနက်ရောင်ဝတ်ထားသူများ၏ လက်ချက်မိကာ မြေပေါ်လဲကျသွားတော့သည်။

"အစ်ကိုကြီး"

ဟုန်ရွှက် အော်ဟစ်လိုက်လေသည်။

အနက်ရောင်ဝတ်ထားသူများသည် စုံရှမ်းအား သတ်ပစ်လိုက်ကြပြီးလျှင် ဟုန်စွက် နောက်သို့ လိုက်သွားကြလေတော့သည်။

* * *

စန့်ကွမ်းရှောင်ထင်း၏မျက်နှာ ခက်ထန်တင်းမာနေလေသည်။

စုံရှမ်း၏အလောင်းကို ကြည့်လိုက်သည်။

တဖန်...

ဝမ်းနည်းကြေကွဲနေသော ဟုန်စွက်ကို ကြည့်လိုက်လေသည်။

ဟုန်စွက်က အကျိုးအကြောင်း ရှင်းပြလိုက်၏။

စန့်ကွမ်းရှောင်ထင်းက...

"ဒါဟာ ရေမြေ့ရှင်ဂိုဏ်းရဲ့ လက်ချက်ပဲ၊ သူတို့က ကျုပ်တို့ ငြိမ်းချမ်းကျေးရွာကို စော်ကားခဲ့ကြပြီ၊ ဒါကြောင့် ခုချိန်ကစပြီး ရေမြေ့ရှင်ဂိုဏ်းဟာ ကျုပ်တို့ရဲ့ရန်သူ ဖြစ်သွားပြီ"

ထို့နောက်...

ငြိမ်းချမ်းကျေးရွာမှ သိုင်းသမားများအား ရေမြေ့ရှင်ဂိုဏ်းအား ဖော်ထုတ်ချေမှုန်းရန် တာဝန်ပေးလိုက်လေသည်။

မကြာမီ...

ငြိမ်းချမ်းကျေးရွာသည် ရေမြေ့ရှင်ဂိုဏ်းအား ရန်သူဟု သတ်မှတ်ကာ ဖော်ထုတ်ချေမှုန်းမည် ဖြစ်ကြောင်း သိုင်းလောကတစ်ခုလုံး သိရှိသွားကြလေတော့သည်။



သိုင်းလောကသားများက ငြိမ်းချမ်းကျေးရွာ၏ ကျေညာချက်ကို ဝမ်းသာအားရ ကြိုဆိုကြသည်။

ငြိမ်းချမ်းကျေးရွာနှင့် လက်တွဲကာ ရေမြေ့ရှင်ဂိုဏ်းအား ဖော်ထုတ်ချေမှုန်းမည်ဟု ကမ်းလှမ်းလာကြ၏။

သို့ဖြင့်...

ငြိမ်းချမ်းကျေးရွာသည် သိုင်းလောက အန္တရာယ်ကို ရင်ဆိုင်ချေမှုန်းရာ၌ အလွန်အရေးပါ အရာရောက်လာခဲ့တော့သည်။

သိုင်းလောကနှင့် ခပ်ကင်းကင်းနေပြီး မာနကြီးလှသော စန့်ကွမ်းရှောင်ထင်းသည်လည်း သိုင်းလောကတစ်ခုလုံး ကြည်ညိုလေးစားရသည့် ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်လာခဲ့ရလေတော့သည်။

* * *

## လမ်းခွဲ

လင်းကြိုင်နှင့် ဖုံးရှင်တို့သည် ရွှေတုံးကလေးများ ရရှိပြီးနောက် ထွက်ပြေးလာကြရင်း လူချင်းကွဲသွားလေသည်။

လင်းကြိုင်က မြို့ကလေးတစ်မြို့သို့ ရောက်လျှင် ရွှေတုံးကလေးများအား ရောင်းချလိုက်ပြီး ပျော်ပျော်ပါးပါး စားသောက်သုံးဖြုန်းနေလိုက်လေသည်။

သို့ဖြင့် တစ်နေ့တွင် ဒုက္ခရောက်နေသော မိန်းကလေးတစ်ယောက်အား ကူညီခဲ့ရသည်။

အရက်ကြိုက်သော အဘိုးအိုတစ်ယောက်နှင့် ခင်မင်ရင်းနှီးခဲ့ရလေသည်။

အရက်ကြိုက်သော အဘိုးအိုမှာ လေလွင့်ဂိုဏ်းချုပ် မေရှောင်ထင်း ဖြစ်ပြီး မိန်းကလေးမှာ မေရှောင်ထင်း၏ မွေးစားသမီးမေကျင်း ဖြစ်လေသည်။



လေလွင့်ဂိုဏ်းသည် သိုင်းလောက၌ ထင်ရှားသော ဂိုဏ်းတစ်ခုဖြစ်ပြီး ရေမြေ့ရှင်ဂိုဏ်းအကြောင်း လိုက်လံစုံစမ်းနေကြခြင်းဖြစ်လေသည်။

လေလွင့်ဂိုဏ်းချုပ် မေရှောင်ထင်းက...

"မောင်ရင်လေး ကျုပ်တို့ဂိုဏ်းကို အချိန်မရွေး လာရောက်လည်ပတ်နိုင်ပါတယ်"

ဟု ဖိတ်ခေါ်ခဲ့လေသည်။

လင်းကြိုင်က မေရှောင်ထင်းတို့နှင့် လမ်းခွဲပြီးနောက် တစ်ယောက်ထဲ ထွက်လာစဉ် လူနှစ်ယောက်က တိတ်တဆိတ် နောက်ရောင်ခံလိုက်လာသည်ကို သတိပြုမိလိုက်လေသည်။

လင်းကြိုင်က...

"ဘာကြောင့် ငါ့နောက်ကို နောက်ရောင်ခံလိုက်လာကြတာပါလိမ့်"

သူတွေးတောနေစဉ်မှာပင် ထိုလူနှစ်ယောက်က သူ့အနီးသို့ရောက်ရှိလာကြလေသည်။

မိန်းမချောလေးဟုန်ရွက်နှင့် ချူးရှောင်တို့ ဖြစ်သည်။

ချူးရှောင်သည် ငြိမ်းချမ်းကျေးရွာပိုင်ရှင် စန့်ကွမ်းရှောင်ထင်း အားထားရသော ဒုတိယတပည့် ဖြစ်လေသည်။

ချူးရှောင်က...

"မိတ်ဆွေက သည်ရွှေတုံးကလေးကို သိမယ် ထင်ပါတယ်ဗျာ"

ရွှေတုံးလေးတစ်တုံးကို ထုတ်ပြကာ ပြောလေသည်။

လင်းကြိုင်က...

"ဒါက"

"မိတ်ဆွေက သည်ရွှေတုံးကလေးကို ရွှေဆိုင်မှာ ရောင်းချသွားတယ်လို့ သိရပါတယ်"

"ဟုတ်ပါတယ်ဗျာ"

လင်းကြိုင် ရွှေတုံးကလေးများ မမျှော်လင့်ဘဲ ရရှိခဲ့ပုံကို ပြောပြလိုက်လေသည်။

ချူးရှောင်နှင့် ဟုန်စွက်တို့ အချင်းချင်း ကြည့်လိုက်ကြ၏။

ချူးရှောင်က...

"ညီမ ဘယ်လို သဘောရသလဲ"

ဟု မေးလိုက်သည်။

ဟုန်စွက်က...

"သူအမှန်အတိုင်း ပြောတာပါ၊ သူဟာ ရေမြေ့ရှင်ဂိုဏ်းက မဟုတ်ပါဘူး"

ချူးရှောင်က...

"ဒါဖြင့် ရွှေတုံးကလေးတစ်ချို့ကို သူယူသွားပြီး ရောင်းစားခဲ့တာကိုကော"

ဟုန်စွက်က...

"သူ့ကို ဖေဖေ့ဆီကို ခေါ်သွားကြတာပေါ့"

"ကောင်းပြီ"

ချူးရှောင်က...



"မိတ်ဆွေ ကျုပ်တို့နဲ့ လိုက်ခဲ့ပါ"

"ဗျာ"

လင်းကြိုင် နောက်ဆုတ်လိုက်လေသည်။

ထိုစဉ်...

"ဘာများ ဖြစ်လို့လဲရှင်"

မေးမြန်းသံနှင့်အတူ မိန်းလေးတစ်ယောက် ရောက်ရှိလာလေသည်။

မိန်းကလေးမှာ လေလွင့်ဂိုဏ်းချုပ် မေရှောင်ထင်း၏ မွေးစားသမီး မေကျင်း ဖြစ်လေသည်။

လင်းကြိုင်က...

"ညီမ ကျုပ်က မမျှော်လင့်ဘဲ ရွှေတုံးကလေးတွေ.."

သူက စကားဆုံးအောင် မပြောဘဲ ထွက်ပြေးသွားတော့သည်။

"မပြေးနဲ့"

ချူးရှောင်နှင့် ဟုန်စွက်တို့လည်း ပြေးလိုက်သွားကြလေတော့သည်။

မေကျင်း ကြောင်အမ်းအမ်းဖြင့် ကျန်ရစ်ခဲ့တော့သည်။

* * *

လင်းကြိုင်သည် တဟုန်ထိုး ထွက်ပြေးသွားရင်း ရုတ်တရက် လူတစ်ယောက်နှင့် ဝင်တိုက်မိလိုက်လေသည်။

သေသေချာချာ ကြည့်လိုက်သောအခါ ထိုလူမှာ သူနှင့် လမ်းခွဲခဲ့သော ဖိုးရှင် ဖြစ်နေသည်ကို တွေ့ရ၏။

"မင်းကိုး"

"ခင်ဗျားကိုး"

"နေပါဦး၊ မင်း ဘယ်လို ဖြစ်လာတာလဲ"

"ကျုပ်တော့ ဒုက္ခရောက်နေပြီ"

လင်းကြိုင်က ရရှိခဲ့သော ရွှေတုံးကလေးများအား ရောင်းစားခဲ့သဖြင့် ငြိမ်းချမ်းကျေးရွာမှ လူများက သူ့အား လိုက်လံဖမ်းဆီးနေကြောင်း ပြောပြလိုက်၏။

"ဟား...ဟား...ဟား"

ဖိုးရှင် တဟားဟား ရယ်မောလိုက်လေသည်။

"မင်းဒုက္ခရောက်နေပြီကိုး၊ ကောင်းပြီ၊ ငါ့ကို ဆရာတင်ရင် မင်းကို ကူညီမယ်"

"ကောင်းပါပြီဗျာ"

လင်းကြိုင်က ရှည်ရှည်ဝေးဝေး မစဉ်းစားဘဲ သဘောတူလိုက်လေသည်။

ထိုစဉ်...

"မင်း ဘယ်ပြေးမလဲ"

ချူးရောင်နှင့် ဟုန်ရွက်တို့ ပြေးလွှားရောက်ရှိလာကြ၏။

လင်းကြိုင်က...



"ဒုက္ခပါပဲဗျာ"

ဟု ညည်းတွားလိုက်လေသည်။

ဖိုးရှင်က...

"သိပ်ပြီး စိတ်ပူမနေပါနဲ့ကွာ၊ မင်းကို ကူညီမယ့်လူ ရှိပါတယ်"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် အဘိုးအိုတစ်ယောက် ရောက်ရှိလာလေသည်။

ထိုအဘိုးအိုမှာ လေလွင့်ဂိုဏ်းချုပ် မေရှောင်ထင်း ဖြစ်လေသည်။

မေရှောင်ထင်းက...

"လင်းကြိုင်၊ မင်း ဘာဖြစ်နေတာလဲ"

လင်းကြိုင်က...

"ကျွန်တော်ဒုက္ခရောက်နေပြီဗျ"

သူက အကျိုးအကြောင်း ရှင်းပြလိုက်လေသည်။

သူ၏စကားဆုံးလျှင် မေရှောင်ထင်းက ဟုန်ရွက်တို့ဘက်သို့ လှည့်လိုက်လေသည်။

"သူက ငြိမ်းချမ်းကျေးရွာကို တမင် ဒုက္ခပေးခဲ့တာ မဟုတ်ပါဘူး၊ ဒါကြောင့် သူ့ကို ခွင့်လွှတ်လိုက်ဖို့ တောင်းပန်ပါတယ်"

ဟုန်ရွက်က...

"ဂိုဏ်းချုပ်ကြီးရဲ့ မျက်နှာကို ထောက်ထားပြီး ကျွန်မခွင့်လွှတ်လိုက်ပါ့မယ်"

မေရှောင်ထင်းက...

"ကျေးဇူးပဲ၊ မင်းတို့က ရေမြေ့ရှင်ဂိုဏ်း အကြောင်း လိုက်ပြီး စုံစမ်းနေတယ်ဆိုရင် ကျုပ်နဲ့ လိုက်ခဲ့ကြပါလား။ ကျုပ်ရဲ့ ဂိုဏ်းသားတွေက သတင်းတစ်ချို့ ရထားတယ်၊ အေးအေးဆေးဆေး တိုင်ပင်ဆွေးနွေးကြတာပေါ့"

"ကောင်းပါပြီရှင်"

ဟုန်စွက်က သဘောတူလိုက်လေသည်။

မေရှောင်ထင်းက...

"မင်းတို့လဲ လိုက်ခဲ့ကြပါ"

"ဟုတ်ကဲ့"

လင်းကြိုင်လည်း သဘောတူလိုက်ရလေသည်။

* * *



သတင်း

လေလွင့်ဂိုဏ်း...။

လေလွင့်ဂိုဏ်းသည် ရေမြေ့ရှင်ဂိုဏ်း၏ သတင်းတစ်ချို့ကို စုံစမ်းသိရှိခဲ့ကြလေသည်။

ဂိုဏ်းချုပ်မေရှောင်ထင်း ရောက်လာသောအခါ အရေးပါသော ခေါင်းဆောင်များနှင့်အတူ တိုင်ပင်ဆွေးနွေးလိုက်ကြလေသည်။

"နယ်ခြားက သိုင်းသမားဆိုးသုံးယောက်က ရေမြေ့ရှင်ဂိုဏ်းကို ဦးဆောင်ပြီး သိုင်းလောကကို ဖျက်ဆီးဖို့ ကြိုးစားနေကြတာပါ"

"နယ်ခြားသိုင်းသမားသုံးယောက်ကို နောက်ကွယ်ကနေ ချုပ်ကိုင်ခိုင်းစေနေတဲ့ လူတစ်ယောက် ရှိနေပါတယ်"

"သူတို့ဟာ သချိုင်းပျက်တစ်ခုကို ယာယီစခန်းအဖြစ် အသုံးပြုနေကြတယ်လို့ သိရပါတယ်"

ရေမြေ့ရှင်ဂိုဏ်းနှင့် ပတ်သက်၍ စုံစမ်းသိရှိထားရသမျှ အစီရင်ခံကြလေသည်။

မေရှောင်ထင်းက...

"ကျုပ်တို့က နေဝန်းဂိုဏ်းကို အကူအညီတောင်းပြီး ရေမြေ့ရှင်ဂိုဏ်းကို ချေမှုန်းကြတာပေါ့"

ဟုန်စွက်က...

"ကျွန်မတို့လဲ ငြိမ်းချမ်းကျေးရွာကို ပြန်ပြီး ဖေဖေ့ကို အကျိုးအကြောင်း ပြောပြပြီး ဂိုဏ်းချုပ်ကြီးတို့နဲ့ လက်တွဲဆောင်ရွက်ပါ့မယ်"

ဟု ပြောပြီး ချူးရှောင်ကို ခေါ်ကာ ပြန်သွားလေသည်။

မေရှောင်ထင်းက လင်းကြိုင်နှင့် ဖုံးရွှင်ကို ခေါ်ကာ နေဝန်းဂိုဏ်းသို့ သွားရောက်အကူအညီတောင်းလေသည်။

* * *

နေဝန်းဂိုဏ်းသည် အင်အားတောင့်တင်းပြီး ထိပ်တန်းသိုင်းပညာရှိသော ဂိုဏ်းတစ်ခု ဖြစ်လေသည်။

နေဝန်းဂိုဏ်းချုပ်သည် မေရှောင်ထင်းက အကူအညီတောင်းလျှင် ကူညီမည်ဟု ကတိပေးလေသည်။

ထို့အပြင် လင်းကြိုင်ကိုလည်း အလွန်စိတ်ဝင်စားနေပါတော့သည်။

"မောင်ရင်လေးဟာ ကျုပ်တို့ နေဝန်းဂိုဏ်းက ဒုဂိုဏ်းချုပ်နဲ့ ပတ်သက်ခဲ့တဲ့ လူငယ် ဖြစ်မယ် ထင်တယ်"



"ဗျာ"

"မောင်ရင်လေးရဲ့ မျက်လုံးကို ကြည့်တာနဲ့ ခန္ဓာကိုယ်ထဲမှာ ကျုပ်တို့ဂိုဏ်းရဲ့ အစွမ်းအထက်ဆုံး အတွင်းအားပညာ ဖြစ်တဲ့ နေဝန်းအတွင်းအားပညာကို ရထားတယ် ထင်တယ်"

လင်းကြိုင် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး ဂိုဏ်းချုပ်ကြီး"

နေဝန်းဂိုဏ်းချုပ်က...

"ကျုပ်တို့ ဒုဂိုဏ်းချုပ်ဟာ ရေမြေ့ရှင်ဂိုဏ်းက ကဝေမယ့်နောက်ကို လိုက်ရင်း အငိုက်မိပြီး ဒုက္ခရောက်ခဲ့ရတာ"

လင်းကြိုင်နှင့် ဖုံးရွှင်တို့ အချင်းချင်း ကြည့်လိုက်ကြ၏။

လင်းကြိုင်က ထူးဆန်းသော အဘိုးအိုတစ်ယောက်နှင့် ဆုံတွေ့ခဲ့ရပုံကို ဖုံးရွှင်အား ပြောပြထားခဲ့သည်။

ဖုံးရွှင်က လင်းကြိုင်၏သွေးကြောများကို စမ်းသပ်ရင်း နေဝန်းဂိုဏ်းမှ အပူအတွင်းအားပညာ ဖြစ်နိုင်သည်ဟု ပြောဖူးလေသည်။

ဖုံးရွှင်က ဦးညွှတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးပြောတာ မှန်ပါတယ်၊ သူဟာ"

ဒုဂိုဏ်းချုပ်နှင့် တွေ့ဆုံခဲ့သည်ကို ကြားဝင်ပြောပြလိုက်လေသည်။

နေဝန်းဂိုဏ်းချုပ်က...

"နေဝန်းအတွင်းအားပညာကို ဒုဂိုဏ်းချုပ်တစ်ယောက်ထဲပဲ

လေ့ကျင့်အောင်မြင်ခဲ့တာပါ၊ သည်အတွင်းအားပညာကို ရလိုက်တာ မောင်ရင်လေး အင်မတန် ကံကောင်းပါတယ်၊ ဒါပေမယ့် အတွင်းအားကို ထိန်းချုပ်ပြီး အသုံးမချတူးဆိုရင် ရောဂါဝေဒနာ စွဲကပ်သွားလိမ့်မယ်"

"ဗျာ"

လင်းကြိုင် ထိတ်လန့်သွားလေသည်။

နေဝန်းဂိုဏ်းချုပ်က...

"မောင်ရင်လေးအနေနဲ့ အတွင်းအားကို ထိန်းချုပ်ပြီး အသုံးချနိုင်အောင် လိုအပ်တဲ့ လေ့ကျင့်မှုတွေကို ကျူပ်သင်ကြားပေးလိုက်ပါ့မယ်"

သိုင်းပညာ မသင်လိုသော လင်းကြိုင်သည် ရောဂါဝေဒနာ စွဲကပ်မည်ကို ကြောက်ရွံ့ကာ လက်ခံလိုက်ရလေတော့သည်။

* * *

နေဝန်းဂိုဏ်းမှ သိုင်းသမားများ၊ လေလွင့်ဂိုဏ်းမှ သိုင်းသမားများ ပူးပေါင်းကာ သတင်းရထားသည့်အတိုင်း သန်ချိုင်းဟောင်းဆီသို့ သွားခဲ့ကြလေသည်။

သန်ချိုင်းဟောင်း အနီးပတ်ဝန်းကျင်၌ သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းလျက် ရှိလေသည်။

မေရှောင်ထင်း ဦးဆောင်သော လူစုသည် သစ်ပင်ချုံနွယ်များကြားမှ ဖြတ်ကာ သန်ချိုင်းမြေကို ဝိုင်းရံထားလိုက်ကြလေသည်။



သန်ချိုင်းဟောင်းထဲ၌ အဆောက်အဦးပျက်တစ်လုံး ရှိနေပါသည်။

ဖုံးရှင်က...

"သည်အဆောက်အဦးထဲမှာ ရေမြေ့ရှင်ဂိုဏ်းက လူတွေ ရှိနေနိုင်တယ်"

လင်းကြိုင်က...

"ကျွန်တော်တို့ တိုက်ပွဲမဖြစ်ခင် ထွက်ပြေးသွားကြရင် မကောင်းဘူးလား"

ထိုစဉ်...

လေလွင့်ဂိုဏ်းမှ သိုင်းသမားတစ်ယောက်က အဆောက်အဦးအတွင်းသို့ ဦးစွာ ဝင်ရောက်သွားပြီး အခြေအနေ အကဲခတ်လိုက်လေသည်။

မကြာပါချေ။

ထိုသိုင်းသမားသည် အဆောက်အဦးထဲမှ ပြန်ထွက်လာပြီး မေရှောင်ထင်းအား အစီရင်ခံလိုက်လေသည်။

"အဆောက်အဦးထဲမှာ လူသူတစ်ယောက်မှ မရှိပါဘူး၊ အခေါင်းတွေပဲ တွေ့ခဲ့ရပါတယ်"

ထိုအချိန်မှာပင် အခြားသိုင်းသမားတစ်ယောက်လည်း ရောက်ရှိလာပြီး အစီရင်ခံလေသည်။

"သန်ချိုင်းမြေထဲမှာလဲ လူသူ မတွေ့ခဲ့ရပါဘူး"

မေရှောင်ထင်း အံ့ဩသွား၏။

"သည်နေရာမှာ ရေမြေ့ရှင်ဂိုဏ်းကလူတွေ စခန်းချနေ

တယ်လို့ တိတိကျကျ သတင်းရထားတာပဲ၊ ကောင်းပြီ၊ အားလုံး သတိဝီရိယ ရှိကြပါ၊ အဆောက်အဦးထဲကို ကျုပ်ဝင်ကြည့်လိုက်မယ်"

မေရှောင်ထင်းက လင်းကြိုင်ကိုပါ လိုက်ခဲ့ဖို့ ခေါ်သဖြင့် လင်းကြိုင် လိုက်သွားရာ ဖုံးရှွင်လည်း မနေနိုင်တော့ဘဲ လိုက်သွားရလေတော့သည်။

အဆောက်အဦးအတွင်း၌ အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

နံရံများအနီး၌ အစီအရီချထားသော အခေါင်းများက ကြက်သီးထစရာ ကောင်းလှပါတော့သည်။

"အတော် ကျက်သရေကင်းမဲ့တဲ့ နေရာပဲ"

လင်းကြိုင်က ပြန်ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

"အခေါင်းတွေကို စစ်ဆေးကြည့်ကြသေးတာပေါ့"

မေရှောင်ထင်းက အခေါင်းများအနီးသို့ ချဉ်းကပ်သွားသဖြင့် လင်းကြိုင်လည်း လိုက်သွားရလေသည်။

မေရှောင်ထင်းက...

"အခေါင်းတွေက အကောင်းအတိုင်း ရှိနေသေးတာပဲ"

ဟု ပြောကာ အခေါင်းတစ်လုံးကို အဖုံးဖွင့်လိုက်လေသည်။

အခေါင်းထဲ၌ ဘာမှ မရှိဘဲ ဟောင်းလောင်းဖြစ်နေပါသည်။

မေရှောင်ထင်းက...

"မင်း ဘယ်လိုသဘောရသလဲ"

ဟု မေးလေသည်။



လင်းကြိုင် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မပြောတတ်ဘူး"

မေရှောင်ထင်းက...

"သည်နေရာဟာ ထူးခြားတဲ့ နေရာတစ်ခုဆိုတာတော့ သေချာတယ်"

"ဟုတ်ပါတယ်"

"ကျုပ်တို့က.."

သူစကားဆုံးအောင် မပြောလိုက်ရပါ။

အပြင်ဘက်မှ ဆူဆူညံညံ အသံများနှင့်အတူ တိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။

"ရန်သူ..ရန်သူ"

"ရေမြေ့ရှင်ဂိုဏ်းသားတွေဟေ့"

"တိုက်ကြ"

ကြားလိုက်ရသော အသံများကြောင့် မေရှောင်ထင်း မနေနိုင်တော့ဘဲ...

"လာကြ"

လင်းကြိုင်နှင့် ဖုံးရှွင်ကို ခေါ်ကာ ပြေးထွက်သွားလေသည်။

ဖုံးရှွင်က လိုက်သွား၏။

လင်းကြိုင်ကား လိုက်မသွားပါ။

အခေါင်းတစ်ခုထဲ ဝင်ပုန်းနေလိုက်လေတော့သည်။

* * *

## လှို့ဝှက်ချက်

မေရှောင်ထင်းနှင့် ဖုံးရှင်တို့ အပြင်ဘက် ရောက်သွားလျှင် လင်းကြိုင်က အခေါင်းတစ်လုံးထဲ ဝင်ပုန်းနေလိုက်လေသည်။

သို့သော်...

အခေါင်းထဲ ရောက်သွားသည်နှင့် အခက်ကြုံသွားရလေတော့သည်။

အခေါင်းပျဉ်ချပ်မှာ ခန္ဓာကိုယ် အလေးချိန်ကြောင့် အောက်ဘက်သို့ နိမ့်ဝင်သွားပြီး အပေါက်ပေါင်းလောင်း ဖြစ်သွားတော့သည်။

ဤတွင် အခေါင်းထဲရောက်နေသည့် လင်းကြိုင်လည်း အောက်ဘက်သို့ ပြုတ်ကျသွားတော့သည်။

"ဝုန်း"

လင်းကြိုင်သည် လေးဘက်လေးတန် အုတ်နံရံကာထားသော မြေတိုက်ခန်းထဲသို့ ရောက်ရှိသွားတော့သည်။



ထို့အတူ...

"ကျွိ"

အခေါင်းပျဉ်ချပ်က အပေါ်သို့ ထိုးတက်ကာ အဖုံးပြန်ပိတ်ပြီးသား ဖြစ်သွားလေတော့သည်။

* * *

လင်းကြိုင် အထိတ်ကလန့် ဖြစ်နေသည်။

မြေတိုက်ခန်းထဲ၌ ပိတ်မိသွားပြီ မဟုတ်ပါလား။

"ဒုက္ခပဲ၊ ငါ ဘယ်လိုပြန်ထွက်ရပါ့မလဲ"

ဟု ညည်းတွားလိုက်လေသည်။

ထိုစဉ်...

"မင်းက ပြန်ထွက်သွားချင်ရင် ငါကူညီပါ့မယ်"

အဘိုးအိုတစ်ယောက်၏ အေးစိမ့်သောစကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လင်းကြိုင် သတိထား ကြည့်လိုက်ရာ နံရံအနီး၌ ထိုင်နေသော အဘိုးအိုတစ်ယောက် ရှိနေသည်ကို တွေ့ရလေသည်။

ထိုအဘိုးအို၏ ခြေလက်များ၌ သံကြိုးများ ချည်နှောင်ထားသည်ကို တွေ့ရလေသည်။

ထိုအဘိုးအိုအား တစ်စုံတစ်ယောက်က ဖမ်းဆီးချုပ်နှောင်ထားခြင်း ဖြစ်ကြောင်း ထင်ရှားလေသည်။

လင်းကြိုင်က ဦးညွှတ်လိုက်သည်။

"ကျွန်တော်က လင်းကြိုင်ပါ၊ သည်နေရာက ထွက်သွားချင်ပါတယ်၊ ကျွန်တော့်ကို ကူညီဖို့ မေတ္တာရပ်ခံပါတယ်ဗျာ"

အဘိုးအိုက...

"ငါကူညီပေးပါ့မယ်၊ ဒါပေမယ့် ငါ့စကားကို တသွေမတိမ်း နားထောင်ရလိမ့်မယ်"

"စိတ်ချပါ၊ ကျွန်တော်နားထောင်ပါ့မယ်"

"ကဲ ငါ့အနားလာခဲ့"

"ဟုတ်ကဲ့"

လင်းကြိုင်က အဘိုးအို အနီးသို့ ချဉ်းကပ်သွားလိုက်လေသည်။

အဘိုးအိုမှာ အသက်ရှစ်ဆယ်ခန့်ရှိပြီ ထင်ရ၏။

ယခုကဲ့သို့ ဖမ်းဆီးချုပ်နှောင်ခံနေရသည်မှာလည်း နှစ်ပေါင်း အတော်ကြာပြီ ထင်ရလေသည်။

"ဘဘက"

လင်းကြိုင်က အဘိုးအို အကြောင်း မေးမြန်းစုံစမ်းရန် ဟန်ပြင်လိုက်လေသည်။

"ရှူး တိုးတိုး"

အဘိုးအိုက အသံမထွက်ဘဲ ဘိတ်တိတ်ဘ်နေဖို့ တားမြစ်လိုက်လေသည်။

လင်းကြိုင် ငြိမ်နေလိုက်သည်။

ရုတ်တရက် ကျောက်နံရံတစ်ဘက်မှ စကားသံများ ထွက်ပေါ်လာလေသည်။



"သိုင်းလောကသားတွေ လာပြီး တိုက်ခိုက်နေကြပြီ၊ ဘယ်လိုလုပ်မလဲ"

"ကျုပ်တို့လူတွေလဲ ပြန်ပြီးတိုက်ခိုက်နေကြပြီ မဟုတ် လား"

"ဒါပေမယ့် အရေးနိမ့်နေကြတယ်ရှင့်"

"ထားလိုက်၊ သည်အတိုင်း ထားလိုက်"

"ဘာဖြစ်လို့လဲ"

"ခုချိန်ထွက်ပြီး တိုက်ခိုက်ရင် ကျုပ်တို့ပါ ဒုက္ခရောက်သွားလိမ့်မယ်"

"ဪ"

စကားသံများ ခေတ္တရပ်တန့်သွားပြီးနောက် ပြန်လည်ထွက်ပေါ်လာလေသည်။

အမျိုးသမီးတစ်ယောက်နှင့် အမျိုးသားနှစ်ယောက် ပြောဆိုနေကြခြင်း ဖြစ်လေသည်။

"တော်ကြာ သိုင်းလောကသားတွေ အနိုင်ရသွားပြီး သချိုင်းမြေအနှံ့ လိုက်ရှာကြမယ်ဆိုရင်ကော"

"အင်း ကျုပ်တို့ သည်မှာ ဆက်နေတာထက် လောလောဆယ် ရှောင်တိမ်းသွားကြတာ ကောင်းမယ်"

"ဟုတ်တယ် သွားကြတာပေါ့"

ထို့နောက် ခြေသံများ ပျောက်ကွယ်သွားပြီး စကားသံများကိုလည်း မကြားရတော့ချေ။

အဘိုးအိုက...

"သူတို့ ထွက်သွားပြီ"

လင်းကြိုင်က...

"သူတို့က ဘယ်သူတွေလဲ"

အဘိုးအိုက...

"ရေမြေ့ရှင်ဂိုဏ်းက ခေါင်းဆောင်သုံးယောက်ပဲ၊ ဘီလူးမည်း၊ ဘီလူးဖြူနဲ့ ကဝေမယ်တို့ပဲကွဲ့"

"ဗျာ"

လင်းကြိုင် ထိတ်လန့်သွားလေသည်။

သူသည် မမျှော်လင့်ဘဲ သိုင်းလောကသားများနှင့် ပတ်သက်ခဲ့ရပြီး သိုင်းလောကသားများ အကြောင်း၊ သိုင်းလောက၌ ဖြစ်ပေါ်နေသော ပြဿနာများအကြောင်း သိနေရပြီ ဖြစ်လေသည်။

နယ်ခြားသိုင်းသမားသုံးယောက်အကြောင်းလည်း သိထားပြီး ဖြစ်သည်။

ဖုံးရှင် ပြောပြသဖြင့် ကဝေမယ်ကို ကယ်တင်ခဲ့ကြောင်းလည်း သိထားပြီး ဖြစ်လေသည်။

"သည်နေရာဟာ ရေမြေ့ရှင်ဂိုဏ်းရဲ့ နေရာတစ်ခုဆိုတာ အမှန်ပဲပေါ့"

"ဟုတ်တယ်"

"ဘဘက ဘယ်လိုဖြစ်ပြီး ခုလိုအဖမ်းခံနေရတာလဲ ခင်ဗျာ"

လင်းကြိုင်က မေးလိုက်လေသည်။

အဘိုးအိုက...

"ငါ့မှာ တပည့်နှစ်ယောက် ရှိတယ်၊ ငါ့ရဲ့တပည့်ကြီးက



သစ္စာဖောက်ပြီး ငါ့ကို ဖမ်းဆီးထားခဲ့တာလေ"

"သူက ဘာကြောင့် သစ္စာဖောက်ခဲ့တာလဲဗျာ"

"သူ့ရဲ့စိတ်ဓာတ်ကို သဘောမကျလို့ ငါက ပညာကုန်သင်မပေးလို့ပေါ့"

လင်းကြိုင် စိတ်မကောင်း ဖြစ်သွားလေသည်။

"တော်တော် ရက်စက်တဲ့လူပဲ"

အဘိုးအိုက...

"မင်းနဲ့ ခုလိုတွေ့ရတာ ငါ့အတွက် သိပ်ကံကောင်းသွားတယ်၊ မင်းကို ငါကူညီမယ်၊ မင်းကလဲ ငါ့ကို ပြန်ကူညီမယ် မဟုတ်လား"

လင်းကြိုင် ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ ကူညီပါ့မယ်"

"ဝမ်းသာလိုက်တာကွာ၊ မင်း သည်က ထွက်သွားပြီးတာနဲ့ လုကျန်းဖုံးဆိုတဲ့လူတစ်ယောက်ကို လိုက်ရှာပါ"

"ဟုတ်ကဲ့"

"လုကျန်းဖုံးဟာ ငါ့ရဲ့ဒုတိယတပည့်ပဲ၊ သူ့ကို ငါ့အကြောင်း ပြောပြလိုက်ပါ။ ငါ့ကို ပထမတပည့်က အကောက်ကြံခဲ့တယ်၊ ဖမ်းဆီးအကျဉ်းချထားတယ်ဆိုတာ ပြောပါ"

"ဟုတ်ကဲ့"

လင်းကြိုင်က လုကျန်းဖုံးဆိုသော အမည်ကို သေသေချာချာ မှတ်သားထားလိုက်လေသည်။

ထို့အပြင်...

"ဘဘကို ဒုက္ခပေးခဲ့တဲ့ ပထမတပည့်က ဘယ်သူများလဲဗျာ"

ဟု မေးလိုက်လေသည်။

အဘိုးအိုက...

"သူဟာ စန္ဒကွမ်းရှောင်ထင်းပဲ"

လင်းကြိုင် မျက်မှောင်ကုပ်သွားလေသည်။

"သည်နာမည်ကို ကျွန်တော်ကြားဖူးပါတယ်၊ ငြိမ်းချမ်းကျေးရွာပိုင်ရှင်များလားဗျာ"

အဘိုးအိုက...

"ခုချိန်မှာ သူဟာ အဖွဲ့အစည်းတစ်ခု ထူထောင်ထားပြီး သိုင်းလောကကို လွှမ်းမိုးဖို့ ကြိုးစားနေတယ်လို့တော့ သူပြောတဲ့ စကားအရ ငါသိခဲ့ရတယ်"

လင်းကြိုင်က...

"စောစောက လူသုံးယောက်ကကော သူနဲ့ ပတ်သက်နေတာပဲလား"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ နယ်ခြားလူဆိုးသုံးယောက်ဟာ စန္ဒကွမ်းရှောင်ထင်းရဲ့ စကားကို နားထောင်ရတယ်၊ သူခိုင်းသမျှ လုပ်ကိုင်ဆောင်ရွက်ပေးရတယ်"

လင်းကြိုင်က...

"ဒါဆို ဘဘရဲ့ တပည့်ကြီးဟာ ရေမြေ့ရှင်ဂိုဏ်းချုပ်ဆိုတာ သေချာနေပါပြီ"



အဘိုးအိုက...

"သူက လူတွေကို ဆေးခတ်ပြီး သူခိုင်းသမျှ လုပ်ပေးရအောင် လုပ်ထားတာ၊ သူဆေးခတ်ထားတဲ့ လူတွေဟာ အသိဉာဏ်ကင်းမဲ့သွားပြီး သေရမှာ မကြောက်တဲ့ လူတွေ ဖြစ်လာတယ်"

"ဟုတ်ပါပြီ"

လင်းကြိုင် လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

ရေမြေ့ရှင်ဂိုဏ်းချုပ်မှာ အဘိုးအို၏တပည့် စန္ဒကွမ်းရှောင်ထင်း ဖြစ်ကြောင်း သေချာသွား၏။

သို့သော်...

အဘိုးအို၏တပည့် စန္ဒကွမ်းရှောင်ထင်းနှင့် ငြိမ်းချမ်းကျေးရွာပိုင်ရှင် စန္ဒကွမ်းရှောင်ထင်းတို့မှာ တစ်ယောက်ထဲ ဟုတ်မဟုတ် မသေချာသေးပါ။

ထိုကိစ္စကို စုံစမ်းဖော်ထုတ်သွားရန် လင်းကြိုင် ဆုံးဖြတ်လိုက်လေသည်။

ဟုန်ရွက်၏မျက်နှာလေးကိုလည်း မြင်ယောင်လာလေသည်။

သူတို့နှစ်ယောက်သည် ယခင်ကလို မဟုတ်တော့ဘဲ ရင်းနှီးလာကြပြီ ဖြစ်သည်။

ဖွင့်မပြောကြသော်လည်း တစ်ယောက်ကိုတစ်ယောက် သံယောဇဉ် ငြိတွယ်နေကြပြီ ဖြစ်လေသည်။

"ကျွန်တော် သည်နေရာက ဘယ်လို ထွက်သွားရမလဲဗျာ"

ဟု မေးလိုက်လေသည်။

အဘိုးအိုက...

"မင်းက သံမဏိလက်ညှိုးပညာ တတ်မြောက်ရင် အချိန်မရွေး ထွက်သွားလို့ ရပါပြီ"

"ဗျာ"

"မပူနဲ့ သည်ပညာ မင်းကို ငါသင်ပေးလိုက်ပါ့မယ်"

လင်းကြိုင် သက်ပြင်းချလိုက်ရလေတော့သည်။

* * *

လင်းကြိုင်...။

လင်းကြိုင်သည် သိုင်းပညာ မသင်လို၍ အိမ်မှ ထွက်လာခဲ့သူ ဖြစ်လေသည်။

သို့သော်...

သိုင်းလောကထဲသို့ ရောက်ရှိလာပြီး နေဝန်းအတွင်းအား ရှရှိခဲ့သလို အကျဉ်းခံအဘိုးအိုထံမှ သံမဏိလက်ညှိုးပညာကို သင်ယူခဲ့လေသည်။

အဘိုးအိုက ပညာသင်ပေးပြီးလျှင်...

"မင်းက လက်ချောင်းကလေးတွေနဲ့ နံရံကို အပေါက်ကလေးတွေ ဖြစ်အောင် ဖောက်ပြီး ကုပ်ကပ်တွယ်တက်သွားပေတော့"

ဟု လမ်းညွှန်ပေးလေသည်။

"ဘာဘကော"

အဘိုးအိုက...



"ငါကတော့ သည်မြေတိုက်ခန်းထဲမှာပဲ အရိုးထုတ်သွားမယ်"

"ဘာဘ.."

"စိတ်ရှုပ်စရာကောင်းတဲ့ အပြင်လောကကို ငါမထွက်ချင်တော့ဘူး၊ သစ္စာဖောက်စန္ဒကွမ်းရှောင်ထင်းကို လုကျန်းဖုံးက ဆုံးမနိုင်ရင် ကောင်းပါပြီ"

လင်းကြိုင် အမျိုးမျိုး ဖျောင်းဖျသော်လည်း အဘိုးအိုက လက်မခံပါ။

နောက်ဆုံး လင်းကြိုင် လက်လျှော့ကာ အဘိုးအို လမ်းညွှန်ပေးသကဲ့သို့ နံရံကို လက်ချောင်းလေးများဖြင့် အပေါက်ကလေးများ ဖြစ်အောင် ဖောက်ကာ ကုပ်ကပ်တွယ်တက်သွားပြီး အံဖုံးတံခါးကို ဖွင့်လိုက်လျှင် အခေါင်းထဲသို့ ရောက်ရှိသွားတော့သည်။

လင်းကြိုင် ဝမ်းသာသွားလေသည်။

"ငါ လွတ်မြောက်တော့မယ်"

အခေါင်းအဖုံးကို တွန်းဖွင့်ရန် ဟန်ပြင်လိုက်စဉ် စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ဘီလူးဖြူ၊ ဘီလူးမည်းတို့၏အသံ ဖြစ်၏။ ဘီလူးဖြူက...

"ကဝေမယ်က စိတ်ထားပြောင်းသွားပြီ၊ သူက ရေမြေ့ရှင်ဂိုဏ်းထဲက နုတ်ထွက်ဖို့ ဆုံးဖြတ်လိုက်ပြီ"

ဘီလူးမည်းက...

"ဂိုဏ်းချုပ်သာ သိရင် မလွယ်ဘူး"

"ဂိုဏ်းချုပ်က သူခိုင်းတာ မလုပ်ရင် သေဒဏ်ပေးမှာပဲ၊

ကျုပ်တို့လဲ ဘယ်အချိန် အပြစ်ပေးခံရမယ် မသိဘူး"

"အင်း သူက မနိုင်ဝန်ထမ်းနိုင်းသလို ဖြစ်နေတာ၊ သိုင်းလောကသားတွေကလဲ ကျုပ်တို့ကို သဲကြီးမဲကြီး ဖြစ်နေတာ"

ဘီလူးဖြူ၊ ဘီလူးမည်းတို့သည်လည်း ရေမြေ့ရှင်ဂိုဏ်းအား စိတ်ကုန်နေကြပြီ ဖြစ်သည်။

ဘီလူးဖြူက...

"ကျုပ်တို့ဂိုဏ်းချုပ်ဟာ ငြိမ်းချမ်းကျေးရွာပိုင်ရှင် စန့်ကွမ်းရောင်ထင်း ဖြစ်လိမ့်မယ်လို့ ကဝေမယ်က ပြောသွားတယ်"

ဘီလူးမည်းက...

"စန့်ကွမ်းရောင်ထင်းဟာ သိုင်းလောကကို ဦးဆောင်ပြီး ကျုပ်တို့ကို ချေမှုန်းပစ်ဖို့ သဲကြီးမဲကြီး ကြိုးစားနေတဲ့ လူတစ်ယောက်ဆိုတာ အားလုံးသိကြတာပဲ"

ဘီလူးဖြူက...

"ကဝေမယ်ကတော့ စန့်ကွမ်းရောင်ထင်းက ကျုပ်တို့ကို နိုင်းတယ်၊ ပြီးတော့ နာမည်ကောင်းယူပြီး သူကိုယ်တိုင် သုတ်သင်ပစ်မယ်၊ တကယ်တော့ ရေမြေ့ရှင်ဂိုဏ်းကို ထူထောင်ပြီး သိုင်းလောကကို လွှမ်းမိုးဖို့ဆိုတာ လှည့်ကွက်ပဲ၊ သူ့ပဲ ဂိုဏ်းကို ထူထောင်ပြီး ဒုက္ခပေးမယ့် ဂိုဏ်းဆိုပြီး ပြန်ဖြိုခွဲနေတာ၊ ဒါမှ သိုင်းလောကသားတွေဟာ သူ့ကို ကယ်တင်ရှင်ဆိုပြီး ကြည်ညိုလေးစားလာကြမယ်၊ သိုင်းလောကမှာ သူ့ရဲ့ဩဇာ လွှမ်းမိုးသွားမယ်၊ ဒါ သူ့ရည်ရွယ်ချက်ပဲ"

ဘီလူးမည်း သက်ပြင်းချလိုက်သည်။



"ဘာပဲဖြစ်ဖြစ် ခုချိန်မှာတော့ သူခိုင်းတဲ့အတိုင်း လုပ်နေရဦးမှာပဲ"

ဘီလူးဖြူက...

"အင်းလေ၊ အခြေအနေကြည့်ပြီး ကျုပ်တို့လဲ ရုန်းထွက်ဖို့ ကြိုးစားကြတာပေါ့"

ထို့နောက် စကားသံများ တိတ်ဆိတ်ပျောက်ကွယ်သွားလေတော့သည်။

* * *

## ခြေဦးတည့်ရာ

လင်းကြိုင် လွတ်မြောက်လာပြီ ဖြစ်လေသည်။

"ငါ ဘယ်သွားမလဲ"

သူ့အား ဖုံးရှင်က လိုက်လံရှာဖွေနေမည် ဖြစ်ကြောင်း နားလည်ထားလေသည်။

လေလွင့်ဂိုဏ်းချုပ်သည်လည်းကောင်း၊ နေဝန်းဂိုဏ်းသည်လည်းကောင်း သူ့အတွက် စိုးရိမ်ပူပန်နေပေလိမ့်မည်။ ထို့အပြင်...

စန္ဒကွမ်းချစ်နှင့် မေကျင်းတို့ကလည်း သူ့အား တွေ့လိုနေကြမည် ဖြစ်လေသည်။

"ငါ ဘာလုပ်ရမလဲ"

လင်းကြိုင်မှာ ထူးခြားသော သိုင်းပညာများနှင့် အတွင်းအားကို ရရှိခဲ့ပြီဖြစ်သည်။

သို့သော် သိုင်းလောကကို စိတ်ပျက်ကာ သိုင်းသမားဘဝ ခံယူဖို့ မစဉ်းစားပါ။



"အားလုံးနဲ့ ဝေးရာကို ပြေးတာ အကောင်းဆုံးပါပဲ"

ဟု ဆုံးဖြတ်ပြီး ခြေဦးတည့်ရာ ထွက်လာခဲ့တော့သည်။

လင်းကြိုင်သည် အားလုံးနှင့် ဝေးရာသို့ ရှောင်ထွက်လာတော့မှ လမ်းခရီးတွင် သိုင်းလောကသားများနှင့် ရေမြေ့ရှင်ဂိုဏ်း၏ တိုက်ပွဲများကို တွေ့ခဲ့ရပြန်သည်။

ရေမြေ့ရှင်ဂိုဏ်းမှ ဆေးခတ်ခံထားရသည့် သိုင်းသမားများ၏ ကြောက်မက်ဖွယ်ကောင်းပုံကို တွေ့ခဲ့ရ၏။

သိုင်းလောကသားများဘက်မှလည်း နေဝန်းဂိုဏ်း၊ လေလွင့်ဂိုဏ်းနှင့် ငြိမ်းချမ်းကျေးရွာတို့ လက်တွဲကာ အပြင်းအထန် ချေမှုန်းနေကြလေသည်။

လမ်းခရီးတလျှောက် သိုင်းလောက သတင်းများ ကြားသိခဲ့ရပြီး ကဝေမယ်က ရေမြေ့ရှင်ဂိုဏ်းမှ ထွက်ကာ ဖုံးရှင်အား လိုက်ရှာနေသည်ကိုလည်းကောင်း၊ လေလွင့်ဂိုဏ်းချုပ်က သမီးဖြစ်သူ မေကျင်းနှင့် ငြိမ်းချမ်းကျေးရွာမှ ဒုတိယတာပည့် ချူးရှောင်နှင့် သဘောတူခဲ့သည်ကိုလည်းကောင်း သတင်းကြားသိရလေသည်။

လင်းကြိုင်သည် စန္ဒကွမ်းချစ်နှင့် သွားရောက်တွေ့ဆုံလိုလာသည်။ သို့သော်...

"မဖြစ်ပါဘူး၊ သိုင်းလောကသားတွေနဲ့ မပတ်သက်ပဲနေတာ ငါ့အတွက် အကောင်းဆုံးပါပဲလေ"

ဟု ဆုံးဖြတ်ကာ ခြေဦးတည့်ရာသွားနေလိုက်လေတော့သည်။

* * *

လင်းကြိုင်က ခြေဦးတည့်ရာ သွားနေ၏။

သို့သော်...

သူ၏စိတ်အစဉ်မှာ သိုင်းလောကထဲ၌သာ တဝဲလည်လည် ရှိနေသည်ကို နောက်ဆုံး သဘောပေါက်မိလိုက်လေသည်။

"ငါ ဘယ်လိုလုပ်ရပါ့မလဲ"

ညည်းတွားရင်း ဖုံးရှင်ကို သတိရလိုက်လေသည်။

ဖုံးရှင်...။

ဖုံးရှင်သည် ပျော်ပျော်နေတတ်သူ ဖြစ်သည်။

သို့သော် ထိုသို့ ပျော်ပျော်နေခြင်းမှာ တမင် ဟန်ဆောင်နေခြင်း ဖြစ်ကြောင်း ထင်ရှားလေသည်။

အကြောင်းကား ဖုံးရှင်သည် ထိပ်တန်းသိုင်းပညာများ တတ်မြောက်ထားပြီး သိုင်းလောက၌ လှည့်လည်ကာ တစ်စုံတစ်ယောက်အား လျှို့ဝှက်ရှာဖွေနေကြောင်း သတိပြုမိခဲ့၍ ဖြစ်လေသည်။

ဖုံးရှင်နှင့်ပတ်သက်ပြီး သူသတိပြုမိခဲ့သည်မှာ မိုးရွာနေသော နေ့တစ်နေ့က ဖြစ်လေသည်။

ဖုံးရှင်က မိုးရေစက်များကို ကြည့်ရင်း...

"လင်းကြိုင်၊ မင်း ဘာကြောင့် သိုင်းပညာ မသင်ချင်ရတာလဲ ပြောပါဦး"

ဟု မေးလာလေသည်။

လင်းကြိုင်က...

"သိုင်းပညာဆိုတာ လူသတ်တဲ့ ပညာပဲ၊ ဒါကြောင့် ကျွန်တော် မသင်ချင်တာ"

ဖုံးရှင်က...

"လူသတ်ပညာ မဟုတ်ဘဲ လူကယ်တဲ့ပညာဆိုရင်ကော"

"ဗျာ"

"ဥပမာ လူဆိုးဓားပြတစ်ယောက်က အပြစ်မရှိတဲ့ လူတစ်ယောက်ကို သတ်ပစ်တော့မယ်ဆိုပါတော့၊ မင်းက ကိုယ်တတ်ထားတဲ့ သိုင်းပညာနဲ့ လူဆိုးကို ဆုံးမလိုက်မယ်ဆိုရင် အပြစ်မရှိတဲ့ လူရဲ့ အသက်ကို ကယ်တင်ပြီးသား ဖြစ်သွားမယ် မဟုတ်လား"

လင်းကြိုင် ပါးစပ်ပိတ်ထားလိုက်လေသည်။

ဖုံးရှင်က...

"မင်းက ငါ့ကို ဆရာတင်ဖို့ လက်ခံထားပြီးပြီ၊ ဒါကြောင့် ငါ့ရဲ့ပညာကို သင်ယူရမယ်"

လင်းကြိုင် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မသင်ချင်ပါဘူး"

ဖုံးရှင်က...

"မသင်ချင်လို့ မရဘူး"

"ကျွန်တော်.."

"မင်း မသင်ဘူးဆိုရင် မင်းရဲ့ခြေလက်တွေကို ကြိုးနဲ့တုပ်ပြီး အတင်းအဓမ္မသင်ပေးရမှာပဲ"

"ဟာ သည်လိုတော့ မလုပ်ပါနဲ့ဗျာ"

"ဒါဖြင့် မင်းသင်မလား"

"သင်ပါ့မယ်ဗျာ"

လင်းကြိုင် မေတ်သာတော့ဘဲ သဘောတူလိုက်ရလေသည်။ ဖုံးရှင်က...

"ငါက သိုင်းလောကထဲ လှည့်လည်ရင်း လူတစ်ယောက်နဲ့ တွေ့ခဲ့တယ်၊ သူ့ဆီက သိုင်းပညာသင်ခဲ့ရတယ်၊ အဲသည် ပညာကို မင်းကို တဆင့်ပြန်သင်ပေးမယ်၊ ငွေရှမ်းသိုင်းလို့ ခေါ်တယ်၊ သေသေချာချာ မှတ်ထားပါ"

"ဟုတ်ကဲ့"

လင်းကြိုင် စိတ်မပါဘဲ သင်ယူလိုက်ရလေတော့သည်။

ဖုံးရှင်နှင့် ပတ်သက်၍ တွေးတောစဉ်းစားရင်း အကျဉ်းစံ အဘိုးအို မှာကြားလိုက်သော စကားများကို ပြန်လည်ကြားယောင်လာလေသည်။

"အင်း လုကျန်းဖုံးဆိုတဲ့လူကို ငါလိုက်ရှာရဦးမှာပါလား"

လုကျန်းဖုံးက မည်သည့်နေရာ၌ ရှိနေပါသနည်း။

လင်းကြိုင်မှာ ဘုမသိဘမသိဖြင့် လုကျန်းဖုံးအား လိုက်လံရှာဖွေနေရလေတော့သည်။

* * *

လင်းကြိုင်က သတိရနေသကဲ့သို့ ဖုံးရှင်ကလည်း သတိရနေလေသည်။

သချိုင်းဟောင်း၌ ရေမြေ့ရှင်ဂိုဏ်းသားများနှင့် တိုက်ပွဲ ဖြစ်ပြီးနောက် လင်းကြိုင် ပျောက်ဆုံးသွားခဲ့လေသည်။



တိုက်ပွဲပြီးဆုံးကာ အားလုံး ပြန်သွားကြသောအခါ ဖုံးရှင်လည်း လိုက်ပါသွားခဲ့လေသည်။

သို့သော်...

ဖုံးရှင်က လမ်းတစ်ဝက်မှာပင် နောက်ချန်နေရစ်ခဲ့ပြီး လမ်းခွဲကာ ထွက်လာခဲ့လေသည်။

တစ်နေရာသို့ အရောက်တွင်...

"အစ်ကိုကြီး ခဏနေပါဦးရှင်"

နောက်ကျောဘက်မှ ဟန့်တားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဖုံးရှင် လှည့်ကြည့်လိုက်လျှင် မိန်းကလေးတစ်ယောက် လိုက်လာသည်ကို တွေ့ရလေသည်။

မေကျင်း ဖြစ်သည်။

မေကျင်းက...

"အစ်ကိုကြီးက အစ်ကိုလင်းကြိုင်ကို သွားပြန်ရှာမလို့လားရှင်"

ဖုံးရှင်က...

"ဟုတ်တယ်"

"ဒါဖြင့် ကျွန်မလဲ လိုက်ပါရစေ"

"ကောင်းပြီ လိုက်ခဲ့ပါ"

ဖုံးရှင်နှင့် မေကျင်းတို့သည် သချိုင်းဟောင်းသို့ ပြန်သွားပြီး လင်းကြိုင်ကို ရှာဖွေလိုက်ကြ၏။

သို့သော် လင်းကြိုင်ကို မတွေ့ရသဖြင့် စိတ်ပျက်သွားကြ၏။

နှစ်ယောက်သား အနီးပတ်ဝန်းကျင်၌ လိုက်လံရှာဖွေကြလေသည်။

လင်းကြိုင်ကို ရှာဖွေရင်း သတင်းအချို့ ကြားရလေသည်။

"ရေမြေ့ရှင်ဂိုဏ်းက လေလွင့်ဂိုဏ်းကို တိုက်ခိုက်လိမ့်မယ်"

ထိုသတင်းကြားလျှင် မေကျင်းလည်း ဖုံးရွှင်ကို နှုတ်ဆက်ကာ ချက်ချင်းပြန်သွားလေတော့သည်။

* * *

လင်းကြိုင်...။

လင်းကြိုင်က လုကျန်းဖုံးအား လိုက်လံရှာဖွေရင်း တစ်နေ့တွင် လူနှစ်ယောက်နှင့် ဆုံတွေ့မိလိုက်လေသည်။

ဘီလူးဖြူ ဘီလူးမည်းတို့ ဖြစ်လေသည်။

ဘီလူးနှစ်ယောက်သည် လေလွင့်ဂိုဏ်းကို သွားရောက်တိုက်ခိုက်ကြမည် ဖြစ်သည်။

ထိုသတင်းကို လင်းကြိုင်က မမျှော်လင့်ဘဲ ကြားလိုက်ရသောအခါ ဘီလူးနှစ်ယောက်အား တားဆီးလိုက်လေသည်။

ဘီလူးနှစ်ယောက်က...

"သည်ကောင်လေး တော်တော်ရှုပ်တာပဲ၊ သေချင်ပြီ ထင်တယ်"

လင်းကြိုင်အား သတ်ပစ်ဖို့ ကြိုးစားကြလေသည်။

လင်းကြိုင်ကလည်း ပြန်လည်တိုက်ခိုက်လိုက်ရာ...



"ဝုန်း"

"အွန့်"

ဘီလူးနှစ်ယောက် အဝေးသို့ လွင့်စဉ်သွားကြတော့သည်။

ဘီလူးနှစ်ယောက်သည် ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ ထွက်ပြေးသွားကြလေသည်။

"ဝုန်း"

လင်းကြိုင်လည်း မြေပေါ်လဲကျကာ သတိလစ် မေ့မြောသွားလေတော့သည်။

ထိုအချိန်တွင် ဖုံးရွှင်နှင့် မေကျင်းတို့ကဲ့သို့ လင်းကြိုင်အား လိုက်ရှာနေသည့် စန့်ကွမ်းချစ် ရောက်ရှိလာ၏။

စန့်ကွမ်းချစ်သည် လင်းကြိုင် သတိလစ်နေသည်ကို တွေ့လျှင် စိုးရိမ်တကြီးဖြစ်ကာ အနီးဆုံးနေရာ၌ ရှိနေသော လေလွင့်ဂိုဏ်းသို့ ခေါ်ဆောင်သွား၏။

ဂိုဏ်းချုပ်မေရှောင်ထင်းသည် လင်းကြိုင်ကို ပြန်တွေ့ရသဖြင့် ဝမ်းသာသွားပြီး ဆေးကုပေးခဲ့လေသည်။

လင်းကြိုင်လည်း ကံကောင်းသွားခဲ့လေတော့သည်။

* * *

လင်းကြိုင်နှင့် ဟုန်စွက်တို့ တစ်နေ့တခြား ပို၍ ရင်းနှီးလာပြီး ချစ်သူများ ဖြစ်သွားလေသည်။

ဟုန်စွက်က အိမ်မှထွက်လာခဲ့သည်မှာ ကြာပြီဖြစ်၍ လင်းကြိုင်ကို နှုတ်ဆက်ကာ ငြိမ်းချမ်းကျေးရွာသို့ ပြန်သွားလေသည်။

ထိုအချိန်တွင်...

ရေမြေ့ရှင်ဂိုဏ်းသည် လေလွင့်ဂိုဏ်း၏ ဌာနခွဲများအား တိုက်ခိုက်ဖျက်ဆီးခဲ့ကြလေသည်။

ထို့ကြောင့်...

ဂိုဏ်းချုပ်မေရှောင်ထင်းက နေဝန်းဂိုဏ်းအား အကူအညီတောင်းရန် ခရီးထွက်သွားလေသည်။

လင်းကြိုင်က လိုက်မသွားဘဲ မေရှောင်ထင်း ထွက်သွားပြီး မကြာမီ သူလည်း လေလွင့်ဂိုဏ်းမှ တိတ်တဆိတ် ထွက်လာခဲ့လေတော့သည်။

* * *

လင်းကြိုင်သည် လေလွင့်ဂိုဏ်းမှ ထွက်လာပြီးနောက် လုကျန်းဖုံးအား လိုက်လံရှာဖွေခဲ့လေသည်။

လေလွင့်ဂိုဏ်း၊ နေဝန်းဂိုဏ်းနှင့် ငြိမ်းချမ်းကျေးရွာတို့ ပူးပေါင်းကာ ရေမြေ့ရှင်ဂိုဏ်းအား ချေမှုန်းရန် အစီအစဉ်များ ပြုလုပ်နေကြောင်း သတင်းများ ကြားသိရလေသည်။

သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်နေပါတော့



သည်။ လင်းကြိုင် စဉ်းစားမိသည်မှာ...

"သည်လိုနေလို့ မဖြစ်သေးပါဘူး၊ သိုင်းသမားတွေနဲ့ ပတ်သက်နေသမျှ သိုင်းလောကထဲမှာ တဝဲလည်လည် ဖြစ်နေမှာ သေချာတယ်"

ဟု ဖြစ်လေသည်။

လင်းကြိုင်က သိုင်းလောကနှင့်ဝေးရာ ထွက်သွားရန် အခိုင်အမာ ဆုံးဖြတ်လိုက်ပြန်တော့သည်။

* * *

ဖုံးချွင်က လင်းကြိုင် ပျောက်ဆုံးသွားသည်ကို မကျေမနပ်ဖြစ်နေသည်။

"သည်ကောင်လေးက ကြောက်လန့်ပြီး တစ်နေရာရာကို ထွက်ပြေးသွားတာပဲ ဖြစ်မယ်"

ဟု တွေးကာ သဲကြီးမဲကြီး လိုက်လံရှာဖွေခဲ့သည်။

ထိုသို့ ဇွဲမလျှော့ဘဲ လိုက်လံရှာဖွေလိုက်ရာ တစ်နေ့တွင် အကြံတစ်ခု ရလာလေသည်။

"သည်ကောင်လေးက သိုင်းပညာသင်ချင်တာ မဟုတ်ဘူး၊ သူ့ကို သည်အတိုင်း လိုက်ရှာနေတာထက် လောင်းကစားဝိုင်းတွေ၊ အရက်ဆိုင်တွေမှာ လိုက်ရှာတာက တွေ့ရဖို့ ပိုပြီးနီးစပ်တယ်"

ထို့နောက်...

လောင်းကစားဝိုင်းများ၊ အရက်ဆိုင်၊ စားသောက်ဆိုင်များ

၌ လိုက်လံရှာဖွေတော့သည်။

ထိုအချိန်တွင်...

လင်းကြိုင်ကလည်း ခြေဦးတည့်သွားရာသွားရင်း အတွေး တစ်ခု ဝင်ရောက်လာလေသည်။

“ငါလဲ ခြေဦးတည့်ရာ သွားနေတာ ကြာပြီ၊ ငါ့အိတ်ထဲမှာ ငွေလဲ နည်းနေပြီး လောင်းကစားဝိုင်းတစ်ခုခုကို သွားရင် ကောင်း မယ်ထင်တယ်”

ထိုသို့ တွေးတောစဉ်းစားပြီးလျှင် လောင်းကစားဝိုင်းကို လိုက်လံရှာဖွေတော့သည်။

တောလမ်းခရီးမှ ဖြတ်သွားရင်း မိုးချုပ်သွားသဖြင့် တော ထဲမှာပင် တစ်ညအိပ်လိုက်သည်။

ထိုညက အိပ်မက်ထဲ၌ ဖုံးရှင်နှင့် ပြန်ဆုံရသည်ဟု အိပ်မက် မက်ခဲ့လေသည်။

* * *



## အကြံနှင့်ဒဏ်

နောက်တစ်နေ့နံနက်...

လင်းကြိုင်သည် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာလေ သည်။

သူသည် အိတ်ထဲပါသော ငွေများကို ရေတွက်ကြည့်လိုက် လေသည်။

သူ့တွင် ပါလာသော ငွေများလည်း တစ်ရက်မျှပင် အသုံး မခံသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ...

သူ့အဖို့ သုံးစွဲရန် ငွေကြေး လိုအပ်လာပြီ ဖြစ်လေသည်။

တစ်နည်းဆိုလျှင် မြို့ကလေးတွင် နေထိုင်စားသောက်ရန် ငွေရှာရမည် ဖြစ်သည်။

သူ့အဖို့ မခဲယဉ်းပါ။

သူ့တွင် ငွေရှာရန် နည်းလမ်း ရှိသည်။

သူသည် ရှိစုမဲ့စု ငွေများကို ယူကာ လောင်းကစားဂေဟာရှိရာသို့ ဦးတည်လျှောက်သွားလေသည်။

ရှိစုမဲ့စု ငွေကလေးကို အရင်းတည်၍ ဖြစ်သည့်နည်းဖြင့် ငွေရှာရပေတော့မည်။

* * *

လင်းကြိုင်သည် လောင်းကစားခြင်း၌ အလွန်ကျွမ်းကျင်သောလူ ဖြစ်သည်။

သူသည် မြို့ကြီးပြကြီးများတွင် အကြိမ်ကြိမ်လောင်းကစားဖူးသူ ဖြစ်သည်။

အကြိမ်ကြိမ်လည်း အနိုင်ရခဲ့သည်။

အတွေ့အကြုံလည်း အလွန်ရင့်ကျက်နေပြီ ဖြစ်သည်။

ထို့ကြောင့်...

သူသည် မြို့ကလေးမှ လောင်းကစားဂေဟာသို့ ဝင်ရောက်လောင်းကစားရာမှာ အသေအချာနိုင်မည်ဟု ယုံကြည်မှုအပြည့် ရှိခဲ့သည်။

ယင်းယုံကြည်မှုဖြင့် လောင်းကစားဂေဟာသို့ ဝင်၍ လောင်းကစားခြင်း ဖြစ်သည်။

သို့သော်...

သူသည် ပင်လယ်ထဲ၌ ရေမနစ်ဘဲ ချောင်းထဲရောက်မှ ရေနစ်သူပမာ ဤလောင်းကစားဂေဟာထဲတွင် ရှိစုမဲ့စု ငွေကလေးများ



တက်တက်စင်အောင် ပြောင်သွားရလေသည်။

တစ်ပြားတစ်ချပ် မကျန်အောင် ရှုံးသွားသည်။

လင်းကြိုင်သည် အကြီးအကျယ် စိတ်ပျက်ကာ လောင်းကစားဂေဟာမှ ထွက်ခဲ့လေသည်။

ခေါင်းငိုက်စိုက်ချ၍ မြို့ကလေး၏တစ်ခုတည်းသော လမ်းကလေးအတိုင်း လျှောက်သွားသည်။

ထိုအချိန်၌ သူ့ရှေ့ဘက် မျက်နှာချင်းဆိုင်မှလည်း လူတစ်ယောက် ခေါင်းငိုက်စိုက်ချ၍ လျှောက်လာသည်။

သူတို့နှစ်ယောက်စလုံးသည် ခေါင်းငုံ့လျှောက်နေကြသဖြင့် တစ်ယောက်ကိုတစ်ယောက် သတိမပြုမိကြဘဲ ဝင်တိုက်မိကြလေတော့သည်။

ထိုအခါမှ နှစ်ယောက်စလုံး ခေါင်းမော့ကြည့်လိုက်ကြလေသည်။

ထိုအခါ...

"ဟင် ဆရာ"

"ဟင် ငါ့တပည့်"

ဟု အသီးသီး ရေရွတ်လိုက်ကြသည်။

လင်းကြိုင်နှင့် တိုက်မိသူမှာ ဖုံးရှင်ပင် ဖြစ်သည်။

ဖုံးရှင်က လင်းကြိုင်အား ကြည့်လိုက်ပြီး...

"မင်းကြည့်ရတာ စိတ်ဓာတ်ကျနေတဲ့ပုံပဲ၊ ဘာဖြစ်တာလဲ"

လင်းကြိုင်က လက်နှစ်ဖက်ဖြန့်ပြလိုက်သည်။

"ကျုပ်ပါလာတဲ့ငွေ ရှုံးသွားလို့ဗျာ"

"ဟောဗျာ"

ဖိုးရွှင် နှုတ်မှ လွှတ်ခနဲ အသံထွက်သွားသည်။

ဖိုးရွှင်၏အထိတ်တလန့် ရေရွတ်မှုကြောင့် လင်းကြိုင် မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား ဘာဖြစ်တာလဲဗျာ"

"ငါလဲ ရှိစုမဲ့စု ကုန်သွားလို့ကွ"

"ဟိုက် အခုမှ ဒုက္ခ"

လင်းကြိုင် ညည်းညူလိုက်သည်။

ယခုအခါ သူတို့နှစ်ယောက်စလုံး ပါလာသမျှ ရှုံးသွားကြပြီဖြစ်၍ နှစ်ယောက်လုံး ငွေပြတ်သွားကြပြီ ဖြစ်သည်။

လင်းကြိုင်မှာ အကြီးအကျယ် စိတ်ခတ်ကျသွားလေသည်။

"သိပ်လဲ မပူပါနဲ့ကွာ၊ တို့ ကြံကြသေးတာပေါ့"

ဖိုးရွှင်က လင်းကြိုင်၏ပခုံးကို ပုတ်ကာ နှစ်သိမ့်အားပေးစကား ပြောလိုက်တော့သည်။

* * *

လင်းကြိုင်နှင့် ဖိုးရွှင်တို့ စိတ်ပျက်စွာဖြင့် လမ်းကလေးအတိုင်း လျှောက်သွားရင်း ငွေရပေါက်ကို ကြံဆလာကြသည်။

သို့ရာတွင် ဘာအကြံအစည်မှ ထွက်လာနိုင်ခြင်း မရှိပေ။ စဉ်းစားလေ ငွေရပေါက်နှင့် ဝေးလေ ဖြစ်နေသည်။



ထိုစဉ်...

ခပ်လှမ်းလှမ်း၌ သူဌေးတော်တစ်စု ပြေးလွှားအလုပ်ရှုပ်နေသည်ကို လှမ်းမြင်လိုက်ရလေသည်။

ထိုသူဌေးတော်တစ်စုကို မြင်သည်နှင့် ဖိုးရွှင် အကြံတစ်ခု ရလာသည်။

လင်းကြိုင်ဘက်ကို လှည့်ကာ...

"မင်း ငါ့ငွေယူတာ ဘယ်တော့ ပြန်ပေးမှာလဲ"

ဟု မေးလိုက်သည်။

ဖိုးရွှင်၏စကားကြောင့် လင်းကြိုင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ဖိုးရွှင်က မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။

ထိုအခါမှ...

လင်းကြိုင် သဘောပေါက်သွားလေသည်။

ချက်ချင်းပင် မျက်နှာထားကို ခပ်တင်းတင်းထားလိုက်ပြီး...

"ကျုပ်ပေးချင်မှပေးမယ်၊ ခင်ဗျား ဘာလုပ်ချင်သလဲ"

ဟု အော်ပြောလိုက်သည်။

ဖိုးရွှင်က ဒေါသတကြီးဖြင့်...

"မပေးရင် ထိုးမယ်ကွာ၊ ကဲ"

ပြောပြောဆိုဆို ထိုးချလိုက်၏။

လင်းကြိုင်လည်း ပြန်လည်ဟန်ဆောင်ရင်း ထိုးလိုက်လေသည်။

သို့ဖြင့်...

သူတို့နှစ်ယောက်သည် ရန်ဖြစ်နေသူ နှစ်ဦးပမာ ထိုးကြိတ်ကြသည်။

နှစ်ယောက်စလုံး ဖြတ်ထိုးဉာဏ်ကောင်းကြသူများ ဖြစ်ရာ သူတို့၏ဟန်ဆောင်မှုသည် တကယ် ရန်ဖြစ်နေသူများ ဖြစ်သည်ဟု ထင်မှတ်ဖွယ်ရာပင် ဖြစ်ပေသည်။

ထို့ကြောင့်...

သူတော်များသည် သူတို့ထံ ဝိုင်းအုံကာ လာရောက်ဖျန်ဖြေကြသည်။

လင်းကြိုင်နှင့် ဖိုးရွှင်တို့သည် ထိုးရင်းကြိတ်ရင်း သူတော်များထံသို့ တိုးဝင်သွားလေသည်။

ဖိုးရွှင်၏လက်သည် အလွန်လျင်မြန်သည်။

သူတို့ထံ တည့်မတ်စွာပင် ရောက်လာသော သူတော်၏ အိတ်ကို နှိုက်ယူလိုက်ရာ ငွေတုံးလေးတစ်တုံး ပါလာလေသည်။

ဖိုးရွှင်သည် လင်းကြိုင်အား မျက်ရိပ်တစ်ချက်ပြလိုက်ပြီး ပြေးလွှားထွက်ခွာသွားလေသည်။

လင်းကြိုင်က လက်သီးလက်မောင်းထန်းရင်း...

"ဟေ့ ဘယ်ပြေးမလို့လဲကွ"

လင်းကြိုင်က ဒေါသတကြီး အော်ပြောရင်း ဖိုးရွှင်၏ နောက်သို့ ပြေးလွှားလိုက်ပါသွားလေတော့သည်။

* * *



ဤနေရာသည် စားသောက်ဆိုင်တစ်ဆိုင် ဖြစ်သည်။

ဖိုးရွှင်နှင့် လင်းကြိုင်တို့သည် အားရပါးရ စားသောက်နေကြလေသည်။

သူတို့သည် အဖိုးအတန်ဆုံးနှင့် အကောင်းဆုံး ဟင်းလျာများကို မှာယူစားသောက်ကြသည်။

သူတို့သည် အားရပါးရ စားသောက်ပြီးသောအခါ သဘောကျစွာဖြင့် ရယ်မောလိုက်ကြ၏။

ဖိုးရွှင်က ရယ်မောရင်း...

"သူတော်ကြီးဟာ ငွေပျောက်သွားတာသိရင် ဘယ်လောက်များ ဒေါသထွက်မလဲ"

သူ၏စကားဆုံးသွားသည်နှင့် သူတို့ နောက်မှ အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာသည်။

"ငါ့ငွေနှိုက်တဲ့လူ တွေ့မှတော့ ဒေါသထွက်စရာ မလိုတော့ပါဘူးလေ"

"ဟင်"

"ဟာ"

ဖိုးရွှင်တို့နှစ်ယောက် အလန့်တကြား ဖြစ်သွားကြ၏။

နောက်သို့လည်း ကပျာကယာ လှည့်ကြည့်လိုက်ကြလေသည်။

ထိုအခါ...

သူတို့နှစ်ယောက်စလုံး မျက်နှာကွက်ခနဲ ပျက်သွားကြလေသည်။

အကြောင်းမှာ...

အသံရှင်သည် ငွေတုံး နှိုက်ယူခဲ့မိသော သူတော်ကြီး ဖြစ်နေသောကြောင့်ပင်။

သူတော်ကြီးက လက်ဝါးဖြန့်လိုက်သည်။

"ကဲ ငါ့ငွေပြန်ပေးပါ"

ဟု ပြောလိုက်သည်။

လင်းကြိုင်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဟဲ..ဟဲ..ကျုပ်သုံးလိုက်ပါပြီဗျာ"

ရယ်ကျဲကျဲဖြင့် ပြောလိုက်သည်။

သူတော်ကြီး အသာအယာ ပြုံးလိုက်သည်။

"ဒါဖြင့် မင်းကို ငါ့ငွေခိုးပါတယ်လို့ သွားတိုင်ရမလား"

ဖိုးရွှင် ကပျာကယာဖြင့်...

"မတိုင်ပါနဲ့ဗျာ၊ ကျုပ်တောင်းပန်ပါတယ်"

"ဒါဖြင့် ငွေပြန်ပေး"

ဖိုးရွှင် ခေါင်းယမ်းကာ...

"ငွေက ကုန်သွားပြီ"

"ဒါဖြင့်"

သူတော်ကြီး အနည်းငယ် စဉ်းစားလိုက်သည်။

အတန်ကြာသော်...

တစ်စုံတစ်ခုကို သတိရဟန်ဖြင့် လက်ဖျစ်တစ်ချက် တီးလိုက်သည်။

"ဟုတ်ပြီ၊ ငါ့မှာ ဝေါထမ်းဖို့ လူလိုနေတယ်၊ မင်းတို့နှစ်ယောက် ထမ်းပေးရင် ငါ့ဆီက နှိုက်သွားတဲ့ ငွေတုံးကို ပြန်မတောင်းတော့ဘူး"



ဟု ပြောလိုက်သည်။

ဖိုးရွှင်နှင့် လင်းကြိုင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်။

ပခုံးလည်း တွန့်လိုက်ကြသည်။

ခေါင်းညိတ်ရုံမှတစ်ပါး သူတို့နှစ်ယောက်စလုံး ဘာများ တတ်နိုင်ပါမည်နည်း။

* * *

## မြေပေါ်သူတော်ကျောင်းဂိုဏ်းချုပ်ရွေးပွဲ

မြို့ကလေးနှင့် ငါးမိုင်ခန့် အကွာအဝေးတွင် အလွန်ဟောင်းနွမ်းအိုမင်းသော ကျောင်းတစ်ကျောင်း ရှိလေသည်။

ရှေးဟောင်းဘုံကျောင်းတစ်ခုပင် ဖြစ်လေသည်။

ထိုဘုံကျောင်းကို 'မြေပေါ်သူတော်ကျောင်း'ဟု အများက သိထားသည်။

ယင်းဘုံကျောင်းအား ထိန်းသိမ်းစောင့်ရှောက်နေကြသူများမှာ ဘုန်းတော်ကြီးများ မဟုတ်ပေ။

ယောဂီကျင့်စဉ်ကို ကျင့်သုံးနေကြသော သူတော်များက ထိန်းသိမ်းစောင့်ရှောက်နေခြင်း ဖြစ်သည်။

မြေပေါ်သူတော်ကျောင်းအား အစွဲပြု၍ စောင့်ရှောက်နေသော သူတော်များအား မြေပေါ်သူတော်အဖွဲ့ (ဝါ) ဂိုဏ်းအဖွဲ့အစည်းဟု ခေါ်ဝေါ်သမုတ်ရာမှ မြေပေါ်သူတော်ဂိုဏ်း ပေါ်ပေါက်လာခဲ့ရခြင်းပင်။



ထူးခြားသည်မှာ ထိုမြေပေါ်သူတော်ဂိုဏ်းသည် ယနေ့တိုင် ဂိုဏ်းချုပ် မရှိသေးခြင်းပင် ဖြစ်သည်။

သူတော်ကြီးသုံးပါးကသာလျှင် ဦးစီးဦးဆောင် အုပ်ချုပ်နေကြရသည်။

မြေပေါ်သူတော်ဂိုဏ်းသည် ယနေ့ထိ အဘယ်ကြောင့် ဂိုဏ်းချုပ်များ လိုနေရပါသနည်း။

အကြောင်းကား ရှိ၏။

ထိုအကြောင်းသည်ကား ယင်းမြေပေါ်သူတော်ဂိုဏ်းကျောင်းဝင်း၌ ကြီးမားသော သစ်ပင်ကြီးတစ်ပင် ရှိသည်။

ယင်းသစ်ပင်နှင့် ကပ်လျက်ရှိသော ကျောက်ဖျာပေါ်တွင် ဓားတစ်လက်သည် ထူးဆန်းစွာ စိုက်ဝင်နေသည်။

မြေပေါ်သူတော်ဂိုဏ်း၏ ခေတ်အဆက်ဆက် ဂိုဏ်းချုပ်များသည် စည်းကမ်းတစ်ခု ချမှတ်ထားခဲ့သည်။

ထိုစည်းကမ်းမှာ မည်သူမဆို ကျောက်ဖျာထဲတွင် စိုက်ဝင်နေသော ဓားကို ဆွဲထုတ်နိုင်ခဲ့လျှင် မြေပေါ်သူတော်ဂိုဏ်း၏ ဂိုဏ်းချုပ်ရာထူးကို ဆက်လက်ခံစားခွင့်ပေးရမည်ဟု သတ်မှတ်ထားရှိခဲ့ခြင်း ဖြစ်၏။

ထိုဓားကို ဆွဲထုတ်နိုင်ခြင်း မရှိလျှင် မည်သူမျှ ဂိုဏ်းချုပ်နေရာကို ခံယူနိုင်ခွင့် မရှိပေ။

ထိုစည်းကမ်းကြောင့် မြေပေါ်သူတော်ဂိုဏ်းသားများသည် နှစ်စဉ်နှစ်တိုင်း သုံးလတစ်ကြိမ် ယင်းဓားကို ဆွဲထုတ်နိုင်ရန် ယှဉ်ပြိုင်ပွဲတစ်ခု ကျင်းပလေ့ရှိသည်။

ယခုအချိန်တိုင်အောင် ဓားကို ဆွဲထုတ်နိုင်သူ မရှိသေးပေ။

ထို့ကြောင့်...

ဂိုဏ်းချုပ် မရှိခြင်းပင် ဖြစ်သည်။

ယခုလည်း...

မြေပေါ်သူတော်ဂိုဏ်း၏ ဂိုဏ်းချုပ်နေရာ ရွေးပွဲကို အစဉ်အလာအတိုင်း ဆက်လက်ကျင်းပရန် ပြင်ဆင်လျက်ရှိသည်။

ထို့ကြောင့်...

မြေပေါ်သူတော်ဂိုဏ်းသားများသည် ထိုနေရာသို့ စုပြုံရောက်ရှိလာပြီး ကျောက်ဖျာပေါ် စိုက်ဝင်နေသည့် ဓားကို ဆွဲထုတ်ရန် ကိုယ့်အလှည့်ကို စောင့်နေကြသည်။

မြေပေါ်သူတော်ဂိုဏ်းသားများသည် စည်းကမ်းချက်အတိုင်း တစ်ယောက်ပြီးတစ်ယောက် ဓားကို ဆွဲထုတ်နိုင်ရန် ကြိုးစားကြသည်။ သို့သော်...

နံနက်အချိန်မှစပြီး မွန်းလွဲအချိန် ရောက်လာသည့်တိုင် မည်သူတစ်ဦးတစ်ယောက်မျှ ထိုဓားကို ဆွဲထုတ်နိုင်ခြင်း မရှိကြသေးချေ။

မည်သို့ဆိုစေ...

မြေပေါ်သူတော်ဂိုဏ်းမှ ကျန်သော ဂိုဏ်းသားများသည် မိမိ ဆွဲနုတ်လျှင် ရနိုးနိုးဖြင့် မျှော်လင့်တကြီး တစ်ယောက်ပြီးတစ်ယောက် ဆက်လက်ကြိုးစားနေကြလေသည်။

ထိုအချိန်မှာပင် ဖုံးရွှင်နှင့် လင်းကြိုင်တို့ သူတော်ကြီး ထိုင်နေသော ဝေါစင်ကို ထမ်း၍ ဝင်ရောက်လာလေသည်။



"ရပ်လိုက်"

သူတော်ကြီးက အမိန့်ပေးလိုက်သဖြင့် ဖုံးရွှင်နှင့် လင်းကြိုင်တို့သည် ထမ်းထားသော ဝေါစင်ကို မြေပေါ်သို့ ချလိုက်လေသည်။

သူတော်ကြီးသည် ဝေါစင်ပေါ်မှ ဆင်းလာပြီး ကျောင်းဝင်းထဲသို့ လှမ်းဝင်လိုက်သည်။

သူတော်များက ပြိုင်တူ ဂါရဝပြုလိုက်ကြလေသည်။

"ဟော တို့ သူတော်ကြီး ဝမ်းချိုတောင် ရောက်လာပြီပဲ"

ဂိုဏ်းသားများက သူတော်ကြီးကို နှုတ်ဆက်ကြသည်။

သူတော်ကြီးဝမ်းချိုက ဂိုဏ်းသားများကို ခေါင်းညိတ်၍ ပြန်လည်နှုတ်ဆက်လိုက်သည်။

ထိုစဉ်မှာပင်...

အကြီးအကဲ ဖြစ်သော သူတော်ကြီးနှစ်ဦးက ဝမ်းချိုကို ဆီး၍ နှုတ်ဆက်ကြပြန်လေသည်။

"ဟာ နောင်ကြီးကို အချိန်မီ ပြန်ရောက်လာနိုင်မယ်လို့ မမျှော်လင့်မိခဲ့ဘူး"

သူတော်ဝမ်းချို ပြုံးလိုက်သည်။

"ဒီလို ပွဲမျိုးကို ငါလက်လွှတ်ခံပါ့မလား"

သူတော်နှစ်ဦး ပြိုင်တူ ခေါင်းညိတ်လိုက်ကြသည်။

သူတော်ဝမ်းချိုသည် ကျောက်ပြားပေါ် စိုက်ဝင်နေသော ဓားကို တစ်ချက်ကြည့်လိုက်သည်။

"အခြေအနေ ဘယ်လို ရှိသလဲ"

သူတော်နှစ်ဦးအနက် ဝိန်ဝိန်ပါးပါးရှိသော သူတော်ကြီးက

ခေါင်းယမ်းလိုက်သည်။

"အခြေအနေ မထူးပါဘူး"

ဝမ်းချို့က သူ့အား စိုက်ကြည့်လိုက်သည်။

"ခင်ဗျားရော ဝင်ရောက်ယှဉ်ပြိုင်ပြီးပြီလား"

ထိုသူတော်ကြီးက ခေါင်းယမ်းလိုက်သည်။

ဝမ်းချို့က ဝဝပုပုရှိသော သူတော်ဘက်သို့ လှည့်လိုက်ပြန်သည်။

"ပင်းကျက်ကော"

ပင်းကျက်အမည်ရှိ သူတော်ကြီးက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကျုပ်လဲ ဝင်ပြီး မယှဉ်ရသေးပါဘူး"

သူသည် ပိန်ပိန်ပါးပါးသူတော်ဘက်သို့ လှည့်လိုက်သည်။

"ကျူးရှင်း၊ ခင်ဗျားဝင်ဖို့သင့်ပြီ ထင်တယ်"

ပိန်ပိန်ပါးပါးရှိသော သူတော်၏အမည်မှာ 'ကျူးရှင်း' ဖြစ်လေသည်။

သူသည် ပြုံး၍ ခေါင်းညိတ်လိုက်ပြီး...

"ကျုပ်က နောင်ကြီးဝမ်းချို့ကို စောင့်နေတာပါ"

ဟု ပြောလိုက်သည်။

ဝမ်းချို့ ရယ်မောလိုက်သည်။

"ကဲ ကျုပ်ရောက်လာပြီပဲ၊ စကြရအောင်"

* * *



မြေပေါ်သူတော်ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်ရန်အတွက် ကျောက်ဖျာအတွင်းမှ ဓားကို ဆွဲနုတ်ယှဉ်ပြိုင်ပွဲ ဆက်လက်ကျင်းပနေ၏။

ဂိုဏ်းသားများသည် အော်ဟစ်၍ အားပေးကြလေသည်။

ကျူးရှင်းသည် အတွင်းအားကို အသုံးပြုကာ အစွမ်းကုန် ကြိုးစားသော်လည်း ဓားသည် လုံးဝရွေ့လျားခြင်း မရှိပေ။

နောက်ဆုံး ကျူးရှင်းက လက်လျှော့လိုက်ရလေသည်။

ဒုတိယ ယှဉ်ပြိုင်သူမှာ ပင်းကျက်ပင် ဖြစ်သည်။

သူသည် ဓားရိုးကို လက်နှစ်ဖက်ဖြင့် မြဲမြဲဆုပ်ကိုင်ထားပြီး ခြေထောက်နှစ်ဖက်ဖြင့် ကျောက်ဖျာကို ကန်ထားလိုက်သည်။

ပြီးနောက် အတွင်းအားကို အစွမ်းကုန်ထုတ်ကာ ဓားကို ဆွဲထုတ်ရန် ကြိုးစားနေ၏။

သူသည် အနေအထား အမျိုးမျိုးပြောင်း၍ ဓားကိုဆွဲထုတ်ရန် ကြိုးစားသည်။

တစ်ကိုယ်လုံး ချွေးများ စို့ရွှဲသွားသည့်တိုင်အောင် ဓားသည် အနည်းငယ်မျှ ရွေ့လျားခြင်း မရှိပေ။

ဂိုဏ်းသားများ အော်ဟစ်အားပေးနေသည့်ကြားက သူသည်လည်း လက်လျှော့အရှုံးပေးလိုက်ရလေတော့သည်။

* * *

မြေပေါ်သူတော်ဂိုဏ်းချုပ် ရွေးချယ်ပွဲကို ဆက်လက်ပြုလုပ်လျက် ရှိသည်။

ယခုအခါ...

အလှည့်ကျသူမှာ သူတော်ကြီးဝမ်းချို ဖြစ်၏။

သူတော်ကြီးဝမ်းချိုသည် ခြေလှမ်းကျဲကျဲဖြင့် ကျောက်ဖျာအနီးသို့ လျှောက်သွားသည်။

ပြီးနောက် သွေးပူလေ့ကျင့်ခန်းများ ပြုလုပ်၏။

အတွင်းအားများကို စုစည်းလိုက်သည်။

"ယား"

သူတော်ဝမ်းချိုသည် ညာသံတစ်ချက်ပေးကာ ဓားကို ဆွဲထုတ်လိုက်သည်။

အတွင်းအားကို အစွမ်းကုန်ထုတ်၍ ကြိုးစားဆွဲထုတ်လိုက်သည့်အခါ ကျောက်ပြားပေါ်မှ စိုက်ဝင်နေသော ဓားသည် တစ်လက်မခန့် ထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

"တို့ ဂိုဏ်းချုပ် အသစ်ရပြီဟေ့"

အဖွဲ့သားများသည် ဝမ်းသာအားရ ခုန်ပေါက်ကာ ဟစ်အော်ကြွေးကြော်လိုက်သည်။

ကြွေးကြော်သံများသည် ဝန်းကျင်တစ်ခုလုံးသို့ လွင့်ပျံ့သွားသည်။

ဝမ်းချိုသည် အလွန်ကျေနပ်အားရစွာဖြင့် အားလုံး၏ အရိအသေပြုမှုကို ရင်ကော့၍ ခံယူလိုက်လေသည်။

ကျူးရှင်းက ချက်ချင်းပင် ကန့်ကွက်လိုက်သည်။



"ဓားတစ်ခုလုံးမှ ဆွဲမထုတ်နိုင်သေးဘဲ ဂိုဏ်းချုပ်နေရာ ဘယ်လို ဆက်ခံလို့ ဖြစ်ပါ့မလဲ"

သူ၏စကားကြောင့် ကြွေးကြော်နေကြသော ဂိုဏ်းသားများသည် ကြွေးကြော်အော်ဟစ်မှုကို ဟန့်တားလိုက်ကြသည်။

ကျူးရှင်း ပြောသည်မှာ မှန်သည်။

ဓားတစ်ခုလုံး ဆွဲထုတ်နိုင်ခြင်း မရှိသေးဘဲ ဓားတစ်ချောင်းလုံး ဆွဲထုတ်နိုင်ပါမှ ဂိုဏ်းချုပ်အဖြစ် ခံယူခွင့်ရရှိနိုင်မည် ဖြစ်ပေသည်။

"ခင်ဗျားတို့လဲ ကြိုးစားခဲ့ကြတာပဲ၊ ကျုပ်လို ရွေ့လျားလာအောင် ဆွဲနုတ်နိုင်ကြလို့လား"

ဝမ်းချိုက မကျေမနပ်ဖြင့် ပြန်ပြောလိုက်သည်။

ထို့နောက် ဂိုဏ်းသားများဘက်သို့ မျက်နှာမူလိုက်ပြီး အသံကျယ်လောင်စွာဖြင့်...

"ဘယ်သူကမှ ဆွဲထုတ်မရတဲ့ ဓားကို ကျုပ်က တစ်လက်မလောက် ဆွဲထုတ်နိုင်ခဲ့တယ်၊ ဒါကြောင့် ကျုပ်ဟာ ဂိုဏ်းချုပ်ရာထူးဆက်ခံသင့်တယ်လို့ ယူဆပါတယ်"

သူ၏စကားကြောင့် ဂိုဏ်းသားများသည် သဘောတူထောက်ခံလိုက်ကြလေသည်။

လုံးဝဆွဲနုတ်မရနိုင်သူများကြား၌ တစ်လက်မခန့် ဆွဲထုတ်နိုင်သူကိုပင် ရွေးချယ်ရမည်ဟု ယူဆလာကြလေသည်။

"မှန်ပါတယ် ဂိုဏ်းချုပ်ကြီး"

ကျူးရှင်းမှာ အများသဘောတူသည်ကို တွေ့ရ၍ မကန့်

ကွက်နိုင်တော့ပေ။

အဖွဲ့သားအားလုံး ဆူညံစွာဖြင့် ဝမ်းချိုအား ချီးကျူးစကား ပြောသူကပြော၊ အရိုအသေပြုသူကပြုဖြင့် ဆူညံရှုပ်ထွေးသွားလေသည်။

လင်းကြိုင်နှင့် ဖုံးရွှင်သည် သူတော်ဝမ်းချိုမှာ ဂိုဏ်းချုပ် တင်မြှောက်ခြင်း ခံရသည်ကို တွေ့ရ၍ သူတို့သည် အချင်းချင်း မျက်ရိပ်ပြလိုက်ပြီး လူအုပ်ကြားမှ နောက်သို့ တဖြည်းဖြည်း ဆုတ်သွားကြလေသည်.

ဟစ်အော်ကြွေးကြော်နေသော ဂိုဏ်းသားများအနက် ခန္ဓာကိုယ်ထွားကျိုင်းသော ဂိုဏ်းသားတစ်ယောက်က လင်းကြိုင်တို့နှစ်ယောက် တိတ်တဆိတ် ထွက်ခွာနေသည်ကို တွေ့ရသောအခါ လှမ်း၍ ဟန့်တားလိုက်လေသည်။

"ဟေ့ ဒါ ဘယ်သွားမလို့လဲ"

လင်းကြိုင် ပြုံးလိုက်သည်။

"ခင်ဗျားတို့ ဂိုဏ်းချုပ် တင်မြှောက်နေကြတာဟာ ကျုပ်တို့နဲ့ မဆိုင်လို့ သွားကြတော့မလို့"

ထိုဂိုဏ်းသား၏မျက်နှာ သုန်မှုန်သွားသည်။

"ဘာလဲ ကျုပ်တို့ဆရာ ဂိုဏ်းချုပ် ဖြစ်သွားတာကို ခင်ဗျားတို့က မကျေနပ်လို့လား"

လင်းကြိုင် မဲ့ပြုံးပြုံးလိုက်သည်။

"သူ့ဟာသူ ဘာပဲဖြစ်ဖြစ် ကျုပ်တို့နဲ့ ဘာဆိုင်လို့ မကျေနပ်ရမှာလဲ"



ဂိုဏ်းသားလူထွားကြီးသည် လင်းကြိုင်၏ မထီမဲ့မြင် စကားကြောင့် ပို၍ ဒေါသထွက်သွားသည်။

"မင်းက ငါတို့ ဂိုဏ်းချုပ်ကို စော်ကားတယ်ပေါ့ ဟုတ်လား"

ဂိုဏ်းသားလူထွားကြီးက ဒေါသတကြီး ကြိမ်းဝါးပြောဆိုယင်း ခါးမှဓားကို ဆွဲထုတ်လိုက်ပြီး လင်းကြိုင်အား တရစပ် တိုက်ခိုက်လေတော့သည်။

လင်းကြိုင်သည် ကမန်းကတန်း ရှောင်တိမ်းရင်း တဖြည်းဖြည်း နောက်သို့ ဆုတ်သွားရသည်။

ဂိုဏ်းသားလူထွားကြီးမှာ မိမိ၏တိုက်ခိုက်မှု ထိရောက်ခြင်း မရှိသည်ကို တွေ့ရသောအခါ ပို၍ ဒေါသထွက်လာသည်။

"မင်းလဲ သိုင်းပညာတတ်တာကိုး"

ဂိုဏ်းသားလူထွားကြီးက ပြောပြောဆိုဆိုဖြင့် တရစပ်ပင် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်၏။

လင်းကြိုင်က...

"မလုပ်နဲ့"

အော်ပြောရင်း ရှောင်တိမ်းနေ၏။

သူသည် ရှောင်တိမ်းရင်းမှ ကျောက်ဖျာအနီးသို့ ရောက်ရှိသွား၏။

သူသည် နောက်သို့ ဆုတ်ရင်း ကျောက်ဖျာနှင့် ကျောပြင် ထိကပ်မိသွားသည်။

နောက်သို့ ဆုတ်စရာလမ်း မရှိတော့ပေ။

ချောင်ပိတ်မိသွားပြီ ဖြစ်သည်။

ထိုအချိန်မှာပင်...

"သေပေတော့"

ဂိုဏ်းသားလူထွားကြီးက အော်ဝေါက်ကာ ဓားဖြင့် တအားလွှဲခုတ်လိုက်သည်။

လင်းကြိုင် အထိတ်တလန့် ဖြစ်သွားသည်။

သူသည် ရှောင်တိမ်း၍မရမှန်း သိလိုက်သည်နှင့် လုပ်မိလုပ်ရာ ဇွတ်တရွတ် လုပ်လိုက်မိသည်။

ယင်းမှာ...

လင်းကြိုင်သည် ကျောက်ဖျာပေါ်၌ စိုက်ဝင်နေသော ဓားကို အမှတ်မထင် ဆွဲနုတ်ပြီး ခံပေးလိုက်ခြင်း ဖြစ်သည်။

ရုတ်တရက်...

"ခြိမ်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ဂိုဏ်းသားလူထွားကြီး၏ဓားသည် ထက်ပိုင်းကျိုးသွားလေသည်။

"ဟင်"

"ဟာ"

အံ့သြထိတ်လန့်သော ရေရွတ်သံများ ထွက်ပေါ်လာ၏။

မျက်လုံးပေါင်း ရာထောင်တို့သည် လင်းကြိုင်အား မျက်တောင်မခတ် စိုက်ကြည့်နေကြတော့သည်။

မယုံကြည်နိုင်ခြင်း အံ့သြမှင်တက်ခြင်းနှင့်အတူ လင်းကြိုင်ကို ကြောက်ရွံ့ထိတ်လန့်စွာ ငေးစိုက်ကြည့်မိကြသည်။



ဂိုဏ်းသားလူထွားကြီး၏မျက်နှာ သွေးဆုတ်သကဲ့သို့ ဖြူရော်သွားသည်။

ရုတ်ခြည်းပင်...

"ချွင်"

လက်ထဲမှ ဓားကျိုးကို ပစ်ချလိုက်ပြီး ဒူးထောက်၍ ဂါရဝပြုလိုက်လေသည်။

"ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော် ရှည်ပါစေ"

ထိုလူ၏ဂါရဝပြုသံ အဆုံးတွင် အားလုံးသော ဂိုဏ်းသားများသည်လည်း သတိဝင်လာပြီး ကပျာကယာ လင်းကြိုင်ကို ဂါရဝပြုလိုက်ကြလေသည်။

"ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော် ရှည်ပါစေ"

ကောင်းချီးသြဘာသံများသည် ပတ်ဝန်းကျင်အနှံ့ ဟိန်းထွက်သွားလေတော့သည်။

* * *

## အပြောင်းအလဲ

လင်းကြိုင်...။

လင်းကြိုင်သည် ကျောက်ဖျာမှ ဆွဲနုတ်မိသော ဓားကို ကိုင်၍ ကြောင်အမ်းအမ်း ဖြစ်နေ၏။

ကိုယ့်ကိုယ်ကိုပင် ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားမိသည်။

ထိုစဉ်မှာပင်...

ဝမ်းချိုအပေါ် မကျေမနပ် ဖြစ်နေသော ကျုံးရှင်းသည် လင်းကြိုင်အား ဂါရဝပြုလိုက်သည်။

"မိတ်ဆွေကြီးက ကျုပ်တို့ ဓားကို ဆွဲနုတ်နိုင်တဲ့အတွက် ကျုပ်တို့ မြေပေါ်သူတော်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်အဖြစ် တင်မြှောက်ပါတယ်ဗျာ"

ပင်းကျက်ကလည်း ဦးညွှတ်ကာ...



"ဟုတ်ပါတယ်ဗျာ၊ အခုအချိန်ကစပြီး ခင်ဗျားဟာ ကျုပ်တို့ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ဖြစ်ပါပြီ"

ဟု လိုက်လှဲစွာ ပြောလိုက်သည်။

ဝမ်းချိုမှာ မကျေမနပ် ဖြစ်သွားသော်လည်း ကန့်ကွက်စရာ မရှိသဖြင့် ခပ်မဆိတ်ပင် နေလိုက်၏။

မြေပေါ်သူတော်ဂိုဏ်း၏ စည်းကမ်းချက်အတိုင်း လင်းကြိုင်သည် ကျောက်ဖျာထဲ စိုက်ဝင်နေသည့်ဓားကို ဆွဲနုတ်နိုင်ခဲ့ သည် မဟုတ်ပါလား။

* * *

လင်းကြိုင် ကြောင်အမ်းအမ်း ဖြစ်နေသည်။

သူသည် မမျှော်လင့်ဘဲ မည်သူကမျှ ဆွဲထုတ်၍ မရခဲ့သော ဓားကို ဆွဲနုတ်နိုင်ခဲ့ပြီ ဖြစ်သည်။

သို့ဖြစ်ရာ...

မြေပေါ်သူတော်ဂိုဏ်းသားများက သူ့အား ဂိုဏ်းချုပ်ကြီး အဖြစ် တင်မြှောက်လိုက်ကြပြီ ဖြစ်၏။

အဖြစ်အပျက်က မြန်ဆန်လွန်းလှသည်။

မယုံကြည်နိုင်ဖွယ်ပင် ကောင်းလှတော့သည်။

လင်းကြိုင်သည် ကြောင်အမ်းအမ်းဖြစ်ကာ အတန်ကြာ စကားမပြောနိုင်ဘဲ ဖြစ်သွားသည်။

"ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော် ရှည်ပါစေ"

ကောင်းချီးဩဘာသံများသည် တောတောင်တစ်ခုလုံး ဟိန်းထွက်သွား၏။

ထိုအခါမှ လင်းကြိုင် သတိပြန်ဝင်လာတော့သည်။

လက်နှစ်ဖက်ကို ကမန်းကတန်း မြှောက်လိုက်ပြီး…

"နေကြပါဦးဗျာ၊ နေကြပါဦး"

ဟု အော်ဟစ်လိုက်၏။

သူ၏အသံကြောင့် အားလုံး ငြိမ်သက်သွားကြသည်။

လင်းကြိုင်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး…

"ကျုပ်ကို ဂိုဏ်းချုပ်အဖြစ် မတင်မြှောက်ကြပါနဲ့ဗျာ၊ ကျုပ် လက်မခံပါရစေနဲ့"

ဟု ပြောလိုက်သည်။

ကျူးရှင်းက ဦးညွှတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီး အနေနဲ့ လက်မခံလို့ကို မရပါဘူး"

လင်းကြိုင် မျက်မှောင်ကုပ်ကာ…

"ဘာဖြစ်လို့လဲ"

ကျူးရှင်းက ဦးညွှတ်ကာ ရှင်းပြလိုက်သည်။

"ဒါဟာ ကျုပ်တို့ မြေပေါ်သူတော်ဂိုဏ်းရဲ့ ရှေးဂိုဏ်းချုပ်ကြီးတွေ ချပေးခဲ့တဲ့ စည်းကမ်း ဖြစ်နေလို့ပါဗျာ"

"ဒါကတော့ ခင်ဗျားတို့ မြေပေါ်သူတော်ဂိုဏ်းရဲ့ စည်းကမ်းပဲ၊ ကျုပ်က ဂိုဏ်းသားတစ်ယောက်မှ မဟုတ်ဘဲ၊ ဘာဆိုင်လို့ လက်ခံရမှာလဲ"

လင်းကြိုင်က မဆိုင်းမတွ ပြန်ပြောလိုက်ခြင်း ဖြစ်လေ၏။



သူ၏စကားကို သူတော်ကြီးဝမ်းချိုက သဘောကျသွားမိသည်။ အကြောင်းမှာ…

သူတော်ကြီးဝမ်းချိုသည် ဂိုဏ်းချုပ်အဖြစ် ဆက်ခံရယူချင်နေသောကြောင့် ဖြစ်၏။

"ဒါလဲ ဟုတ်တာပဲ၊ ခင်ဗျား လက်မခံဘူးဆိုရင် ကျုပ်ပဲ ဂိုဏ်းချုပ်နေရာဆက်ခံ…"

သူ၏စကားမဆုံးမီ ကျူးရှင်းက ကြားဖြတ်လိုက်သည်။

"ဒီမှာ မိတ်ဆွေ၊ ခင်ဗျားဟာ အပြင်လူပဲဖြစ်ဖြစ်၊ ကျုပ်တို့ ဂိုဏ်းစည်းကမ်းနဲ့ အကျုံးဝင်ပါတယ်၊ ဒါကြောင့် အများရဲ့ သဘောကိုလဲ လေးစားရာလဲရောက်၊ ကျုပ်တို့ရဲ့ ရှေးရှေးက ဂိုဏ်းချုပ်ကြီးများရဲ့ စည်းကမ်းကိုလဲ ထိန်းရာရောက်အောင် လက်မခံချင်လဲ လက်ခံရမှာပဲ"

ကျူးရှင်းက လင်းကြိုင်ကို အတင်းအကြပ် ဂိုဏ်းချုပ်ခန့်နေသည်။

လင်းကြိုင်က ငြင်းဆိုမည် အပြုတွင် ဖိုးရွှင်က သူ၏လက်ကို ဆွဲကာ လူအုပ်နှင့် ခပ်လှမ်းလှမ်းသို့ ခေါ်ဆောင်သွားလေသည်။

"ငါ့တပည့်၊ မင်း ဘာဖြစ်လို့ လက်မခံတာလဲ"

လင်းကြိုင် ပခုံးတွန့်ပြလိုက်သည်။

"ကျုပ်က ဘာမှ မလုပ်တတ်ဘဲ ဘာဖြစ်လို့ လက်ခံရမှာပဲ"

ဖိုးရွှင်က…

"မင်းသေသေချာချာ စဉ်းစားနော်၊ တို့ဟာ အခုစားရမဲ့သောက်ရမဲ့ ဘဝကို ရောက်နေတယ်ဆိုတာလဲ မမေ့နဲ့ဦး"

ဟု ပြောလိုက်သည်။

ဖုံးရွှင်၏စကားကြောင့် လင်းကြိုင် တွေဝေသွားသည်။

မှန်ပါသည်။

ယခုလောလောဆယ်၌ မိမိတို့နှစ်ယောက်သည် စားရမဲ့ သောက်ရမဲ့ ဘဝ ရောက်နေသည်။

ခိုကိုးရာ နေရာတစ်ခုခုတော့ ရှာဖွေဖို့ လိုသည်။

ဖုံးရွှင်က လင်းကြိုင် တွေဝေနေသည်ကို တွေ့သောအခါ စကားဆက်လိုက်သည်။

"အခြေအနေအရ လက်ခံလိုက်ပါ၊ နောက်မှ မီးစင်ကြည့် ကရတာပေါ့။ မကောင်းဘူးလား"

ဖုံးရွှင်သည် ယင်းသို့ ပြောပြီး လင်းကြိုင်၏အဖြေကို မစောင့်ဆိုင်းတော့ဘဲ လူအုပ်ရှိရာသို့ ပြန်လည်လျှောက်လာပြီး....

"ဟဲ..ဟဲ ကျုပ်ရဲ့မိတ်ဆွေက ခင်ဗျားတို့ ဂိုဏ်းချုပ်အဖြစ် လက်ခံလိုက်ပါပြီ ခင်ဗျာ"

ဖုံးရွှင်က အောင်မြင်ခန့်ညားသော လေသံဖြင့် ဟန်ပါပါ ပြောလိုက်ရာ မြေပေါ်သူတော်ဂိုဏ်းသားများသည် 'ဟေး'ဟုအော် ကာ...

"ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော် ရှည်ပါစေ"

ဟူသော ကြွေးကြော်သံများသည် သောသောညံ ထွက် ပေါ်လာရာ ဖုံးရွှင်ပင် နားမခံနိုင်အောင် ဖြစ်သွားလေတော့သည်။

* * *



## ဂိုဏ်းချုပ်ဒုက္ခ

လင်းကြိုင်သည် မြေပေါ်သူတော်ဂိုဏ်း၏ ဂိုဏ်းချုပ် အရိုက်အရာကို ဆက်ခံလိုက်သည်။

ဂိုဏ်းသားများသည် ဝမ်းသာမြူးတူးစွာဖြင့် သူ့အား ခြံရံ လျက် မြေပေါ်သူတော်ဂိုဏ်း၏ ဌာနချုပ်သို့ ခေါ်ဆောင်သွားသည်။

သူတော်ကြီးငမ်းချိုမှာမူ မိမိရလုဆဲဆဲ ဂိုဏ်းချုပ်နေရာကို လက်လွှတ်ခဲ့ရသဖြင့် အတော်ပင် မချင့်မရဲ ဖြစ်ကာ နောက်မှ တိတ် ဆိတ်စွာပင် လိုက်ပါလာခဲ့လေသည်။

သူတို့ တောင်ပေါ် ရောက်ရှိလာသောအခါ ကျူးရှင်းနှင့် ပင်းကျက်တို့ ခြေလှမ်းရပ်သွားကြသည်။

လင်းကြိုင်နှင့် ဖုံးရှင်တို့လည်း ခြေလှမ်းရပ်တန့်လိုက်မိကြ လေသည်။

လင်းကြိုင် မျက်မှောင်ကြုတ်ပြီး ကျူးရှင်းတို့ကို လှမ်းကြည့် လိုက်သည်။

"ဟာ ခင်ဗျားတို့က ဘာဖြစ်လို့ ရပ်လိုက်ကြတာလဲ"

ကျူးရှင်း ဦးညွှတ်လိုက်ပြီး...

"ဟုတ်ကဲ့၊ ကျွန်တော်တို့ဂိုဏ်းရဲ့ ဌာနချုပ်ကို ရောက်နေပါပြီ"

ဟု ဖြေကြားလိုက်သည်။

လင်းကြိုင်က ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ဝန်းကျင်တစ်ခုလုံးတွင် သစ်ပင်များ ထူထပ်နေသည်မှအပ အဆောက်အအုံဟူ၍ လုံးဝမမြင်တွေ့ရဘဲ ရှိသည်။

လင်းကြိုင် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ကျူးရှင်းက မြေပေါ်သို့ လက်ညှိုးဖြင့် ညွှန်ပြလိုက်၏။

"ဒါ ကျွန်တော်တို့ ဌာနချုပ် ဖြစ်ပါတယ်"

လင်းကြိုင်သည် ကျူးရှင်း ညွှန်ပြသော မြေကြီးကို ကြည့်လိုက်ပြီး...

"မြေအောက်ခန်း ရှိတယ် ဟုတ်လား၊ ဘယ်လိုဆင်းရမလဲ"

ဟု မေးလိုက်သည်။

ကျူးရှင်း ခေါင်းယမ်းလိုက်သည်။

"မြေအောက်ခန်း မရှိပါဘူး ဂိုဏ်းချုပ်ကြီး"

လင်းကြိုင်က မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် ဌာနချုပ်ရဲ့ အဆောက်အအုံက ဘယ်နေရာမှာလဲ"

ကျူးရှင်း ဦးညွှတ်လိုက်သည်။

"အဆောက်အအုံ မရှိသေးပါဘူး၊ ဒါပေမယ့် ဒီနေရာကို



ဌာနချုပ်အဖြစ် သတ်မှတ်ထားပါတယ်"

"ဟိုက်"

လင်းကြိုင် အံ့အားသင့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ကျူးရှင်းကို မျက်လုံးပြူးဖြင့် လှမ်းကြည့်ပြီး...

"ခင်ဗျားဂိုဏ်းမှာ အဆောက်အအုံ မရှိရင် ကျုပ်က ဘယ်မှာ သွားနေရမှာလဲ"

ထိုအခါ ကျူးရှင်းနှင့် ပင်းကျက်တို့သည် ခေါင်းချင်းရိုက်၍ တိုင်ပင်ကြလေသည်။

အတန်ကြာအောင် တိုင်ပင်ပြီးမှ ကျူးရှင်းက...

"ဂိုဏ်းချုပ်က အဆောက်အအုံနဲ့ နေချင်တယ်ဆိုရင်.."

ကျူးရှင်းသည် တောင်ထိပ်သို့ ညွှန်ပြကာ စကားဆက်လိုက်သည်။

"တောင်ထိပ်မှာ အဆောက်အအုံတစ်ခုတော့ ရှိပါတယ်၊ အဲဒီကိုပဲ သွားကြမယ်လေ"

ကျူးရှင်းသည် ပြောပြောဆိုဆိုဖြင့် လင်းကြိုင်အား ဦးဆောင်ခေါ်ဆောင်သွားလေသည်။

ဂိုဏ်းသားများကလည်း နောက်မှ လိုက်ပါသွားကြ၏။

ဤတောင်ကုန်း၏ထိပ်တွင် အဆောက်အအုံတစ်ခု မားမားမတ်မတ် တည်ရှိနေသည်။

အဆောက်အအုံသည် ကျောက်တုံးများဖြင့် တည်ဆောက်ထားသဖြင့် ခိုင်ခန့်၍ ခန့်ညားး၏။

လင်းကြိုင်သည် ထိုအဆောက်အအုံအား မြင်တွေ့လိုက်သည်နှင့် ဝမ်းသာသွားသည်။

မြေပေါ်သူတော်ဂိုဏ်းချုပ် ဖြစ်လာရသည်ကိုလည်း ဂုဏ်ယူမိလေသည်။

* * *

အဆောက်အအုံသည် အလွန်ခန့်ညားထည်ဝါသည်။

ကျောက်တုံးကျောက်ခဲများဖြင့် ခိုင်ခန့်စွာ တည်ဆောက်ထားသော အဆောက်အအုံတစ်ခုသည်။

သို့သော်...

ထူးခြားသည်မှာ ထိုအဆောက်အအုံသည် လူသူတစ်စုံတစ်ယောက်မျှ ရှိမနေဘဲ သုသာန်တစပြင်ကဲ့သို့ ခြောက်ကပ်တိတ်ဆိတ်နေခြင်းပင် ဖြစ်သည်။

လင်းကြိုင်၏စိတ်ထဲ၌ သံသယ ဖြစ်လာသည်။

သူတော်ကြီးဝမ်းချိုဘက်သို့ လှည့်လိုက်ပြီး...

"ခင်ဗျားတို့ ဌာနချုပ် အဆောက်အအုံကလည်း တစ်မျိုးကြီးပါလား"

သူတော်ကြီးဝမ်းချို ခေါင်းခါယမ်းလိုက်သည်။

"ဒါက ကျုပ်တို့ ဌာနချုပ် မဟုတ်ပါဘူး"

လင်းကြိုင် မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် ဘာအဆောက်အအုံလဲ"



ဝမ်းချိုက...

"ဒီအဆောက်အအုံဟာ ကျုပ်တို့ မြေပေါ်သူတော်ဂိုဏ်းမှာ အဆက်ဆက်က သေဆုံးခဲ့တဲ့ ဂိုဏ်းချုပ်တွေကိုထားတဲ့ သင်္ချိုင်းပါ"

"ဟင်"

လင်းကြိုင်၏မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွားရလေသည်။ မျက်နှာရှုံ့မဲ့သွားပြီး လှမ်းနေသော ခြေလှမ်းကို ရပ်တန့်လိုက်သည်။

"ဟာ ကျုပ်မှ မသေသေးဘဲ၊ ဘာဖြစ်လို့ ဒီကိုခေါ်လာရတာလဲ"

ကျူးရှင်းက ဦးညွှတ်လိုက်သည်။

"ဂိုဏ်းချုပ်အတွက် ဂိုဏ်းချုပ်အရိုက်အရာ ဆက်ခံတဲ့ အခမ်းအနား ကျင်းပပေးမလို့ပါ"

လင်းကြိုင် မျက်မှောင်ကြုတ်သွားသည်။

"ဘယ်လို ဂိုဏ်းချုပ်တင်မြှောက်တဲ့ အခမ်းအနား ဒီမှာလာပြီး ကျင်းပရမယ် ဟုတ်လား"

ဝမ်းချို ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ဒါကတော့ ကျုပ်တို့ မြေပေါ်သူတော်ဂိုဏ်းရဲ့ စည်းကမ်းတစ်ခုပါ"

သူတို့သည် ပြောဆိုရင်း လင်းကြိုင်အား အဆောက်အအုံထဲသို့ ခေါ်ဆောင်လာခဲ့ကြသည်။

အဆောက်အအုံထဲတွင် ကြီးမားသော ခန်းမကြီးတစ်ခု ရှိလေသည်။

ခန်းမ၏အလယ်တွင် ကျောက်ဖြင့် ပြုလုပ်ထားသော ကုလားထိုင်တစ်လုံးလည်း ရှိနေပေသည်။

ကျူးရှင်းနှင့် ပင်းကျက်တို့သည် လင်းကြိုင်အား ခြံရံလျက် ကျောက်ကုလားထိုင်ပေါ်သို့ ထိုင်စေလေသည်။

ထို့နောက်...

ပင်းကျက်က စားပွဲပေါ်၌ အသင့်ထားရှိသော ဦးသျှောင် တစ်ခုကိုယူ၍ လင်းကြိုင်၏ခေါင်းပေါ်သို့ တင်ပေးလိုက်သည်။

ထိုသို့ ပြုလုပ်ပြီးသည်နှင့် သူတို့သည် ခေတ်အဆက်ဆက် က ဂိုဏ်းချုပ်များ၏အုတ်ဂူကို ဂါရဝပြုကြသည်။

ဂါရဝပြုပြီးသည်နှင့် ကျူးရှင်းသည် လင်းကြိုင်အား ကျောက်ကုလားထိုင်ပေါ်သို့ ထိုင်စေသည်။

ပြီးလျှင် ဂိုဏ်းသားများဘက်သို့ လှည့်၍ လေးနက်တည် ကြည်သောအသံဖြင့် ကြေညာလိုက်လေသည်။

"မြေပေါ်သူတော်ဂိုဏ်းသားအားလုံး သိစေရန် ကြေညာ လိုက်ပါသည်။ ကျုပ်တို့ မြေပေါ်သူတော်ဂိုဏ်းမှာ ဂိုဏ်းချုပ်နေရာ လစ်လပ်နေတာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ၊ အခု မိုးနတ်မင်း မ,စလို့ ဂိုဏ်းချုပ်အသစ်တစ်ယောက် ထိုက်ထိုက်တန်တန် ရရှိခဲ့ပါပြီ၊ ဒါ ကြောင့် ဂိုဏ်းသားအားလုံးဟာ ဂိုဏ်းချုပ်အရိုက်အရာကို ဆက်ခံ မယ့် ဂိုဏ်းချုပ်အသစ်ကို သစ္စာခံယူရမယ်လို့ လေးနက်စွာ ကြေညာ အပ်ပါသည်။"

သူ၏စကားသံဆုံးသည်နှင့် မြေပေါ်သူတော်ဂိုဏ်းသား များသည် ဂိုဏ်းချုပ်အသစ် ဖြစ်သော လင်းကြိုင်အား တစ်ဦးချင်း



လာရောက်အရိုအသေပြုကြလေသည်။

အတန်ကြာတော့မှ ကျူးရှင်းက ဂိုဏ်းချုပ်တင်မြှောက် သည့် အခမ်းအနားကို ချောမောအောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာလိုက်ရာ အားလုံးက ပြိုင်တူ ကြွေးကြော်လိုက်လေသည်။

"ဂိုဏ်းချုပ်ကြီး သက်တော်ရာတော် ရှည်ပါစေ"

သူတို့သည် သုံးကြိမ်တိတိ ကြွေးကြော်ပြီးနောက် ညစာ စားပွဲကို စတင်တည်ခင်း ဧည့်ခံကြလေသည်။

ဂိုဏ်းသားများက နှစ်ပေါင်းကြာမြင့်စွာ မျှော်လင့်တောင့်တ နေသော ဂိုဏ်းချုပ်အသစ် ရရှိလိုက်သည့်အတွက် အားလုံး ဝမ်းသာ ပီတိဖြစ်ကာ ပျော်ရွှင်စွာ စားသောက်ကြသည်။

လင်းကြိုင် ရှေ့တွင် ဟင်းလျာများ၊ အရက်များ စုံလင်စွာ ချပေးထားသည်။

လင်းကြိုင်သည် ဗိုက်အလွန်ဆာပြီ ဖြစ်၍ စားသောက်ရန် ဟင်းလျာများကို ကြည့်လိုက်ရာ သူ့ရှေ့တွင် ချထားသော ဟင်းလျာ များမှာ အမျိုးနှစ်ဆယ်ခန့် ရှိသည်ကို တွေ့ရသည်။

သို့ရာတွင်...

ထိုဟင်းလျာများသည် သားငါးလုံးဝ မပါဘဲ ပဲတစ်မျိုး တည်းကိုသာ အမျိုးမျိုးဖြင့် ချက်ထားခြင်း ဖြစ်သည်။

လင်းကြိုင် မျက်မှောင်ကြုတ်သွားသည်။

"ဒီမှာ ကျူးရှင်း၊ ကျုပ်လို ဂိုဏ်းချုပ်တစ်ယောက်က ဒီဟင်း လျာပဲ စားသောက်ရမှာလား"

ကျူးရှင်း ပြုံးလိုက်သည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ ကျုပ်တို့ မြေပေါ်သူတော်ဂိုဏ်းက ဆင်းရဲပါတယ်၊ ဒါကြောင့် ပဲတစ်မျိုးတည်း ချက်ထားတာပါ"

လင်းကြိုင်သည် စကားမပြောတော့ဘဲ အရက်ကရားကို ယူ၍ အရက်ကို ငှဲ့လိုက်သည်။

ထို့နောက်...

တစ်ကျိုက်တည်းမော့သောက်လိုက်သည်။

"ထွီ"

အရက်များကို ထွေးထုတ်လိုက်သည်။

သူသောက်လိုက်သော အရက်သည် အရက် မဟုတ်ဘဲ ရေ ဖြစ်နေသောကြောင့်ပင်။

လင်းကြိုင်သည် ဒေါသကြီးစွာဖြင့် ကျူးရှင်းဘက်သို့ လှည့်၍...

"မင်းတို့က ငါ့ကို စော်ကားတာလား"

ဟု အော်လိုက်၏။

ကျူးရှင်း ကမန်းကတန်း ဦးညွှတ်ကာ...

"ဂိုဏ်းချုပ်ကြီးကို မစော်ကားဝံ့ပါဘူး"

လင်းကြိုင်က...

"ဒါဖြင့် ဘာဖြစ်လို့ ငါ့ရဲ့ အရက်ကရားထဲမှာ ရေထည့်ထားတာလဲ"

ဟု မေးလိုက်သည်။

ကျူးရှင်း ပြုံးလိုက်သည်။

"ဒီလိုပါ ဂိုဏ်းချုပ်ကြီး၊ မြေပေါ်သူတော်ဂိုဏ်းဟာ သူတော်



ကြီးများ အများဆုံး ပါဝင်တဲ့အတွက် အရက်မသောက်ကြပါဘူး၊ ရေကို အရက်အဖြစ် သဘောထားပြီး သောက်သုံးနေရတာပါ"

လင်းကြိုင် မကျေမနပ် ဖြစ်လာလေသည်။

"ဟာ ဒီလိုဆိုရင် မင်းတို့ဂိုဏ်းမှာ ဂိုဏ်းချုပ် ဖြစ်ရတာ မဟန်ပါလား"

ဤတွင်...

သူတော်ကြီးဝမ်းချိုအတွက် အကွက်ဝင်လာသဖြင့် ကောက်ကာငင်ကာ လှမ်းမေးလိုက်သည်။

"ဂိုဏ်းချုပ်ကြီးက ဂိုဏ်းချုပ်နေရာ မလိုချင်ဘူးလား"

ကျူးရှင်းက ဝင်ရောက်ဟန့်တားလိုက်သည်။

"အို ဂိုဏ်းချုပ်တင်မြှောက်တဲ့ အခမ်းအနားတောင် လုပ်ပြီးပြီ၊ ဂိုဏ်းချုပ် မလုပ်ချင်လို့ ဘယ်ရမလဲ"

ဝမ်းချိုက မဲ့ပြုံးပြုံးလိုက်ပြီး...

"သူက ဂိုဏ်းချုပ်မှ မလုပ်ချင်ဘဲ အတင်းခိုင်းလို့ ဘယ်ဖြစ်မလဲ"

"သူ မလုပ်ချင်ရင် ခင်ဗျားရမယ်လို့များ စိတ်ကူးထားသလား"

ကျူးရှင်း မကျေမနပ်ဖြင့် လှမ်းမေးလိုက်သည်။

သူ့စကားကြောင့် ဝမ်းချို ဒေါသထွက်သွားသည်။

"မင်း စကားကြည့်ပြောပါ"

လင်းကြိုင်မှာ သူတို့နှစ်ယောက် အခြေအနေ တင်းမာလာသောကြောင့် မနေသာတော့ဘဲ ကြားဝင်ဖျန်ဖြေလိုက်ရတော့သည်။

"ကဲပါဗျာ၊ အငြင်းအခုံ လုပ်မနေပါနဲ့တော့၊ ဒုက္ခရောက်လက်စနဲ့ ကျုပ်ပဲ ဆက်ပြီး ဒုက္ခခံလိုက်ပါ့မယ်"

* * *

ထိုည...

လင်းကြိုင် အိပ်မပျော်ပါ။

သူသည် ဘုမသိဘမသိဖြင့် မြေပေါ်သူတော်ဂိုဏ်းချုပ်ဖြစ်လာရသည်ကို ကြီးစွာ နောင်တရမိလေသည်။

သူတော်ကြီးဝမ်းချို့သည် လင်းကြိုင်ကို မျက်ခြည်မပြတ်အကဲခတ်ကြည့်နေသူဖြစ်ရာ လင်းကြိုင်တစ်ယောက် တလူးလူးတလိမ့်လိမ့် အိပ်မပျော်နိုင်ဘဲ ဖြစ်နေသည်ကို တွေ့မြင်သိရှိလိုက်ရသည်။

ထို့ကြောင့်...

အခန်းအနီးသို့ ချဉ်းကပ်ကာ တံခါးကို အသာအယာ ခေါက်လိုက်သည်။

"ဒေါက်..ဒေါက်"

အချိန်မတော် တံခါးခေါက်သံ ထွက်ပေါ်လာသဖြင့် လင်းကြိုင် မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူလဲ"

"ကျုပ်ပါ"

"ကျုပ်ဆိုတာ ဘယ်သူလဲ"



"ဝမ်းချို့ပါ"

လင်းကြိုင်က အခန်းတံခါးကို ထ၍ ဖွင့်ပေးလိုက်သည်။

ဝမ်းချို့က လင်းကြိုင်ကို ဦးညွှတ်၍ အရိုအသေပြုလိုက်သည်။

"ဂိုဏ်းချုပ်ကြီး အိပ်မပျော်ဘူးလား"

လင်းကြိုင် မျက်မှောင်ကုပ်လိုက်သည်။

"ကျုပ်ကို ဂိုဏ်းချုပ်လို့ မခေါ်ပါနဲ့၊ ဒီလို ဂိုဏ်းမျိုးမှာ ဂိုဏ်းချုပ် မလုပ်ချင်ပါဘူးဗျာ"

လင်းကြိုင်က စိတ်ထဲ ရှိသည့်အတိုင်း တဲ့တိုးပြောချလိုက်ရာ ဝမ်းချို့၏စိတ်ထဲ၌ ကြိတ်၍ ဝမ်းသာသွား၏။

ချက်ချင်းပင် စိတ်လက်မချမ်းသာ ဖြစ်နေသလို ဟန်ဆောင်လိုက်ပြီး...

"ဟုတ်ပါတယ်ဗျာ၊ ဂိုဏ်းချုပ်ကြီးအတွက် ကျုပ်လဲ စိတ်မချမ်းသာ ဖြစ်နေပါတယ်"

လင်းကြိုင်က ဝမ်းချို့ကို ကြည့်လိုက်သည်။

ပြီးနောက် တီးတိုးလေသံဖြင့် လှမ်းပြောလိုက်သည်။

"ဒီမှာ ကျုပ်ကို ကူညီပါလား"

ဝမ်းချို့၏စိတ်ထဲ၌ ရယ်ချင်စိတ်များ ဖြစ်ပေါ်လာသည်။

သို့ရာတွင် မရယ်ဘဲ မျက်နှာကို သုန်မှုန်ထားသည်။

"ပြောပါဗျာ၊ ကျုပ် ဘာကူညီပေးရမလဲ"

လင်းကြိုင်က...

"ကျုပ်ထွက်ပြေးချင်တယ်၊ အဲဒါကို ကူညီပါလား"

ဝမ်းချိုသည် လင်းကြိုင်က မိမိမျှော်လင့်ထားသည့်အတိုင်း မြေပေါ်သူတော်ဂိုဏ်းကို စွန့်ခွာထွက်ပြေးချင်သည်ဟု ပြောလာသည့်အတွက် ဝမ်းသာသွားသည်။

ဝမ်းချို အနေဖြင့်လည်း လင်းကြိုင်ကို ထွက်ပြေးစေချင်သည်။

သို့မှသာ သူက မြေပေါ်သူတော်ဂိုဏ်း၏ဂိုဏ်းချုပ် နေရာကို ဆက်ခံနိုင်မည် မဟုတ်ပါလား။

ဝမ်းချိုသည် မျက်နှာရှုံ့မဲ့ကာ...

"အမှန်ပြောရမယ်ဆိုရင် ကျုပ်အနေနဲ့ ကူညီလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒါပေမယ့် ခင်ဗျားဒုက္ခကို မကြည့်ရက်လို့ ကူညီပေးပါ့မယ်"

လင်းကြိုင် ဝမ်းသာသွားသည်။

"ဒါဖြင့် အချိန်မရှိဘူး၊ ကျုပ်ကို အခု လိုက်ပို့ဗျာ"

ဝမ်းချို ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်နောက်ကို လိုက်ခဲ့ပေတော့"

ဝမ်းချိုသည် လင်းကြိုင် ထွက်ပြေးနိုင်ရန် ရှေ့မှ လမ်းပြ၍ ခေါ်ဆောင်သွားလေသည်။

* * *



လင်းကြိုင်သည် ဝမ်းချို လမ်းပြသည့်အတိုင်း အဆောက်အအုံထဲမှ တိတ်တဆိတ် ထွက်ခွာလာခဲ့လေသည်။

ရုတ်တရက်ဆိုသလို ဖုံးရှင်တစ်ယောက် မြူနီးစားကြီး ထွက်လာကာ လင်းကြိုင်အား ဟန့်တားလိုက်သည်။

"ငါတပည့် မင်း ဘယ်သွားမလို့လဲ"

ဖုံးရှင်က ရုတ်တရက် ဟန့်တားသည့်တိုင် လင်းကြိုင်က ဂရုမစိုက်ချေ။

ခြေလှမ်းကို ဆက်၍ လှမ်းမြဲလှမ်းနေသည်။

"ကျုပ် ဒီကနေ ထွက်သွားတော့မလို့"

"ဟင်"

ဖုံးရှင် အံ့သြသွားသည်။

လင်းကြိုင်ကို မျက်လုံးပြူး မျက်ဆံပြူးဖြင့် စိုက်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

လင်းကြိုင် မျက်နှာမဲ့လိုက်ပြီး...

"ဒီလောက် ဆင်းရဲတဲ့ဂိုဏ်းမှာ ကျုပ်က ဂိုဏ်းချုပ် မလုပ်ချင်တော့လို့"

ဖုံးရှင် လက်ကာပြလိုက်သည်။

"စဉ်းစဉ်းစားစားလုပ်ပါ၊ ငါတပည့်ရာ"

ဖုံးရှင်က လင်းကြိုင်ကို လှမ်း၍ ဟန့်တားလိုက်သည်ကို တွေ့ရသောအခါ ဝမ်းချိုသည် ဖုံးရှင်ကို အတော်ပင် မကျေမနပ်ဖြစ်သွား၏။

"ခင်ဗျား ပါးစပ်ပိတ်ထားရင် ကောင်းမယ်"

ဝမ်းချိုက စိတ်ပေါက်ပေါက်ဖြင့် ဖုံးရှင်ကို လှမ်း၍ ပြောလိုက်သည်။

ဖုံးရှင် ပါးစပ်ပိတ်ထားလိုက်သည်။

ထိုစဉ်မှာပင်...

အဆောက်အအုံထဲမှ မြေပေါ်သူတော်ဂိုဏ်းသားများသည် သူ့နောက်သို့ လိုက်လာနေသည်ကို တွေ့ရလေ၏။

မြေပေါ်သူတော်ဂိုဏ်းသားများ လိုက်လာသည်ကို မြင်လျှင် လင်းကြိုင်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"အခုမှ ဒုက္ခပဲ"

လင်းကြိုင်သည် နှုတ်မှ ခပ်ညည်းညည်း ရေရွတ်ကာ ချာခနဲ လှည့်ရင်း ပြေးလွှားထွက်ခွာသွားလေသည်။ သို့သော်...

လင်းကြိုင်၏ အကြံအစည်မှာ အောင်မြင်မှု မရရှိပါချေ။

သူသည် ဝိုင်းအုံလာသော မြေပေါ်သူတော်ဂိုဏ်းသားများကို ထိုးဖောက်ထွက်ပြေးနိုင်ခြင်း မရှိခဲ့သောကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့်...

မြေပေါ်သူတော်ဂိုဏ်း၏ တောင်ပေါ်သို့ ပြန်လည်လိုက်ပါသွားရလေတော့သည်။

* * *



# အကြံအစည်

လင်းကြိုင်သည် မြေအောက်ခန်းရှိ သီးသန့်အခန်းတစ်ခုထဲ ရောက်ရှိနေ၏။

သူသည် မြေပေါ်သူတော်ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်၏။

ထို့ကြောင့်...

မြေပေါ်သူတော်ဂိုဏ်း၏ ကိုယ်ပိုင်ဆိုင်ရာ ပညာရပ်များကို သင်ကြားရမည် ဖြစ်ပေသည်။

လင်းကြိုင်သည် ထွက်ပြေးရန် အကြိမ်ကြိမ် ကြိုးစားနေသော်လည်း မည်သို့မျှ မအောင်မြင်ဘဲ ဖြစ်နေသည်။

မြေပေါ်သူတော်ဂိုဏ်းသားများအားလုံးက သူ့ကို မျက်လုံးဒေါက်ထောက်ကြည့်နေကြရာ လင်းကြိုင်အဖို့ ထွက်ပြေးရန် ပိတ်၍ ခက်နေတော့သည်။

ထို့ကြောင့်...

ထွက်ပြေး၍မရသည့် အတူတူ ကျူးရှင်းပေးထားသည့် သိုင်းကျမ်းစာအုပ်ကိုသာ အပျင်းပြေ ဖတ်ရှုနေလေသည်။

ထိုသိုင်းပညာရပ်များကိုလည်း ပုံမှန်လေ့ကျင့်နေလေတော့သည်။

* * *

ဖုံးရှင်လည်း မြေပေါ်သူတော်ဂိုဏ်းထဲ ရောက်ရှိပါက တစ်စုံတစ်ရာ အကျိုးအမြတ် ရှိလိမ့်မည်ဟု မျှော်လင့်ထားခဲ့၏။

သို့သော်...

တကယ့် လက်တွေ့တွင် မြေပေါ်သူတော်ဂိုဏ်းသည် မိမိမျှော်မှန်းထားသလို အားကိုး၍မရမှန်း သိလာသောအခါ ဖုံးရှင်သည် အကြီးအကျယ် စိတ်ပျက်လက်ပျက် ဖြစ်သွားလေသည်။

မြေပေါ်သူတော်ဂိုဏ်းသည် ပွန်ဗွာဆင်းရဲပြီး အစစအရာရာ ချို့တဲ့နေရာ ထိုဂိုဏ်းထဲ၌ ဆက်လက်နေထိုင်ရန်ပင် ဖုံးရှင် အနေဖြင့် ဆန္ဒမရှိတော့ချေ။

မြေပေါ်သူတော်ဂိုဏ်းတွင် အဖွဲ့ဝင်ဦးရေ နှစ်ရာခန့် ရှိသည်ဟု ခန့်မှန်းရသည်။

ထိုအဖွဲ့ဝင် နှစ်ရာခန့်၏ စားဝတ်နေရေးကို မြေပေါ်သူတော်ဂိုဏ်းမှ မည်သို့ ထိန်းသိမ်းဆောင်ရွက်နိုင်မည်ကို ဖုံးရှင် နားမလည်နိုင်အောင် ဖြစ်နေမိသည်။

မည်သို့ဆိုစေ...



မြေပေါ်သူတော်ဂိုဏ်းသည် အဖွဲ့ဝင်နှစ်ရာခန့်တို့၏ စားဝတ်နေရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် ဝင်ငွေတစ်ခုခုတော့ ရှိနေမည်မှာ သေချာသည်။

ဖုံးရှင်သည် ထိုကိစ္စကို စုံစမ်းထောက်လှမ်းရန် စိတ်ဆန္ဒများ ဖြစ်ပေါ်လာလေသည်။

ထို့ကြောင့်...

အခြေအနေ အခါအခွင့်ကို မျက်ခြည်မပြတ် အကဲခတ်လျက် ရှိနေပေသည်။

တစ်နေ့တွင် ဖုံးရှင်သည် နံနက်စောစော အိပ်ရာမှ ထလာသည်။

ပြတင်းပေါက်တံခါးကို ဖွင့်လိုက်စဉ် သူတော်ကြီးဝမ်းချို့ ဦးဆောင်သော မြေပေါ်သူတော်ဂိုဏ်းသားများသည် လက်တွန်းလှည်းကိုယ်စီတွန်း၍ ထွက်ခွာသွားနေကြသည်ကို အမှတ်မထင် တွေ့မြင်လိုက်ရလေသည်။

ဖုံးရှင် စိတ်ဝင်စားသွားသည်။

မြေပေါ်သူတော်ဂိုဏ်းသားများသည် ပစ္စည်းတစ်စုံတစ်ရာကို တင်ဆောင်ထွက်ခွာသွားခြင်း ဖြစ်မည်ဟု ခန့်မှန်းလိုက်မိလေသည်။

မည်သည့်ပစ္စည်း ဖြစ်နေပါသနည်း။

မည်သည့်နေရာ၊ မည်သည့်ကိစ္စဖြင့် သယ်ယူသွားခြင်း ဖြစ်ပါသနည်း။

မေးခွန်းများက အစီအရီ ပေါ်လာသည်။

ထို့ကြောင့်...

ဖုံးရှင်သည် အကျိုးအကြောင်း သိရှိနိုင်ရန် နောက်ယောင်ခံလိုက်ကြည့်မည်ဟု ဆုံးဖြတ်လိုက်၏။

ကပျာကယာ အဝတ်အစားလဲပြီး အခန်းထဲမှ ထွက်လိုက်သည်။

အပြင်ရောက်သည်နှင့် မမျှော်လင့်ဘဲ ကျူးရှင်းနှင့် ပက်ပင်းတိုးမိသည်။

"ဒါနဲ့ သူတို့ ဘယ်ကို သွားကြမလို့လဲ"

ဖုံးရှင်က အမှတ်မထင် မေးလိုက်ခြင်း ဖြစ်သည်။

ကျူးရှင်းက ဘာမှထူးခြားဟန် မပြဘဲ ခပ်အေးအေးပင် ပြန်ပြောသည်။

"မြို့ထဲ သွားမလို့လေ"

"ဘာသွားလုပ်မလို့လဲ"

"ပစ္စည်းသွားဝယ်မလို့"

"ဟာ အတော်ပဲ၊ ကျုပ်လဲ ပျင်းနေတာ မြို့ထဲ လိုက်သွားဦးမှပဲ"

ကျူးရှင်း ခေါင်းညိတ်လိုက်သည်။

"လိုက်ချင်လိုက်သွားလေ၊ တော်ကြာ မမီဘဲ နေဦးမယ်"

ဖုံးရှင်သည် ချက်ချင်းပင် မြေပေါ်သူတော်ဂိုဏ်းသားများ နောက်သို့ အပြေးအလွှား လိုက်ပါသွားလေတော့သည်။

* * *



မြို့ကလေးသို့ ရောက်ရှိသွားသောအခါ ဖုံးရှင်သည် အစားအသောက်များ ကောင်းမွန်စွာ မစားရသည်မှာ ကြာသွားပြီ ဖြစ်ရာ စားသောက်ဆိုင်သို့ လှမ်းဝင်သွားပြီး တဝတပြ စားသောက်လိုက်လေသည်။

သူသည် စားသောက်ပြီးနောက် ဂိုဏ်းသားများ လှုပ်ရှားမှုကို အကဲခတ်ကြည့်နေလေသည်။

မြေပေါ်သူတော်ဂိုဏ်းသားများသည် မီးဖိုချောင်သုံးပစ္စည်းများကို ဝယ်ယူနေသည့်အပြင် ပရဆေးဆိုင်မှ ဆေးများကိုလည်း ဝင်ဝယ်နေသည်ကို တွေ့ရ၏။

သို့သော်...

ထူးခြားသည်မှာ သူတို့ဝယ်ယူသော ဆေးများမှာ ဝမ်းလျှောလျှင် သောက်ရသော ဆေးမြစ်တစ်မျိုးတည်းကိုသာ အများအပြား ဝယ်ယူနေသည်ကို တွေ့ရခြင်း ဖြစ်သည်။

ဖုံးရှင်သည် စားသောက်ပြီးနောက် ဝမ်းချို ဝယ်ယူနေသော ပရဆေးဆိုင်အနီးသို့ မယောင်မလည် လျှောက်သွားလေသည်။

ပရဆေးဆိုင်ရှင်နှင့် ဝမ်းချိုတို့ စကားပြောနေသည်ကိုလည်း နားစွင့်လိုက်သည်။

"ကျုပ် ဆိုင်မှာ ရှိသမျှ ဒီဆေးမြစ်ကို အကုန်ဝယ်တာ ဟုတ်ပါပြီ၊ တော်ကြာ မြို့သူမြို့သားတွေ ဝမ်းလျှောရောဂါ ဖြစ်လာရင် ဘယ့်နှယ်လုပ်မလဲ"

ဝမ်းချိုက...

"အရေးမကြီးပါဘူး၊ လိုချင်ရင် ကျုပ်တို့ ရှိတဲ့ တောင်ပေါ်

လာဝယ်နိုင်းပေါ့ဗျာ"

ဖုံးရွှင်သည် ဝမ်းချို၏စကားကို ကြားလိုက်ရသည်နှင့် မြေပေါ်သူတော်ဂိုဏ်း၏ လုပ်ရပ်များကို နားလည်သဘောပေါက်သွားလေသည်။

မြေပေါ်သူတော်ဂိုဏ်းသားတို့သည် နှစ်စဉ်နှစ်တိုင်း ဆေးဝါးအမျိုးမျိုးကို အကြီးအကျယ် ဝယ်ယူသိုလှောင်ထားခြင်းဖြင့် ဝေဒနာရှင်များကို လိုအပ်သောအခါ အဆမတန် ဈေးတင်၍ ပြန်ရောင်းချခြင်းဖြင့် အမြတ်အစွန်းကိုရအောင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း နားလည်လာသည်။

ထိုနည်းဖြင့် ဂိုဏ်းသားနှစ်ရာကျော်၏ စားဝတ်နေရေးကို ထိန်းသိမ်းနေခဲ့ခြင်း ဖြစ်သည်။

ယင်းကဲ့သို့ လုပ်ရပ်သည် တရားမျှတမှုမရှိဟု ဖုံးရွှင်၏ စိတ်ထဲတွင် ခံစားလာရလေသည်။

မြေပေါ်သူတော်ဂိုဏ်း အပေါ်တွင် စိတ်ပျက်လက်ပျက် ဖြစ်လာမိသည်။

မကြာမီတွင် လက်တွန်းလှည်းများပေါ်၌ ဆေးမြစ်များ၊ ဆေးအိတ်များ အပြည့်တင်ကာ ပြန်လည်ထွက်ခွာသွားကြသည်ကို တွေ့မြင်ရလေသည်။

သူတို့သည် ထိုမြို့ကလေးတွင်သာမက မြို့အနီးတစ်ဝိုက်ရှိ ပရဆေးဆိုင်များသို့လည်း သွားရောက်ကာ ဆေးမြစ်များကို သိမ်းကြုံးဝယ်ယူ၍ ထွက်ခွာသွားကြလေသည်။

* * *



ထိုနေ့ညတွင် ဖုံးရွှင်သည် လင်းကြိုင် နေထိုင်သော အခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေသည်။

"ဘယ်လိုလဲ ငါ့တပည့်၊ ဂိုဏ်းချုပ် လုပ်ရတာ ပျော်ရဲ့လား"

လင်းကြိုင် ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

မျက်နှာလည်း ရှုံ့မဲ့နေသည်။

"မပြောပါနဲ့ဗျာ၊ ကျုပ်တော့ ထွက်ပြေးချင်ပြီ"

ဖုံးရွှင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ တို့ ဒီမှာနေလို့ ဘာအကျိုးထူးမှ မရှိဘူးလို့ ငါထင်တယ်"

လင်းကြိုင်က ဖုံးရွှင်ကို သရော်သလို လှမ်းကြည့်လိုက်ပြီး...

"ဒါနဲ့ ဒီမှာနေရင် စားဝတ်နေရေး မပူရဘူးလို့ ခင်ဗျားပဲ ပြောတယ် မဟုတ်လား"

ဖုံးရွှင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ပထမတုန်းကတော့ သူတို့ အင်အားကို အခြေခံပြီး တို့လုပ်ချင်တဲ့ လုပ်ငန်းကို လုပ်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မင်းကို လက်ခံခိုင်းခဲ့တာပါ"

လင်းကြိုင် မျက်မှောင်ကြုတ်သွားသည်။

"အခုတော့ ခင်ဗျားလဲ စိတ်ပျက်သွားပြီ မဟုတ်လား"

ဖုံးရွှင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဒါဖြင့် ကျုပ်တို့ ဘာဖြစ်လို့ ဆက်နေရမှာလဲ"

ဖုံးရွှင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူတို့က ထွက်ပေါက်အားလုံးကို အစောင့်ချထားတယ်ကွ၊ တို့ ထွက်ပြေးဖို့ဆိုတာ မဖြစ်နိုင်ဘူး"

ဖုံးရှင်၏စကားကြားရသည့်အခါ လင်းကြိုင်မှာ အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်။

"ဘာလဲ၊ ကျုပ်တို့ တစ်သက်လုံး ဒီလိုပဲ နေသွားတော့မှာလား"

ဖုံးရှင်သည် မျက်မှောင်ကြုတ်၍ စဉ်းစားနေသည်။

အတန်ကြာသော် တစ်စုံတစ်ခုကို တွေးမိလာဟန်ဖြင့် လက်ဖျစ်တစ်ချက် တီးလိုက်သည်။

"ဟုတ်ပြီ၊ ငါအကြံတစ်ခု ရပြီ"

"ဒါဖြင့် ပြောစမ်းပါဗျာ၊ ဘယ်လိုလုပ်ရမလဲ"

လင်းကြိုင်က ခပ်လောလော ပြန်ပြောလိုက်ခြင်း ဖြစ်လေသည်။

ဖုံးရှင်က သူ၏အနားသို့ ကပ်၍ တီးတိုးပြောလိုက်၏။

လင်းကြိုင်က နားထောင်ရင်း မျက်လုံးပြူးကျယ်လာလေသည်။

ဖုံးရှင်သည် လင်းကြိုင်ကို စိတ်အားထက်သန်စွာ လှမ်းကြည့်ရင်း...

"ဘယ့်နှယ်လဲ ငါပေးတဲ့အကြံ မကောင်းဘူးလား"

လင်းကြိုင် ခေါင်းခါယမ်းလိုက်၏။

"မကောင်းဘူး"

"ဘာဖြစ်လို့လဲ"



"တော်ကြာ ခင်ဗျားဆေးလုံးက ထင်တဲ့အတိုင်း ဖြစ်မလာရင် ကျုပ် အချောင်သေလိမ့်မယ်"

ဖုံးရှင် ခေါင်းယမ်းလိုက်သည်။

"ဒီအတွက်တော့ မပူစမ်းပါနဲ့၊ ဆရာတစ်ယောက်လုံး ရှိပါတယ်"

လင်းကြိုင်သည် သေချာစွာ စဉ်းစားကြည့်ပြီး...

"ခင်ဗျားပြောတဲ့အတိုင်းဆိုရင် ဒီဆေးလုံးကို သောက်တာနဲ့ တစ်ရက်တိတိ လုံးဝအသက်ရှူရပ်သွားမယ် ဟုတ်လား"

ဟု မေးလိုက်သည်။

ဖုံးရှင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လင်းကြိုင် မျက်မှောင်ကြုတ်သွားသည်။

"တကယ်လို့ ခင်ဗျားပြောတဲ့အတိုင်း ပြန်သတိမရလာရင်ကော"

ဖုံးရှင်က သူ့ရင်ဘတ်ကို ပုတ်ပြပြီး ရဲရဲဝံ့ဝံ့ အာမခံလိုက်သည်။

"ကျုပ် တာဝန်ယူတယ်"

လင်းကြိုင်က စဉ်းစားလိုက်သည်။

သူသည် အတန်ကြာ စဉ်းစားပြီးမှ ခေါင်းညိတ်လိုက်သည်။

ချက်ချင်းပင် တစ်စုံတစ်ခုကို စဉ်းစားမိပြီး ကပျာကယာ လှမ်းမေးလိုက်သည်။

"နေပါဦး၊ ကျုပ်ကို သေသွားပြီ ထင်တာနဲ့ အလောင်းထား

တဲ့ အခန်းကို သူတို့သွားထားမှာပေါ့"

ဖုံးရှင် ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့"

"သူတို့က အလောင်းကို ထားပြီးတော့နဲ့ တံခါးကို အလုံပြန်ပိတ်လိုက်ရင် ကျုပ် ဘယ်လိုထွက်နိုင်မှာလဲ"

ဖုံးရှင် ပါးစပ်ပိတ်ထားလိုက်၏။

သူသည် လက်နှစ်ဖက် နောက်ပစ်၍ သေချာစွာ စဉ်းစားလိုက်ပြန်သည်။

"ကိစ္စ မရှိပါဘူး၊ ကျုပ်က ဂိုဏ်းသားအစောင့်ကို ငွေပေးထားမယ်၊ အပြင်ကနေ မင်းတုပ်မချဖို့ မှာထားလိုက်မယ်"

ဖုံးရှင် ပြုံးလိုက်သည်။

"မင်း ဘာမှမပူပါနဲ့ကွာ၊ ငါလဲ မင်းနဲ့အတူ အခန်းထဲမှာနေခဲ့မှာပါကွ"

"ခင်ဗျား အကြံ သိပ်ကောင်းတယ်"

သူတို့သည် သူတို့ ချမှတ်ထားသော အကြံအစည်အတိုင်း စတင်ကျင့်သုံးရန် ဆုံးဖြတ်ချက်ချလိုက်ကြလေတော့သည်။

* * *



နောက်တစ်နေ့ နံနက်တွင် ဖြစ်သည်။

လင်းကြိုင်သည် 'သူတော်သိုင်းကျမ်း'ကို သီးသန့်ခန်းအတွင်း လေ့ကျင့်နေ၏။

ယင်းသို့ လေ့ကျင့်သည့်အခါတိုင်း အကြီးအကဲ ဖြစ်သော ပင်းကျက်၊ ကျူးရှင်းနှင့် ဝမ်းချိုတို့က စောင့်ကြပ်ကြရသည်။

လင်းကြိုင်၏သိုင်းပညာ လေ့ကျင့်မှုကို မည်သူမျှ မနှောင့်ယှက်နိုင်အောင် စောင့်ကြပ်ရခြင်း ဖြစ်သည်။

ယနေ့အဖို့ စောင့်ရန် အလှည့်ကျသူမှာ ဝမ်းချို ဖြစ်၏။

လင်းကြိုင်သည် ဝမ်းချို အလှည့်ကျသည်ကို တွေ့ရ၍ မိမိအကြံအစည် အကောင်အထည် ဖော်နိုင်မည်ဟု ဝမ်းသာသွားလေသည်။

သူသည် သိုင်းလေ့ကျင့်ပြီးသည်နှင့် ဝမ်းချိုအား ပြုံးပြလိုက်သည်။

"ဘယ့်နှယ်လဲ သူတော်ကျမ်းကို ခင်ဗျားသဘောကျရဲ့လား"

ဝမ်းချို ခေါင်းညိတ်လိုက်သည်။

လင်းကြိုင်က ဝမ်းချိုကို အသာအယာ ပြုံးပြလိုက်ပြီး...

"ဒီလိုဆိုရင် လေ့ကျင့်ပါလားဗျာ"

ဝမ်းချို သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူတော်သိုင်းကျမ်းကို ဂိုဏ်းချုပ်က လွဲရင် ဘယ်သူကမှ လေ့ကျင့်ပိုင်ခွင့် မရှိဘူး"

လင်းကြိုင်က သူတော်သိုင်းကျမ်းကို လှမ်းပေးလိုက်၏။

"ယူပါဗျာ၊ ခင်ဗျားလေ့ကျင့်ဖို့အတွက် ကျူပ်ပေးတာပါ"

ဝမ်းချို ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ကျူပ်..ကျူပ်ကို ပေးမယ် ဟုတ်လား"

"ဟုတ်တယ်"

လင်းကြိုင်က သိုင်းကျမ်းကို ထိုးပေးသည့်တိုင် ဝမ်းချိုမှာ ချက်ချင်း လက်မခံဝံ့ဘဲ ဖြစ်နေသည်။

အသာအယာ ခေါင်းခါယမ်းလိုက်ပြီး...

"မဖြစ်ဘူး၊ ကျူပ်လက်ခံလိုက်ရင် ဂိုဏ်းစည်းကမ်းကို ချိုးဖောက်သလို ဖြစ်သွားလိမ့်မယ်"

လင်းကြိုင် မျက်မှောင်ကုပ်လိုက်သည်။

"ကျူပ် ပေးလိုက်တယ်လို့ ပြောပေါ့"

"ခင်ဗျားလဲ ပေးပိုင်ခွင့် မရှိဘူး"

"ဘာဖြစ်လို့လဲ"

"သူတော်သိုင်းကျမ်းဟာ ခင်ဗျား သေချင်လဲသေမှ၊ ဒါမှမဟုတ် ဂိုဏ်းချုပ်နေရာက ထွက်သွားမှ ပေးပိုင်ခွင့် ရှိတယ်"

လင်းကြိုင် ပြုံးလိုက်သည်။

"ဒီလိုဆိုရင် ခင်ဗျား စိတ်ချလက်ချသာ လက်ခံထားပေတော့"

ဝမ်းချို ကြောင်အမ်းအမ်း ဖြစ်သွားသည်။

လင်းကြိုင်ကို နားမလည်နိုင်ဟန်ဖြင့် ကြည့်သည်။

လင်းကြိုင်က ပြုံးရင်း...

"ကျူပ်က မနက်ဖြန်ဆို သေတော့မှာ"



ဝမ်းချို ပို၍ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

လင်းကြိုင်က ဝမ်းချိုကို ပြုံးပြပြီး အကျိုးအကြောင်း ရှင်းပြလိုက်သည်။

"ရှင်းရှင်းပြောရမယ်ဆိုရင် ကျူပ်က ခင်ဗျားတို့ရဲ့ ဂိုဏ်းချုပ် မလုပ်ချင်တော့ဘူး"

ဝမ်းချို သက်ပြင်းချလိုက်သည်။

"ခင်ဗျား လက်ခံပြီးပြီပဲ၊ ဘယ်လိုမှ ပြန်ထွက်လို့ မရတော့ပါဘူးဗျာ"

"ကျူပ်သေသွားရင်ကော"

"ခင်ဗျားက ဘာကြောင့် သေရမှာလဲ"

"ကျူပ်မှာ တစ်ရက်သေတဲ့ ဆေးလုံးရှိတယ်၊ ဒီဆေးလုံး သောက်ထားရင် တစ်ရက်လုံး သတိမေ့ပြီး သေသွားသလိုပါပဲ"

ဝမ်းချို တွေဝေသွား၏။ လင်းကြိုင်က စကားဆက်လိုက်၏။

"ကျူပ်ကို သေဘာယ်ဒိုပြီး ဂိုဏ်းချုပ်တွေကို သင်္ဂြိုလ်တဲ့နေရာ ကျူပ်ကို သယ်သွားလိမ့်မယ်၊ ခင်ဗျားလုပ်ပေးရမှာက အားလုံးပြန်သွားတဲ့အခါ တံခါးကို မင်းတုပ်မချဖို့ဘဲ"

ဝမ်းချိုသည် လင်းကြိုင်၏စကားများကို ပါးစပ်အဟောင်းသားဖြင့် နားထောင်လျက် ရှိနေပေသည်။

လင်းကြိုင်က ပြုံးပြပြီး စကားဆက်လိုက်သည်။

"ဒါကြောင့် အခုအချိန်ကစပြီး ဒီသိုင်းကျမ်းကို ကျူပ်က လက်ဆောင်အဖြစ် ခင်ဗျားကို ပေးလိုက်ပြီ"

ယခုမှ ဝမ်းချို သဘောပေါက် နားလည်လိုက်သည်။

"ခင်ဗျား တကယ် ပြောတာလား"

လင်းကြိုင် ခေါင်းညိတ်လိုက်သည်။

"တကယ် ပြောတာပါ၊ ခင်ဗျားကသာ ဒီသိုင်းကျမ်းကို ကျုပ်က ပေးသွားတယ်လို့ ကြေညာလိုက်ရင် ဂိုဏ်းချုပ်အလိုလို ဖြစ်သွားမှာပဲ"

ဝမ်းချို ဝမ်းသာအားရ ဖြစ်သွားကာ...

"ဟာ ဒီလိုဆိုရင် ဂိုဏ်းချုပ်ကြီးကို သိပ်ပြီး ကျေးဇူးတင်ပါတယ်ဗျာ"

လင်းကြိုင် လက်ကာပြလိုက်သည်။

"ကျုပ်ကို ကျေးဇူးတင်စရာ မလိုပါဘူး၊ ကျုပ်မှာထားတဲ့ အတိုင်း တံခါးမင်းတုပ်မချဖို့ဘဲ အရေးကြီးပါတယ်"

ဝမ်းချို ဦးညွှတ်လိုက်သည်။

"ဒီအတွက် စိတ်ချပါ ဂိုဏ်းချုပ်ကြီး"

"ကောင်းပြီ၊ ခင်ဗျားသွားနိုင်ပြီ"

"ဂိုဏ်းချုပ်ကြီး တကယ့် သေမှာနော်"

"စိတ်ချပါ၊ ကျုပ်တစ်ရက်ပဲ သေမယ်"

ဝမ်းချို ဦးညွှတ်ကာ ထွက်ခွာသွား၏။

အခန်းအပြင်သို့ ရောက်သောအခါ သူ၏မျက်နှာပေါ်တွင် ကောက်ကျစ်စဉ်းလဲသည့် အပြုံးများ ရုတ်ခြည်း ဖြစ်ပေါ်လာသည်။

ထိုအပြုံးကို လင်းကြိုင်တစ်ယောက် တွေ့မြင်နိုင်ခြင်း မရှိပါချေ။

* * *



သေဆုံးခြင်း

နံနက်...

ကျူးရှင်းတို့လူစုသည် ခန်းမထဲမှ တရားကျမ်းစာများကို ကျယ်လောင်စွာ အော်ဟစ်၍ ရွတ်ဖတ်နေလေသည်။

တရားဘာဝနာ ပွားများစေသော ခေါင်းလောင်းသံသည် ဘဝင်အေးစရာ ထွက်ပေါ်လာလေသည်။

နံနက်ခင်းတစ်ခုလုံးသည် ကြက်သရေအပေါင်းနှင့် ပြည့်စုံနေပေသည်။

ထိုသို့ ရှိစဉ်မှာပင် လူတစ်ယောက်သည် ရုတ်တရက်ဆိုသလို ဒိုင်ကြီးချက်မဖြင့် ခန်းမထဲသို့ ပြေးဝင်လာလေတော့သည်။

တရားကျမ်းစာ ရွတ်ဖတ်နေသော ကျူးရှင်းက ခေတ္တရပ်လိုက်သည်။

"ဆရာဖုံးရွှင် ဘယ်လိုများ ဖြစ်လာတာလဲ"

ဒိုင်ကြီးချက်မဖြင့် ပြေးဝင်လာသူကား ဖုံးရွှင်ပင် ဖြစ်၏။

ဖုံးရွှင်က မျက်နှာရှုံ့မဲ့စွာဖြင့်...

"ဒုက္ခပါပဲဗျာ၊ ခင်ဗျားတို့ဂိုဏ်းချုပ်ကြီး ကွယ်လွန်သွားပြီဗျ"

မမျှော်လင့်သော စကားကြောင့် ကျမ်းမာမျှား ရွှတ်ဖတ်နေကြသော ဂိုဏ်းသားများအားလုံးသည် ရွတ်ဖတ်ရာမှ ရပ်တန့်လိုက်ပြီး အံ့ဩခြင်း၊ မယုံကြည်နိုင်ခြင်းစသည့် ဟန်မူရာဖြင့် ဖုံးရွှင်ကို လှမ်းကြည့်ကြလေသည်။

ဝမ်းချိုမှာမူ လင်းကြိုင်တစ်ယောက် အကြံအစည်ကို အကောင်အထည်ဖော်ပြီဖြစ်ကြောင်း သိလိုက်ရသည်။

သူသည် စိတ်ထဲကြိတ်၍ ဝမ်းသာသွားသည်။

သို့သော်...

ဝမ်းနည်းကြေကွဲသည့်အသွင်ကို ဆောင်ကာ...

"ဖြစ်မှ ဖြစ်ရလေ ဂိုဏ်းချုပ်ကြီးရယ်"

ကျူးရှင်းကား လုံးဝမယုံပေ။

"ဟုတ်မှလဲ ပြောပါ ဆရာဖုံးရွှင်ရယ်"

ဖုံးရွှင်က မျက်ရည်စများသုတ်ရင်း...

"ခင်ဗျားတို့ မယုံရင် လိုက်ကြည့်ကြပေါ့ဗျာ"

* * *



လင်းကြိုင်သည် ကွပ်ပျစ်ပေါ်၌ မလှုပ်မယှက် လဲလျောင်းနေ၏။

ကျူးရှင်းသည် သေချာစွာ စမ်းသပ်စစ်ဆေးရန် ရှေ့သို့ တိုးလာသည်။

ထိုအခါ ဝမ်းချိုက သူ့ထက်ဦးအောင် ရှေ့သို့ ခြေလှမ်းလှမ်းလိုက်ပြီး လင်းကြိုင်၏ခန္ဓာကိုယ်အား စမ်းသပ်ကြည့်လိုက်၏။

သူသည် ယင်းကဲ့သို့ စမ်းသပ်ကြည့်သောအခါ အကြီးအကျယ် အံ့ဩသွားလေသည်။

လင်းကြိုင်သည် တကယ်ပင် သေဆုံးသွားသလို ဖြစ်နေပေသည်။

သို့ရာတွင် သေချာစွာ စမ်းသပ်ပါက သေဆုံးခြင်း မရှိသေးကြောင်း သိရှိနိုင်မည် ဖြစ်သည်။

ဝမ်းချိုသည် ကျူးရှင်းတို့၊ ပင်းကျက်တို့ထက် ဦးအောင် လင်းကြိုင်ကို စစ်ဆေးပြီး သေဆုံးခြင်းကို အတည်ပြုလိုက်သည်။

ဝမ်းချိုက ဂိုဏ်းသားများအား ဝေ့ကြည့်ရင်း...

"ဝမ်းနည်းပါတယ်၊ ကျုပ်တို့ ဂိုဏ်းချုပ်ကြီး သေဆုံးသွားခဲ့ပါပြီ"

ဝမ်းချို၏ကြေညာချက်ကို သိရသည့်အခါ မြေပေါ်သူတော်အဖွဲ့သားများသည် ဝမ်းနည်းစွာဖြင့် ဒူးထောက်၍ ဂါရဝပြုလိုက်ကြလေတော့သည်။

* * *

ခြေပေါ်သူတော်ဂိုဏ်းသားများသည် ဂိုဏ်းချုပ်ကြီး၏ ဈာပန အခမ်းအနားကို ကြီးကျယ်စွာ ကျင်းပကြ၏။

သူတို့၏ဂိုဏ်းချုပ် လင်းကြိုင်၏အလောင်းပေါ်တွင် ခြေပေါ်သူတော်ဂိုဏ်း၏ အဖိုးတန်ဆုံး အပေါ်ရုံတစ်ထည်ကို လွှမ်းခြုံထားသည်။

ထိုဝတ်ရုံသည် ခြေပေါ်သူတော်ဂိုဏ်း၏ အထွတ်အမြတ်ဆုံးသော ဝတ်ရုံ ဖြစ်သည်။

သို့သော်...

ဖုံးရွှင်၏အမြင်မှာမူ ထိုဝတ်ရုံသည် ငွေစင်တစ်ကျပ်သားဖိုးမျှသာ တန်ဖိုးမရှိဟု ယူဆလေသည်။

အကြောင်းမှာ...

ထိုဝတ်ရုံတစ်ခုလုံးမှာ အပေါက်အပြဲများ ပြည့်လျက်ရှိသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။

လွမ်းစရာကောင်းသော ခေါင်းလောင်းသံသည် အဆက်မပြတ် ထွက်ပေါ်လျက် ရှိပေသည်။

ဂိုဏ်းသားများသည် ငြိမ်သက်စွာဖြင့် တန်းစီကြပြီးလျှင် တစ်ဦးချင်း ဂိုဏ်းချုပ်၏အလောင်းကို နောက်ဆုံး ဂါရဝပြုကြလေသည်။

ဂိုဏ်းသားနှစ်ရာကျော်တို့က ဂါရဝပြုပြီးသည့်နောက် အလောင်းကို ထမ်းစင်ဖြင့် ထမ်းကာ ခြေပေါ်သူတော်ဂိုဏ်းမှ ဂိုဏ်းချုပ်အဆက်ဆက် မြှုပ်နှံသင်္ဂြိုဟ်သော အဆောက်အအုံသို့ပို့ဆောင်ကြလေသည်။



ကျောက်တုံးများဖြင့် ပြုလုပ်ထားသော အခန်းထဲသို့ လင်းကြိုင်၏အလောင်းကို အသေအချာ အကျအန ထားရှိပြီးနောက် ကျူးရှင်း၊ ပင်းကျက်နှင့် ဝမ်းချိုတို့သည် ထပ်မံဂါရဝပြုကြလေသည်။

ပြီးသည်နှင့် အခန်းထဲမှ ထွက်လာကြသည်။

ဖုံးရွှင်က အခန်းထဲမှ မထွက်ဘဲရှိနေ၏။

'လင်းကြိုင် အလောင်းအနီးတွင် ကပ်၍ကျန်ရစ်ခဲ့၏။

ကျူးရှင်းတို့က အမျိုးမျိုး ချော့မော့နားချသော်လည်း ဖုံးရွှင်က လက်မခံဘဲ တရှုံ့ရှုံ့ ငိုကြွေးနေ၏။

နောက်ဆုံး ကျူးရှင်းတို့က လက်လျှော့၍ ပြန်လည်ထွက်လာကြသည်။

အပြင်သို့ ရောက်သောအခါ ဝမ်းချိုသည် ကျူးရှင်းနှင့် ပင်းကျက်တို့ အလစ်တွင် အခန်းတံခါးကို အလုံပိတ်ပြီး မင်းတုပ်ချလိုက်တော့သည်။

ထို့အပြင်...

ဝမ်းချိုသည် သူ၏လူယုံတော်နှစ်ယောက်ကိုပါ တံခါးဝတွင် အစောင့်ချထားလိုက်တော့သည်။

* * *

အားလုံး အခန်းထဲမှ ထွက်ခွာသွားပြီးနောက် ဖုံးရှင်သည် ခေါင်းအဖုံးကိုဖွင့်ပြီး လင်းကြိုင် သတိရမည့် အချိန်ကို စောင့်ကြည့်နေလေသည်။

သူတွက်ထားသည့်အတိုင်းဆိုလျှင် လင်းကြိုင်သည် မကြာမီ သတိရလာတော့မည် ဖြစ်သည်။

မျှော်လင့်ထားသည့်အတိုင်းပင် တခဏအကြာ၌ လင်းကြိုင်သည် စတင်လှုပ်ရှားလာသည်ကို တွေ့မြင်ရတော့သည်။

ဖုံးရှင် ဝမ်းသာသွားသည်။

ကြည့်နေရင်းမှပင် လင်းကြိုင်သည် မျက်လုံးဖွင့်လာနိုင်ပြီး ပကတိကောင်းမွန်လာသည်ကို တွေ့ရလေတော့သည်။

လင်းကြိုင်သည် အခေါင်းထဲမှ ဆတ်ခနဲထလိုက်သည်။

ဖုံးရှင်က ဝမ်းသာအားရ လှမ်းပြောလိုက်သည်။

"ဟား..ဟား..ဟား၊ ငါကြံရင် ဘာခံနိုင်ပါ့မလဲ"

လင်းကြိုင် အခေါင်းထဲမှ ထွက်လိုက်သည်။

"အခြေအနေ ဘယ်လိုလဲ"

ဖုံးရှင် ရင်ကော့ကာ...

"အားလုံး အဆင်ပြေတာပေါ့ ငါတပည့်ရာ"

"ဒါဖြင့် ဘာစောင့်နေတာလဲ သွားကြမယ်"

သူတို့နှစ်ယောက် ပြုံးရွှင်စွာဖြင့် တံခါးရှိရာသို့ လျှောက်လာကြသည်။

တံခါးမကို ဆွဲဖွင့်လိုက်သောအခါ လုံးဝဖွင့်မရဘဲ ဖြစ်နေသည်ကို တွေ့ရသည်။



နှစ်ယောက်စလုံး မျက်မှောင်ကြုတ်သွားကြသည်။

တံခါးကို ထပ်မံဆွဲဖွင့်ကြည့်မိလိုက်ပြန်သည်။

"ဟာ အခုမှ ဒုက္ခပဲ"

အပြင်ဘက်မှ မင်းတုပ်ချထားကြောင်း သိလိုက်ရသဖြင့် ဖုံးရှင်က ညည်းညူလိုက်ခြင်း ဖြစ်သည်။

လင်းကြိုင်က ကြိုးစား၍ တံခါးဖွင့်လိုက်သော်လည်း အချည်းနှီးပင်။

ဖုံးရှင်က လင်းကြိုင်အား ကြည့်ကာ...

"မင်း ဝမ်းချိုကို သေသေချာချာ မှာထားရဲ့လား"

လင်းကြိုင် ခေါင်းညိတ်လိုက်သည်။

"သေသေချာချာ မှာထားတာပဲဗျာ"

ဖုံးရှင် စိတ်ပျက်စွာဖြင့် ထိုင်ချလိုက်သည်။

"တောက်၊ ဒီလူ တို့ကို ကလိန်ကျသွားပြီ ထင်တယ်"

ဖုံးရှင်သည် ယင်းသို့ ရေရွတ်ပြီးနောက် ခေါင်းကို တွင်တွင်ခါယမ်းလိုက်မိ၏။

"အခုမှ တို့နှစ်ယောက် အစာရေစာပြတ်ပြီး တကယ်သေမှာကွ"

လင်းကြိုင်သည် ဝမ်းချိုအား ကျိန်ဆဲလိုက်တော့သည်။

* * *

ဖိုးရွှင်သည် လွယ်လွယ်နှင့် စိတ်ပျက်တတ်သူ မဟုတ်ချေ။

လင်းကြိုင်သည်လည်း ထိုနည်းနှယ်ပင်...

သူတို့နှစ်ယောက်သည် တံခါးဖွင့်မည့် နည်းလမ်းကို အမျိုးမျိုး ကြံဆတွေးတောကြသည်။

နောက်ဆုံး ဖိုးရွှင်က သတိရလာပြီး...

"မင်းမှာ အတွင်းအား ရှိနေတာပဲ၊ အတွင်းအားသုံးပြီး တံခါးကို တွန်းဖွင့်ကြည့်ပါလား"

အားတက်သရော ပြောလိုက်သည်။

လင်းကြိုင် သက်ပြင်းချကာ...

"ကျုပ်မှာ အတွင်းအား ရှိတာတော့ မှန်တယ်၊ ဒါပေမယ့် တစ်ခါတစ်လေမှ အတွင်းအားက ထွက်လာတတ်တာဗျ"

"ဘာပဲဖြစ်ဖြစ် ကြိုးစားကြည့်ပါကွာ"

လင်းကြိုင် ဘာမှမပြောတော့ဘဲ အတွင်းအားကို စုစည်းကာ တံခါးအား တွန်းထုတ်လိုက်၏။

တံခါးမှာ ရွေ့လျားခြင်း မရှိပေ။

ဖိုးရွှင်က အားပေးလိုက်သည်။

"ဆက်ကြိုးစားထား"

လင်းကြိုင်က ထပ်မံ၍ အတွင်းအားကို စုစည်းကာ တွန်းဖွင့်ပြန်သည်။

အားသွန်ခွန်စိုက် တွန်းကြည့်သော်လည်း အချည်းနှီး ဖြစ်နေ၍ လင်းကြိုင် ဒေါသထွက်လာ၏။

"သွားစမ်း"



အော်ငေါက်ကာ စိတ်တိုစွာဖြင့် တွန်းထုတ်လိုက်ပြန်သည်။

"ဝုန်း"

ဤတစ်ကြိမ် တံခါးပွင့်သွား၏။

သို့သော် လုံးဝပွင့်သွားခြင်းကား မဟုတ်ပေ။

အနည်းငယ် ဟသွားခြင်းသာ ဖြစ်ပေသည်။

လင်းကြိုင်ကိုယ်တိုင်လည်း အံ့သြသွားသည်။

ဖိုးရွှင်က အခြေအနေကို အကဲခတ်ကြည့်လိုက်၏။

တံခါးရွက်နှစ်ခုသည် အတော်ပင် ဟနေပြီကို တွေ့ရ၏။

ဖိုးရွှင်က လက်ဖြင့် တွန်းပြီး ဟနေသည့် နေရာမှ ကိုယ်တစ်ခြမ်းစောင်း၍ တိုးဝင်ကြည့်လိုက်သည်။

ကြပ်ကြပ်သပ်သပ် ရှိသော်လည်း ခက်ခက်ခဲခဲ တိုးဝင်ပါက တံခါးအပြင်သို့ ရောက်နိုင်ကြောင်း သိရသည်။

ထို့ကြောင့် ဖိုးရွှင်သည် ဟနေသည့် နေရာမှ အတင်းတိုးရင်း "ကိစ္စ မရှိဘူး၊ ဟနေတဲ့ နေရာက တိုးထွက်လို့ ရတယ်ကွ"

ဖိုးရွှင်သည် ကိုယ်တစ်ခြမ်းစောင်း၍ ကပ်ကပ်သပ်သပ် ထွက်သွားရာ အပြင်သို့ ရောက်ရှိသွား၏။

မင်းတုပ်ကို ဖြုတ်ရန် ဟန်အပြင်တွင် သူ့အလိုအလျောက် ပြုတ်ကျသွား၏။

"ဝုန်း"

မင်းတုပ်ပြုတ်ကျသော အသံသည် အတော်ပင် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

တံခါးကို စောင့်ကြပ်နေကြသော အစောင့်နှစ်ဦး ခပ်လှမ်း

လှမ်းတွင် စစ်တုရင်ထိုးနေကြရာမှ တံခါးမင်းတုပ်ပြုတ်ကျသံကြောင့် အလန့်တကြား လှည့်ကြည့်မိကြသည်။

ထိုအချိန်၌ လင်းကြိုင်ကလည်း အခန်းတွင်းမှ ထွက်လာရာ အစောင့်နှစ်ယောက်သည် လင်းကြိုင်ကို မမျှော်လင့်ဘဲ တွေ့ရသဖြင့် မျက်လုံးပြူး မျက်ဆံပြူးဖြင့်…

"သ..သရဲ"

အစောင့်နှစ်ယောက်သည် အယိတ်တလန့် အော်ဟစ်ကာ ထွက်ပြေးကြလေသည်။

ထိုအချိန်မှာပင် တံခါးပြိုလဲသံ ကြားလိုက်သဖြင့် ကျူးရှင်းတို့လူစုလည်း ပြေးလွှားရောက်ရှိလာကြသည်။

လင်းကြိုင်တစ်ယောက် အခန်းထဲမှ ပြန်ထွက်လာသည်ကို တွေ့မြင်ရသောအခါ အကြီးအကျယ် အံ့သြကြလေသည်။

"ဟောဗျာ၊ ဂိုဏ်းချုပ်ကြီး မသေသေးပါလား"

ကျူးရှင်း တအံ့တသြ ရေရွတ်လိုက်သည်။

လင်းကြိုင် မည်သို့ ပြန်ပြောရမှန်း မသိ ဖြစ်နေစဉ် ဖုံးရွှင်က ကြားဖြတ်၍ ရှင်းပြလိုက်သည်။

"ဟုတ်တယ်၊ ဂိုဏ်းချုပ် မသေသေးဘူးဗျ"

ကျူးရှင်း တအံ့တသြ ဖြစ်သွားလေသည်။

"သူသေတာကို ကျုပ်တို့မျက်မြင်တွေ့ခဲ့ကြတာပဲ"

"ဒီလိုပါဗျာ၊ ခင်ဗျားတို့ ဂိုဏ်းချုပ်ကြီးက သူတော်သိုင်းကျမ်းကို လေ့ကျင့်ရင်း သွေးကြောပိတ်ပြီး နှလုံးခုန်ရပ်သွားတာပါ၊ သူဟာ သွေးကြောတစ်ပတ်လည်ပြီးတော့မှ ပြန်ပြီး သတိရလာတာ



ဖြစ်ပါတယ်"

ဖုံးရွှင်က ပြန်လည်ရှင်းပြလိုက်သည်။

ကျူးရှင်းသည် လင်းကြိုင်ကို တအံ့တသြ ငေးကြည့်ရင်း…

"ဒီလိုဆို တကယ် သေတာ မဟုတ်ဘူးပေါ့"

ဖုံးရွှင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သူတော်သိုင်းကျမ်းကို အလောတကြီး လေ့ကျင့်လိုက်လို့ အသက်ရှူရပ်သွားတာပါ"

ဖုံးရွှင်က ပြိုလဲသွားသော တံခါးကို ညွှန်ပြပြီး စကားဆက်လိုက်သည်။

"ဟိုမှာ ကြည့်စမ်း၊ ခင်ဗျားတို့ ဂိုဏ်းချုပ်ရဲ့ အတွင်းအား ဘယ်လောက် တိုးတက်လာတယ်ဆိုတာ"

ကျူးရှင်းနှင့် ပင်းကျက်တို့သည် ဝမ်းသာပီတိ ဖြစ်သွားကာ ပြိုင်တူ ဦးညွှတ်လိုက်ကြလေသည်။

"ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော်ရှည်ပါစေ"

ဝမ်းချိုမှာ မိမိ၏အကြံအစည် မအောင်မြင်သောကြောင့် ကြိတ်၍ ဒေါသထွက်နေလေသည်။

တစ်ခဏအကြာတွင် ဂိုဏ်းချုပ် အသက်ရှင်လာသည့် သတင်းကို မြေပေါ်သူတော် အဖွဲ့တစ်ခုလုံးသို့ ပျံ့နှံ့သွားလေသည်။

ဂိုဏ်းသားများသည် ဝမ်းသာအားရဖြင့် လာရောက်၍ ဂါရဝပြုကြလေသည်။

အတန်ကြာတော့မှ ကျူးရှင်းတို့သည် လင်းကြိုင်အား ခြံရံလျက် ဂိုဏ်းချုပ်၏သီးသန့်ခန်းသို့ ပို့ဆောင်ပေးလိုက်လေသည်။

ထို့နောက်...

ကျူးရှင်းနှင့် ပင်းကျက်တို့သည် လင်းကြိုင်အား နှုတ်ဆက်လိုက်ကြ၍ အခန်းထဲမှ ပြန်လည်ထွက်ခွာသွားကြသည်။

ဝမ်းချိုမှာမူ ဂိုဏ်းချုပ်ကြီးအား ပြုစုစောင့်ရှောက်ပေးမည်ဟု အကြောင်းပြ၍ နေခဲ့လေသည်။

အခန်းတံခါး ပြန်ပိတ်လိုက်သည့်အခါမှ လင်းကြိုင်က ဝမ်းချိုအား ကြိမ်းမောင်းပြစ်တင်လိုက်လေသည်။

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျ။ ကျုပ်တို့ အစာရေစာငတ်ပြီး သေအောင် ကြံတာလား"

ဝမ်းချိုက ကမန်းကတန်း ရှင်းပြလိုက်သည်။

"မဟုတ်ပါဘူး။ ဂိုဏ်းချုပ်ကြီး၊ ကျုပ်က မင်းတုပ်မချတဲ့ အပြင် ဘေးလူ နှောင့်ယှက်မှာ စိုးလို့တောင် ယုံကြည်ရတဲ့ အစောင့်နှစ်ယောက်ကို ချထားခဲ့ပါတယ်"

ဝမ်းချို၏ရှင်းပြချက်ကို ဖုံးရှွင်က ဘဝင်မကျဟန်ဖြင့် နှုတ်ခမ်းမဲ့လိုက်လေသည်။

"ခင်ဗျားလုပ်ပုံက ကျုပ်တို့ သေသွားနိုင်တယ်"

ဝမ်းချို တောင်းပန်လိုက်သည်။

"ကျုပ်တောင်းပန်ပါတယ်ဗျာ၊ ဒီကတစ်ခါ ဂိုဏ်းချုပ်ကြီးကို တောင်အောက်အထိ လိုက်ပို့ပါ့မယ်"

လင်းကြိုင် အနည်းငယ် စိတ်ပြေသွားသည်။

"ကောင်းပြီ၊ ဒီတစ်ခါတော့ ခင်ဗျား ကတိမပျက်ရဘူး"

ဝမ်းချို ခေါင်းညိတ်လိုက်သည်။



"စိတ်ချပါ"

ဝမ်းချိုသည် ပြောပြီးသည်နှင့် အခန်းထဲမှ ထွက်ခွာသွားသည်။

ခဏအကြာတွင် ဝမ်းချို ပြန်ရောက်လာသည်။

အမွှေးရှည် အနွေးထည် နှစ်ထည်ကို လာရောက်ပို့သွားသည်။

လင်းကြိုင်နှင့် ဖုံးရှွင်တို့ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဟေ့လူ၊ ဒီလောက်ပူတဲ့ ရာသီမှာ ဒီအနွေးထည်က ဘာလုပ်ရမှာလဲ"

ဝမ်းချို ပြုံးလိုက်သည်။

"ဂိုဏ်းချုပ်ကြီးက ဒီရာသီဥတု အကြောင်း မသိဘဲ ဒီညဆိုရင် လာမှာပါ"

ဝမ်းချိုသည် ပြောပြီးသည်နှင့် ပြန်လည်ထွက်ခွာသွား၏။

လင်းကြိုင်တို့လည်း အိပ်ရာဝင်ကြသည်။

တစ်ရေးနိုးလာသောအခါ တစ်ကိုယ်လုံး ချမ်းစိမ့်စိမ့် ဖြစ်နေသည်ကို တွေ့ရသည်။

ထို့အတူ ဖုံးရှွင်သည် အချမ်းခံတတ်လွန်းကဲကာ တစ်ကိုယ်လုံး တုန်ခါနေသည်။

သူတို့သည် ပြတင်းပေါက် ဖွင့်ကြည့်သောအခါ အပြင်တွင် နှင်းများ ထူထပ်စွာ ကျနေသည်ကို တွေ့ရ၏။

သူတို့နှစ်ယောက်သည် ဝမ်းချိုပေးသွားသော အင်္ကျီကို ဝတ်ဆင်လိုက်မှ နွေးထွေးသွား၏။

သူတို့သည် ဝမ်းချုပ်၏ရာသီဥတု ကြိုတင်ခန့်မှန်းတတ်သော ပညာကို ချီးကျူးမိလိုက်ကြတော့သည်။

* * *

ရာသီဥတုသည် ပူအိုက်လျက် ရှိရာမှ ရုတ်တရက် ပြောင်းလဲသွားသည်။

နှင်းများ တူထပ်စွာ ကျဆင်းပြီး အအေးဓာတ်လွန်ကဲလာလေသည်။

ရုတ်တရက် ရာသီဥတု ကူးပြောင်းမှုကြောင့် လူအများ ရောဂါဝေဒနာ ခံစားကြရသည်။

အထူးသဖြင့် မြို့ရွာအနှံ့အပြားၞ ဝမ်းလျှောရောဂါဝေဒနာကို ခံစားကြရသည်။

သမားတော်ကြီးတို့ကို ပြသရာ သမားတော်ကြီးများက 'ဝမ်းနိုင်ဂမုန်း'ကို ဝယ်ယူသောက်သုံးရန် ဆေးညွှန်ရေးပေးလိုက်ကြသည်။

သို့ရာတွင် 'ဝမ်းနိုင်ဂမုန်း'အား မည်သည့် ပရဆေးဆိုင်တွင်မျှ ဝယ်ယူမရဘဲ ရှိနေကြလေသည်။

နောက်ဆုံးတွင် အဆိုပါ ဝမ်းနိုင်ဆေးဂမုန်းကို မြေပေါ်သူတော်ဂိုဏ်း တည်ရှိရာ တောင်ပေါ်၌ ဝယ်ယူရရှိနိုင်ကြောင်း ကြားသိကာ အပြေးအလွှား သွားရောက်ဝယ်ယူကြရသည်။

ထိုအခါ ဝမ်းချုပ်တို့က သုံးကျပ်တန်သော ဆေးမြစ်ကို သုံး



ဆယ်အထိ တိုးမြှင့်ရောင်းချကြလေသည်။

ဝေဒနာရှင်များမှာ အဆမတန် ဈေးတင်ထားသည်ကို သိသော်လည်း မည်သို့မျှ မတတ်နိုင်ဘဲ ဝယ်ယူသောက်သုံးကြရလေသည်။

ယင်းသို့ ဈေးကို တိုးမြှင့်၍ ရောင်းချနေသောကြောင့် မြေပေါ်သူတော်ဂိုဏ်းအဖို့ ရန်ပုံငွေ အများအပြား စုဆောင်းရရှိမိသွားလေတော့သည်။

ဤတွင် ဖိုးရွှင်က အကြံတစ်ခု ပြုလာသည်။

"ဒီတစ်ခါ မင်းအတွက် အခွင့်ကောင်းတစ်ခု ရလာပြီကွ"

လင်းကြိုင် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဘယ်လို အခွင့်အရေးလဲဗျ"

"ဟိုဂိုဏ်းက ဆေးမြစ်ကို သုံးကျပ်နဲ့ဝယ်ပြီး သုံးဆယ်နဲ့ပြန်ရောင်းတဲ့အတွက် ရန်ပုံငွေ မနည်းဘူး ရတယ်လေ"

ဖိုးရွှင် စကားကြားသောအခါ လင်းကြိုင် ဝမ်းသာသွားလေသည်။

သူသည် ချက်ချင်းပင် ငွေထိန်းအား ဆင့်ခေါ်မေးမြန်းလိုက်သည်။

"ဆေးမြစ်ရောင်းရတဲ့ငွေ ဘယ်လောက်လဲ"

ငွေထိန်းက...

"တစ်သောင်းကျော် ရပါပြီခင်ဗျာ"

လင်းကြိုင် လက်ဝါးဖြန့်လိုက်သည်။

"ငွေကို ကျုပ်ကို ပေးပါ"

ငွေထိန်း တအံ့တသြဖြင့်…

“ငါက ဂိုဏ်းချုပ်လေ၊ မင်းတို့ရတဲ့ငွေ ငါ့ကို အပ်မှပေါ့”

ငွေထိန်း ခေါင်းခါယမ်းလိုက်သည်။

“ကျုပ်တို့ ဂိုဏ်းစည်းကမ်းအရ ဂိုဏ်းချုပ်ဟာ ငွေလုံးဝ မကိုင်ရပါဘူးဗျာ”

လင်းကြိုင် စိတ်ဓာတ်ကျသွားသည်။

“ဒါဖြင့် ဒီလောက်များတဲ့ငွေ ဘယ်မှာသိမ်းထားလဲ”

“ဘာလုပ်မလို့လဲ ခင်ဗျာ”

“လုံခြုံမှု ရှိမရှိ ငါစစ်ဆေးကြည့်မလို့”

“ဒီအတွက် မပူပါနဲ့ ကျုပ်တို့က သေသေချာချာ လုံလုံခြုံခြုံ သိမ်းထားပါတယ်ဗျာ”

လင်းကြိုင် မကျေမနပ် ဖြစ်သွားရလေတော့သည်။

* * *



## စိန်ခေါ်ခြင်း

လင်းကြိုင်နှင့် ဖုံးရွှင်တို့သည် အလုပ်ရှုပ်လျက်ရှိသည်။

သူတို့သည် ဆေးမြစ်များ ရောင်းချရသော ငွေများကို လိုက်လံရှာဖွေနေခြင်း ဖြစ်သည်။

သူတို့သည် တစ်နေ့လုံး အချိန်ကုန်ခံ၍ လိုက်လံရှာဖွေကြသော်လည်း ငွေများ သိမ်းဆည်းထားရာ နေရာကို ရှာမတွေ့နိုင်ခဲ့ကြပေ။

စိတ်မောလူမော ဖြစ်နေကြသည်။

ငွေကို လုံးဝမတွေ့ပေ။

ထိုစဉ်မှာပင် ကျူးရှင်းတို့သည် အရေးတကြီး ရောက်ရှိလာကြသည်။

“ဂိုဏ်းချုပ်ကြီးခင်ဗျာ ဌာနချုပ်ကို ရန်သူတစ်ဦး ရောက်ရှိတိုက်ခိုက်နေပါတယ်”

လင်းကြိုင် စိတ်ထဲ ကသိကအောင့် ဖြစ်သွားကာ...

"ခင်ဗျားကို မဟန့်တားဘူးလား"

ကျူးရှင်းက...

"ကျုပ်တို့ ကြိုးစားပြီး တားပါတယ်၊ ဒါပေမယ့် ရန်သူကို မဟန့်တားနိုင်ပါဘူး"

သူက လင်းကြိုင်အား အကဲခတ်ကြည့်ကာ ဆက်ပြောလိုက်၏။

"အခုလာတဲ့ ရန်သူဟာ အင်မတန်လှပတဲ့ မိန်းကလေးတစ်ယောက်ပါ။ သူက ဂိုဏ်းချုပ်ကြီးကို လာပြီး စိန်ခေါ်တာပါ"

ကျူးရှင်း၏စကားကို ကြားသည့်အခါ လင်းကြိုင် စိတ်ဝင်စားလာသည်။

"ရန်သူက မိန်းကလေး ဟုတ်လား"

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

"ဘယ်အရွယ်လောက် ရှိပြီလဲ"

"ဆယ့်ကိုးနှစ် ဒါမှမဟုတ် နှစ်ဆယ်လောက်ပဲ ရှိမယ်"

လင်းကြိုင် ပြုံးလိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်ကိုယ်တိုင် သွားတွေ့မယ်"

* * *



လင်းကြိုင်သည် စိန်ခေါ်သူ မိန်းကလေးနှင့် မျက်နှာချင်းဆိုင် ရပ်တန့်လိုက်သည်။

ကျူးရှင်း ပြောသည့်အတိုင်း သူမသည် အမှန်တကယ် ချောမောလှပသူ ဖြစ်သည်။

သို့သော် သူမ၏အသွင်အပြင်က တမူထူးခြားနေ၏။

လင်းကြိုင်က သူမအား တစ်ချက်အကဲခတ်ကြည့်ရင်း...

"ခင်ဗျားက ကျုပ်တို့ ပြည်မက မဟုတ်ဘူး ထင်တယ်"

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မက အရှေ့ကျွန်းစုက လာခဲ့တာ"

လင်းကြိုင် ခေါင်းညိတ်လိုက်သည်။

"နာမည် ဘယ်လို ခေါ်ပါသလဲ"

"ဂူမီးကျွေ့ပါ"

"ခင်ဗျား ဒီကို ဘာလာလုပ်တာလဲ"

"ပြည်မကြီးမှာ အင်မတန် ထွန်းကားတယ် ကြားလို့ ကျွန်မက သိုင်းပညာဖလှယ်ချင်လို့ပါ"

လင်းကြိုင် ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်၊ ဒါဆိုရင် တခြားမှာသွားပြီး စိန်ခေါ်ပါ"

လင်းကြိုင်သည် ပြောပြီး ချာခနဲ လှည့်လိုက်သည်။

သူက ခြေတစ်လှမ်းမျှပင် မလှမ်းရမီ ဟန့်တားသံ ထွက်ပေါ်လာသည်။

"ရပ်လိုက်"

ဂူမီးကျွေ့က ဟန့်တားလိုက်ခြင်းပင် ဖြစ်သည်။

လင်းကြိုင်က လှည့်ကြည့်ပြီး...

"ဘာပြောချင်သေးလို့လဲ"

ဝှမ်းကျွေ့က ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း...

"ကျွန်မ ရှင့်ကို စိန်ခေါ်တယ်"

လင်းကြိုင် ကမန်းကတန်း လက်ကာပြရင်း...

"မဖြစ်ဘူး၊ ခင်ဗျား စိန်ခေါ်တာ ကျုပ်လက်မခံဘူး"

"ရှင်က စိန်ခေါ်တာကို လက်မခံဘူးဆိုရင်"

ဝှမ်းကျွေ့က ဝိုင်းအုံကြည့်နေကြသော ဂိုဏ်းသားများကို ကြည့်လိုက်သည်။

"သူတို့ကို ကျွန်မ တိုက်ခိုက်ရမယ်"

ဝှမ်းကျွေ့က အကျပ်ကိုင်လိုက်ခြင်း ဖြစ်သည်။

အဖွဲ့ခေါင်းဆောင်တစ်ယောက် အနေဖြင့် လင်းကြိုင် ရှောင်တိမ်း၍ မရတော့ပေ။

"ကောင်းပြီလေ၊ ခင်ဗျားယှဉ်ပြိုင်ချင်တယ်ဆိုတော့ ကျုပ်က လက်ခံရမှာပေါ့"

"ကောင်းပြီ"

ဝှမ်းကျွေ့က တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

လင်းကြိုင် ပျာပျာသလဲ လက်ကာပြရင်း...

"သိပ်မလောပါနဲ့၊ ဒီလို ယှဉ်ပြိုင်လို့ ဘယ်ဖြစ်မလဲ"

ဝှမ်းကျွေ့ မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် ဘယ်လို ယှဉ်ပြိုင်မှာလဲ"

"ဓားပညာချင်း ယှဉ်ပြိုင်တယ်ဆိုတာ ပေါ့ပေါ့တန်တန်



သဘောထားလို့ မရဘူး၊ လေးနက်စွာ ယှဉ်ပြိုင်ရမယ်"

ဝှမ်းကျွေ့ မျက်မှောင်ကုပ်ကာ...

"ဘယ်လိုယှဉ်ပြိုင်မလဲ ပြောပါ"

လင်းကြိုင်က...

"အနည်းဆုံး ဓားချင်း မယှဉ်ပြိုင်ခင် အချိန်မှာ ကိုယ်ခန္ဓာ သန့်ရှင်းဖို့ လိုတယ်၊ ဘုရားရှေ့မှာ အမွှေးတိုင် ထွန်းပြီး ဘုရားအာရုံ ပြုရလိမ့်မယ်၊ ဒီလို ကျက်သရေရှိအောင် လုပ်ပြီး ဓားချင်း ယှဉ်ပြိုင် ရတယ်ဗျ၊ ဒါမှ မင်္ဂလာရှိတယ်လို့ ကျုပ်တို့က ယူဆတာ"

လင်းကြိုင်၏စကားကြောင့် ဝှမ်းကျွေ့ ဇဝေဇဝါ ဖြစ်သွားလေသည်။

အတန်ကြာမှ သက်ပြင်းချကာ...

"ကောင်းပြီလေ၊ မနက်ဖြန် ဒီအချိန် ကျွန်မ ပြန်လာခဲ့မယ်"

သူမသည် ပြောကာ ချာခနဲ လှည့်ထွက်သွားလေသည်။

"ဟူး"

ယခုမှ လင်းကြိုင်သည် ရင်ထဲမှ အလုံးကြီးကျကာ သက်ပြင်းရှည်ကြီး တစ်ချက်မှုတ်ထုတ်နိုင်လေသည်။

* * *

## မလိုမ့်တပတ်

နောက်တစ်နေ့...

ဝူမီးကျွေ့သည် အချိန်မှန် ရောက်ရှိလာသည်။

လင်းကြိုင်က သွားရောက်၍ သူမနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

သူ၏အမူအရာမှာ အေးအေးဆေးဆေးပင် ရှိလေ၏။

ဝူမီးကျွေ့သည် ဓားကို လက်တစ်ဖက်ဖြင့် ကိုင်ဆောင်ထားသည်။

တိုက်ခိုက်ရန်လည်း အသင့်ပြင်ထားလိုက်သည်။

"ကျွန်မ အသင့်ရှိနေပါပြီ"

လင်းကြိုင် လက်ကာပြလိုက်သည်။

"ဓားချင်းယှဉ်ပြိုင်တဲ့ နေရာမှာ ပထမဆုံး အတွင်းအားကို အရင် ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်၊ အတွင်းအားချင်း ယှဉ်ပြိုင်ပြီးမှ ဓားချင်း ယှဉ်ပြိုင်ရတယ်"



ဝူမီးကျွေ့ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ရှင်ကြိုက်သလို ယှဉ်ပြိုင်နိုင်ပါတယ်"

လင်းကြိုင်က ဘေးဘီသို့ တစ်ချက်ကြည့်လိုက်၏။

ထို့နောက် ကျောက်တုံးကြီးတစ်ခု ရှိရာသို့ လျှောက်သွားကာ အတွင်းအားစုစည်းသလို ဟန်ရေးတစ်ချက်ပြရင်း လက်ညှိုးဖြင့် စာတစ်ကြောင်း ရေးခြစ်လိုက်၏။

ကျောက်တုံးပေါ်တွင် 'လင်းကြိုင်'ဟူသော စာလုံး ပေါ်ထွက်လာသည်။

လင်းကြိုင်က ဝူမီးကျွေ့အား လှည့်ကြည့်ရင်း...

"ကဲ ခင်ဗျားအလှည့်"

ဝူမီးကျွေ့သည် လျှောက်လှမ်းလာပြီး အတွင်းအားစုစည်းကာ လက်ညှိုးဖြင့် ကျောက်တုံးပေါ်သို့ ရေးခြစ်လိုက်သည်။

သို့သော် သူမ၏ရေးသားမှု လုံးဝအရာမထင်ပါ။

ဝူမီးကျွေ့သည် လင်းကြိုင်၏စာလုံးကို ကြည့်လိုက်သောအခါ လင်းကြိုင် ရေးသားထားသော စာလုံးများသည် အလွန်ချွန်ထက်သော အရာတစ်ခုဖြင့် ရေးထွင်းထားသည့်အလား ထင်ရှားစွာ တွေ့မြင်ရလေသည်။

ဝူမီးကျွေ့ သက်ပြင်းချကာ...

"ဒီပဲွတော့ ကျွန်မရှုံးသွားပါပြီ"

လင်းကြိုင် ပြုံးကာ...

"ပထမပွဲ ရှုံးသွားတဲ့အတွက် ဒုတိယပွဲ ယှဉ်ပြိုင်ခွင့် မရှိသေးပါဘူး၊ ဒါဟာ ကျုပ်တို့ ပိုဏ်းစည်းကမ်းပါ"

သူက လက်တစ်ချက်ဝေ့ယမ်းကာ…

"ကျောက်တုံးပေါ် စာရေးနိုင်တဲ့အခါမှ ဒုတိယ ယှဉ်ပြိုင်မှု အနေနဲ့ ဓားချင်းယှဉ်ပြိုင်ပါ့မယ်"

ဝူမီးကျွဲ မကျေမနပ် ဖြစ်နေသော်လည်း မည်သို့မျှ မတတ်နိုင်သဖြင့် စိတ်ပျက်စွာ လှည့်ပြန်သွားရတော့သည်။

သူမ ထွက်သွားပြီးသောအခါ ဂိုဏ်းသားများက အော်ဟစ် ချီးကျူးဂုဏ်ပြုကြလေသည်။

ဝမ်းချိုကမူ မျက်မှောင်ကုပ်လိုက်ပြီး…

"စောစောက ဂိုဏ်းချုပ်ကြီးပြောတဲ့ စည်းကမ်းဆိုတာ ကျုပ်တို့ဂိုဏ်းမှာ မရှိပါဘူး"

လင်းကြိုင် လက်မထောင်ပြကာ…

"အရင်က မရှိပေမယ့် အခု ကျုပ်က ဒီစည်းကမ်းကို သတ်မှတ်လိုက်တယ်လေ"

လင်းကြိုင်မှာ လောလောဆယ် ဂိုဏ်းချုပ် ဖြစ်နေ၍ ဝမ်းချိုမှာ စောဒက မတက်ဝံ့တော့ပါချေ။

လင်းကြိုင်သည် သီးသန့်နေရာ အခန်းသို့ ပြန်လည်ရောက်ရှိလာသောအခါ ဖုံးရွှင်က သူ့အား စောင့်ကြိုလျက် ရှိနေကြောင်း တွေ့မြင်ရလေသည်။

သူသည် လင်းကြိုင်အား တွေ့လိုက်သည်နှင့် ရယ်မောလိုက်လေသည်။

"မင်း ဘယ်ဆိုးလို့လဲ"

လင်းကြိုင်က…



"တိုးတိုးပြောပါဗျာ၊ တော်ကြာ ကျုပ်တို့ကို မရှိသေဘဲ နေအုံးမယ်"

ဖုံးရွှင်က ရယ်မောလိုက်သည်။

"ငါကသာ ကြိုတင်ပြီး ကျောက်တုံးပေါ်မှာ စာထွင်းမထားရင် မင်းအရှက်ကွဲမှာ သေချာတယ်"

လင်းကြိုင်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်ကလဲ မှင်နဲ့မောင်းနဲ့ လုပ်လို့ အားလုံးက ယုံကြည်သွားတာဗျ၊ ကျုပ်ကသာ မှင်သေသေ မဖြီးနိုင်ရင် အလကားပဲ"

"ထားပါတော့လေ၊ ဓားချင်းယှဉ်ပြိုင်ရင် မင်း ဘယ့်နှယ် လုပ်မလဲ"

"သူ ဘယ်တော့မှ ကျုပ်နဲ့ဓားချင်းယှဉ်ပြိုင်တော့မှာ မဟုတ်ဘူး"

ဖုံးရွှင်သည် မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

လင်းကြိုင်က ရယ်မောလိုက်သည်။

"သူဟာ ကျောက်တုံးပေါ်မှာ စာရေးပြနိုင်အောင် အနည်းဆုံး သုံးနှစ်လောက် လေ့ကျင့်ရအုံးမယ်လေ"

သူ၏စကားကြောင့် ဖုံးရွှင်သည် သဘောကျသွားပြီး တဟားဟား ရယ်မောလိုက်မိလေတော့သည်။

"ဟား…ဟား…ဟား"

* * *

ဝမ်းချို့သည် လင်းကြိုင်ပေးထားသော သူတော်သိုင်းကျမ်းကို နေ့ညမပြတ် ပြင်းပြင်းထန်ထန် လေ့ကျင့်နေ၏။

သူတော်သိုင်းကျမ်းပါ သိုင်းပညာရပ်များကို အချိန်တိုတိုဖြင့် တတ်ချင်သောကြောင့် နေ့ရောညပါ မရပ်မနား လေ့ကျင့်နေခြင်း ဖြစ်သည်။

ထို့ကြောင့် အချိန်တိုတို အတွင်းမှာပင် သူတော်သိုင်းကျမ်းပညာကို တတ်မြောက် အောင်မြင်သွားလေသည်။

သူသည် အတွင်းအားများလဲ များစွာ တိုးတက်လာသည်။

သို့ရာတွင် လွန်ကဲစွာ လေ့ကျင့်ခဲ့သောကြောင့် သွေးလေဖောက်ပြန်ပြီး ရူးသွပ်သွားလေတော့သည်။

သူသည် လူမှန်းသူမှန်း မသိအောင် ရူးသွပ်ကာ အခန်းထဲမှ ထွက်၍ မြင်မြင်သမျှ လူအားလုံးကို တိုက်ခိုက်သတ်ပုတ်လေတော့သည်။

* * *



ဝူမီးကျွေ့သည် လက်ညှိုးပညာကို အဆက်မပြတ် လေ့ကျင့်လျက်ရှိသည်။

သူမသည် အခြေခံအတွင်းအား အလွန်အဆင့်မြင့်သော သိုင်းပညာရှင်တစ်ယောက် ဖြစ်ရာ သုံးရက်ခန့် နေ့ညမပြတ် လေ့ကျင့်လိုက်သည့်အခါ သူမ၏လက်ညှိုးများသည် သံချောင်းပမာ မာကျောလာလေတော့သည်။

စကျင်ကျောက်ကဲ့သို့ ကျောက်သားနုသော ကျောက်တုံးပေါ်တွင် လက်ချောင်းဖြင့် ရေးခြစ်လာနိုင်သည်အထိ သူမ၏လက်ချောင်းများ သန်မာလာသည်။

ဝူမီးကျွေ့သည် ဝမ်းသာအားရ ဖြစ်ကာ လင်းကြိုင်နှင့် ဆက်လက်ယှဉ်ပြိုင်ရန် ထွက်လာခဲ့ပြန်လေသည်။

သူမသည် လင်းကြိုင် နေထိုင်သော နေရာသို့ ရောက်ရှိလာသောအခါ မမျှော်လင့်ဘဲ ရူးသွပ်နေသော ဝမ်းချို့နှင့် ရင်ဆိုင်တွေ့ရှိသွားလေသည်။

ဝမ်းချို့သည် ရူးသွပ်နေပြီ ဖြစ်၍ ကိုယ့်ကိုယ်ကို ဘာမျှ မသိတော့ဘဲ နှုတ်မှ အမျှင်မပြတ် အော်ဟစ်လျက် ရှိနေသည်။

"အောင်ပြီကွ..အောင်ပြီ၊ ငါ့ရဲ့ သိုင်းပညာ သိုင်းလောကမှာ ပထမပဲကွ"

ဝူမီးကျွေ့သည် ထိုစကားကို ကြားရသောအခါ မခံမရပ်နိုင်အောင် ဖြစ်လာလေသည်။

"ရှင်က ဘယ်သူလဲ"

ဝမ်းချို့သည် ဝူမီးကျွေ့၏လက်ထဲမှာ ဓားကိုင်ဆောင်ထား

သည်ကို တွေ့ရသောအခါ မျက်မှောင်ကြုတ်သွားသည်။

"ပြော မင်းက ငါ့ရဲ့သိုင်းလောက ပထမတွဲ့ကို လုယူမယ် ပေါ့ ဟုတ်လား"

ဝမ်းချိုသည် ပြောပြီး ဝူမီးကျွေ့အား ပြင်းထန်စွာ တိုက် ခိုက်လိုက်သည်။

ဝူမီးကျွေ့က ရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်လိုက် သည်။

ထိုစဉ် လင်းကြိုင်က ဝူမီးကျွေ့ဘက်မှ ဝင်ရောက်ကူညီပေး သည်။

သို့သော် ရှူးသွပ်နေသော ဝမ်းချိုမှာ ခွန်အားအလွန်ကြီးနေ သောကြောင့် သူတို့နှစ်ယောက်သည် အလူးအလဲ ခံနေရလေတော့ သည်။

အခြေအနေ မဟန်မှန်း သိသည်နှင့် လင်းကြိုင်က ဝူမီး ကျွေ့၏လက်ကို ဆွဲကာ ဝမ်းချိုနှင့် တိုက်ခိုက်နေရာမှ ရပ်ပြီး ဝေးရာ သို့ ထွက်ပြေးလေသည်။

ဝမ်းချိုက အလွတ်မပေးဘဲ နောက်မှထပ်ကြပ်မကွာ လိုက် လေသည်။

"ဟေ့ မင်းတို့ ဘယ်ပြေးမလဲ"

လင်းကြိုင်သည် ဝူမီးကျွေ့ လက်ကို ဆွဲကာ ခြေဦးတည့်ရာ သို့ ပြေးလွှားနေသည်။

အတန်ကြာ ပြေးမိသော် ရှေ့တွင် လိုဏ်ဂူတစ် ခု ရှိနေသည် ကို တွေ့မြင်လိုက်သည်။



ထို့ကြောင့် သူတို့သည် လိုဏ်ဂူထဲသို့ ပြေးဝင်လိုက်ကြလေ သည်။

လိုဏ်ဂူထဲသို့ ဝင်ရောက်မိသည်နှင့် တစ်ပြိုင်နက် လိုဏ်ဂူ အပေါက်ဝကို သံတံခါးတစ်ခုက အလိုအလျောက် ပိတ်သွားသည်ကို တွေ့လိုက်ရလေသည်။

လင်းကြိုင်သည် လိုဏ်ဂူထဲ ရောက်ပြီး အကဲခတ်ကြည့် လိုက်သောအခါ ယင်းလိုဏ်ဂူသည် ဝင်ပေါက်သာ ရှိပြီး ထွက်ပေါက် မရှိသည်ကို တွေ့ရလေသည်။

လင်းကြိုင်သည် စိတ်ပျက်လက်ပျက် ဖြစ်ကာ ခြေပစ်လက် ပစ် ထိုင်ချလိုက်ပြီး အမောဖြေလိုက်လေသည်။

* * *

မြေပေါ်သူတော်ဂိုဏ်းလိုဏ်ဂူ...။

လင်းကြိုင်တို့သည် ဝမ်းချို၏ရန်ကို ရှောင်ရှားရင်း မြေပေါ်သူတော်လိုဏ်ဂူထဲသို့ ရောက်ရှိနေကြသည်။

လင်းကြိုင်သည် အမောအပန်းဖြေရင်း ဝူမီးကျွေ့အား ကြည့်လိုက်သောအခါ ဝူမီးကျွေ့သည် အလယ်တည့်တည့်ရှိ ကြီးမားသော ခေါင်းလောင်းတစ်ခုအား လေ့လာကြည့်ရှုနေသည်ကို တွေ့ရလေသည်။

လင်းကြိုင်သည် ထိုခေါင်းလောင်း ရှိရာသို့ လျှောက်သွားလေသည်။

ယင်းခေါင်းလောင်းမှာ ရွှေဖြင့် ပြုလုပ်ထားသည်ကို တွေ့ရသောကြောင့် လင်းကြိုင် အကြီးအကျယ် ဝမ်းသာသွားလေသည်။

"ဒီတစ်ခါတော့ သူဌေးဖြစ်ပြီ"

လင်းကြိုင်၏စိတ်ထဲမှ ကြိတ်၍ ကြုံးဝါးလိုက်မိခြင်း ဖြစ်လေသည်။

ဝူမီးကျွေ့က သူ့အား လှမ်းကြည့်လိုက်ပြီး...

"ခုနက လူကြီးက ဘယ်သူလဲရှင့်၊ အတော့်ကို ကြောက်စရာကောင်းတယ်နော်"

လင်းကြိုင် သက်ပြင်းချလိုက်၏။

"ဒီလူဟာ ကျုပ်ရဲ့ ဂိုဏ်းသားတစ်ယောက်ပါ၊ သိုင်းပညာ လေ့ကျင့်ရင်း ရူးသွားတာ"

"အို ကျွတ်ကျွတ် သနားစရာကောင်းလိုက်တာနော်"

ဝူမီးကျွေ့က စုတ်သပ်လိုက်၏။



"ဒါက အရေးမကြီးပါဘူး၊ အခု ကျုပ်တို့ လိုဏ်ဂူထဲမှာ ပိတ်မိနေပြီ ဘယ်လိုလုပ်ကြမလဲ"

ဝူမီးကျွေ့ အေးဆေးစွာ ထိုင်နေသည်။

"ဒါတော့ ဘယ်တတ်နိုင်မလဲ ကံတရားပေါ့"

လင်းကြိုင်သည် ခေါင်းလောင်းမှ ရွှေများကို ကြည့်ကာ အလွန်တရာ ကျေနပ်သွားသည်။

သူသည် ဓားဖြင့် ခေါင်းလောင်းပေါ်မှ ရွှေများကို ခြစ်ခွာလိုက်သည်။

သူသည် ခေါင်းလောင်းမှ ရွှေများကို ခြစ်ခွာလိုက်သောအခါ သူ၏တစ်ကိုယ်လုံးသည် အေးစိမ့်သော အငွေ့အသက်များ ခံစားလိုက်ရသည်။

အပေါ်ရွှေတစ်ထပ် ကွာသွားပြီးနောက် အတွင်းဘက်မှာမူ ကျောက်စိမ်းဖြင့် ပြုလုပ်ထားသည်ကို တွေ့ရလေသည်။

လက်ဖြင့် ကိုင်လိုက်သောအခါ အလွန်အေးစိမ့်သည်ကို ခံစားရသည်။

ထိုစဉ် ဝူမီးကျွေ့သည် ထိုင်ရာမှထကာ သူ့အနီးသို့ လျှောက်လာ၏။

ထို့နောက် ကျောက်စိမ်းပေါ်မှ ရေးထားသော စာကို ဖတ်ရှုကြည့်လိုက်လေသည်။

"ဟင် ဒီကျောက်တုံးပေါ်မှာ ရေးထားတဲ့စာဟာ အအေးဓာတ်ကို လေ့ကျင့်တဲ့ သိုင်းပညာတစ်မျိုးပါလားရှင့်"

ဝူမီးကျွေ့ ပြောပြမှ လင်းကြိုင်က ခေါင်းလောင်းပေါ်မှ စာ

ကို သေချာစွာ ဖတ်ကြည့်မိသည်။

ထို့နောက် ခေါင်းလောင်းကြီးကို လက်ဖြင့် သိုင်းဖက်လိုက်ရာ...

အအေးလွန်ကဲပြီး တစ်ကိုယ်လုံး ထုံကျင်သွားသလို ခံစားရသည်။

ချက်ချင်းပင် ခေါင်းလောင်းပေါ်မှ စာများအတိုင်း လေ့ကျင့်ကြည့်လိုက်လေသည်။

* * *

လင်းကြိုင်သည် လိုဏ်ဂူထဲ ပိတ်မိနေသဖြင့် သက်သက်မဲ့ ထိုင်နေရမည့်အတူတူ ခေါင်းလောင်းပေါ် ရေးသားထားသော စာများအတိုင်း တစ်ကြိမ်လေ့ကျင့်နေလေသည်။

ယင်းကဲ့သို့ လေ့ကျင့်လိုက်သောအခါ သူသည် အအေးဒဏ်အားကြံ့ကြံ့ခံနိုင်ရန် ရှိလာသည်ကို တွေ့ပေသည်။

လင်းကြိုင် စိတ်ဓာတ်တက်ကြွလာသည်။

ထပ်မံ၍ လေ့ကျင့်သည်။

အချိန်မည်မျှ ကုန်ဆုံးမှန်းမသိ လေ့ကျင့်ရင်းမှပင် အအေးဒဏ်ကို လုံးဝမခံစားရတော့ချေ။

လင်းကြိုင် အံ့အားသင့်သွားသည်။

ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ခေါင်းလောင်းကြီးသည် အအေးဓာတ်များ လျော့နည်းပျက်ပြယ် သွားသောကြောင့်ပင်



လော။ လင်းကြိုင် ဇဝေဇဝါ ဖြစ်လာသည်။ ထို့ကြောင့် ဂူမီးကျွေ့အား စမ်းသပ်နိုင်းလိုက်လေသည်။

"ဒီမှာ မိန်းကလေး၊ ဒီကျောက်စိမ်းကို လက်နဲ့ ပွတ်ကြည့်စမ်း"

ဂူမီးကျွေ့က လင်းကြိုင် ပြောသည့်အတိုင်း လက်ဝါးတစ်ဘက်ဖြင့် ကျောက်စိမ်းခေါင်းလောင်းပေါ် ကပ်ကြည့်လိုက်ရာ အေးစိမ့်မှုကြောင့် သူမ ခန္ဓာကိုယ်သည် တစ်ချက်တုန်ခါသွားသည်။

လက်ကို ကမန်းကတန်း ရုပ်လိုက်ပြီး...

"အမယ်လေး အေးလိုက်တာ"

လင်းကြိုင် အံ့ဩသွားသည်။

သူသည် လက်ဝါးနှစ်ဘက်ဖြင့် ကျောက်စိမ်းခေါင်းလောင်းပေါ်သို့ ကပ်ကြည့်မိပြန်သည်။

သူ့လက်ဝါးနှစ်ဘက်သည် အနည်းငယ် အေးစိမ့်သွားသည်မှအပ တရားလွန် အေးစိမ့်သည့် ဝေဒနာကို မခံစားရပေ။

လင်းကြိုင် အံ့ဩနေစဉ်မှာပင်...

"ဝုန်း"

ဟူသော အသံ ဟိန်းထွက်လာသည်ကို ကြားလိုက်ရလေသည်။

ဝမ်းချိုသည် သံတံခါးကို ရိုက်ချိုး၍ လိုဏ်ဂူထဲသို့ ဝင်ရောက်လာပြီ ဖြစ်လေသည်။

"ဟာ မင်းတို့က ဒီမှာကိုး"

ဝမ်းချိုက သူ့အား တွေ့မြင်လိုက်နှင့် တစ်ဟုန်ထိုး ဝင်

ရောက်တိုက်နိုက်လေတော့သည်။

လင်းကြိုင်သည် မည်သို့မျှ ရှောင်တိမ်း၍ မရတော့သဖြင့် လက်ဝါးနှစ်ဖက်ဖြင့် ဆီး၍ ခံပေးလိုက်ရတော့သည်။

"အား"

လက်ဝါးချင်း ထိကပ်သွားသည်နှင့် ဝမ်းချိုသည် အော်ဟစ်ပြီး မြေပေါ်သို့ လဲကျသွားလေသည်။

သူ၏တစ်ကိုယ်လုံးသည် အအေးလွန်ကဲ၍ တုန်တုန်ယင်ယင်ဖြစ်ကာ ကွေးနေသည်ကို တွေ့ရလေသည်။

* * *

လင်းကြိုင်နှင့် ငှမီးကျွေ့တို့သည် ဝမ်းချိုအား ကြိုးဖြင့် တုပ်၍ လိုဏ်ဂူထဲမှ ဆွဲထုတ်လာသည်။

ပင်းကျက်ဦးဆောင်သော အဖွဲ့သားများသည် ဂိုဏ်းချုပ်ကြီးလင်းကြိုင်ကို လိုက်လံရှာဖွေရာ လင်းကြိုင်က ဝမ်းချိုအား ကြိုးဖြင့်တုပ်၍ ခေါ်ဆောင်လာသည်ကို တွေ့ရသောအခါ ဝမ်းသာပျော်ရွှင်သွားကြလေသည်။

သူတို့သည် လင်းကြိုင်အပေါ် ပို၍ ကြည်ညိုလေးစားလာကြလေသည်။

ထို့အတူ ငှမီးကျွေ့သည် လင်းကြိုင်အပေါ် ခင်မင်လေးစားလာသဖြင့် သိုင်းပညာယှဉ်ပြိုင်ရန် စိန်ခေါ်မှုကို ပြန်လည်ရုပ်သိမ်းလိုက်သည်။



ထို့အပြင် လင်းကြိုင်အား သိုင်းပညာရပ်များ သင်ကြားပေးပါရန် တောင်းပန်လိုက်လေသည်။

"ဂိုဏ်းချုပ်ကြီးရှင့်၊ ကျွန်မကို ပြည်မကြီး သိုင်းပညာရပ်များကို သင်ကြားပေးပါလို့ မေတ္တာရပ်ခံပါတယ်"

လင်းကြိုင်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်မှာ ပြောပလောက်တဲ့ သိုင်းပညာရပ် မရှိပါဘူး၊ ဒါကြောင့် သင်မပေးနိုင်တာကို ဝမ်းနည်းပါတယ်"

လင်းကြိုင်သည် ရိုးရိုးသားသား အမှန်အတိုင်း ပြောလိုက်ခြင်း ဖြစ်ပေသည်။

သို့သော် ငှမီးကျွေ့က လုံးဝမယုံကြည်ပေ။

လင်းကြိုင်က မိမိအား မသင်ကြားပေးလိုသဖြင့် သက်သက်မဲ့ ရှောင်ဖယ်နေခြင်းဟု ထင်မှတ်ကာ မကျေမနပ် ဖြစ်သွားလေသည်။

သူမသည် နဂိုက စိတ်ထားခက်ထန်ကြမ်းတမ်းသော အမျိုးသမီးတစ်ယောက် ဖြစ်ရာ ယခုကဲ့သို့ လင်းကြိုင်အပေါ် အထင်လွဲသောအခါ ခါးမှ ချိတ်ထားသော ဓားငယ်ကို ဆွဲထုတ်လိုက်ပြီး မိမိ၏ဝမ်းဗိုက်ကို ထောက်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးက သင်မပေးဘူးဆိုရင် ကျွန်မကိုယ်ကျွန်မ သတ်ပစ်မယ်"

လင်းကြိုင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

ငှမီးကျွေ့သည် ပြောသလို လုပ်တတ်သည်ကို လင်းကြိုင်နားလည်ထားသည်။

ဝူမီးကျွဲ့ကို သိုင်းပညာသင်ပေးရန် ဆိုသည်ကလည်း သူကိုယ်တိုင်က ဘာမျှ ဟုတ်တိပတ်တိမတတ်။

"ဒီလိုတော့ မလုပ်ပါနဲ့ဗျာ၊ ကျုပ်တတ်သမျှတော့ သင်ကြားပေးပါ့မယ်"

လင်းကြိုင်သည် မတတ်နိုင်သည့်အဆုံး နောင်ခါလာနောင်ခါချေးဟု သဘောထားပြီး ဝူမီးကျွဲ့ကို ဖျောင်းဖျနှစ်သိမ့်လိုက်လေသည်။

ထိုအခါ ဝူမီးကျွဲ့က ရိုသေစွာဖြင့် လင်းကြိုင်အား အရိအသေ ပြုလိုက်လေသည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

* * *

မေကျင်းသည် မိမိအဖွဲ့သားများ ရုတ်တရက် ဖောက်ပြန်သော ရာသီဥတုကြောင့် ဝမ်းလျှောသော ဝေဒနာများ ဖြစ်ပွားလာသောအခါ သူတို့၏ဝေဒနာကုသရန် ဝမ်းနိုင်ဆေးဂမုန်းကို လိုက်လံရှာဖွေဝယ်ယူလေသည်။

ဝမ်းနိုင်ဆေးဂမုန်းကို လိုက်လံဝယ်ယူရာတွင် မည်သည့်ဆေးဆိုင်တွင်မှ ဝယ်ယူ၍ မရဘဲ ဖြစ်နေသည်။ မေကျင်း အနေဖြင့် အတော်ပင် အံ့အားသင့်သွားမိလေသည်။

ပရဆေးဆိုင်များတွင် စုံစမ်းကြည့်ရာ မြေပေါ်သူတော်ဂိုဏ်းသားများက ဝယ်ယူသိလှောင်ပြီး ဈေးအဆမတန်တင်၍



ရောင်းချနေကြောင်းကို သိလိုက်ရလေသည်။

ထိုအကြောင်းကို ကြားရသောအခါ မေကျင်းသည် ခံပြင်းလှသဖြင့် ဖခင်ဖြစ်သူ ဂိုဏ်းချုပ်အား တိုင်ကြားလိုက်လေသည်။

မေရှောင်ထင်းသည် စိတ်သဘောထားဖြောင့်မတ်ပြီး စိတ်တိုတတ်သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ သူသည် မေကျင်းနှင့်တကွ ဂိုဏ်းသားများကို ခေါ်ဆောင်ကာ မြေပေါ်သူတော်သို့ ချီတက်သွားလေသည်။

ယင်းသို့ ချီတက်လာသည့် သတင်းကို မြေပေါ်သူတော်ဂိုဏ်း၏ အကြီးအကဲ ဖြစ်ကြသော ပင်းကျက်နှင့် ကျူးရှင်းတို့အား သတင်းပေးကြလေသည်။

ပင်းကျက်သည် ထိုသတင်းကြားလိုက်သည်နှင့် ဂိုဏ်းသားများကို စုစည်းကာ မေရှောင်ထင်းတို့ လာမည့်လမ်းတွင် စောင့်ဆိုင်းနေကြလေသည်။

ရရှိထားသော သတင်းအတိုင်းပင် မေရှောင်ထင်းတို့လူစုသည် မြေပေါ်သူတော် တောင်ပေါ်သို့ တက်လာကြရာ လမ်းခုလတ်တွင် ပင်းကျက်တို့ လူစုအား တွေ့မြင်လိုက်ရလေသည်။

ပင်းကျက်က သူတို့အား ဟန့်တားလိုက်သည်။

"ဒီမှာ မိတ်ဆွေ၊ ကျုပ်တို့ နယ်မြေကို ဘာကြောင့် ကျူးကျော်ဝင်ရောက်လာတာလဲ"

"ဟား..ဟား..ဟား"

မေရှောင်ထင်းက ရယ်မောလိုက်သည်။

"ခင်ဗျားတို့ရဲ့ ဒီလောက် ဆင်းရဲမွဲတေနေတဲ့ နေရာကို

ကျုပ်တို့ကို အလကားပေးတောင် မလိုချင်ဘူး"

ပင်းကျက် မျက်နှာရှုံ့မဲ့သွားသည်။

"ခင်ဗျားရဲ့စကားက စော်ကားလှချည်လား"

မေရှောင်ထင်းက ပြုံးလိုက်သည်။

"ကျုပ် အခုလာတာက ခင်ဗျားတို့ မတရား စီးပွားရှာတာကို မကျေနပ်လို့ဗျ"

ပင်းကျက် မျက်မှောင်ကြုတ်လိုက်သည်။

"ခင်ဗျားက ဘာကိုဆိုလိုတာလဲ"

မေရှောင်ထင်းက…

"ခင်ဗျားတို့က ပြည်သူအများ လိုအပ်နေတဲ့ ဝမ်းနိုင်ဆေးဂမုန်းကို သိုလှောင်ထားပြီး ဈေးအဆမတန်တင်ပြီး ရောင်းတာကို ပြောနေတာ"

ပင်းကျက်က ရယ်မောလိုက်သည်။

"ဒါကတော့ ခင်ဗျားတို့ မဝယ်ချင်နေပါ့၊ ကျုပ်တို့ အတင်းရောင်းနေတာမှ မဟုတ်ဘဲ"

မေရှောင်ထင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့က ဒီလိုလား"

ပင်းကျက်က…

"ခင်ဗျား ထင်ချင်သလို ထင်နိုင်ပါတယ်"

မေရှောင်ထင်းက ခေါင်းညိတ်လိုက်ပြီး ရယ်လိုက်လေသည်။

"ဟား…ဟား…ဟား"





"ခင်ဗျား ဘာဖြစ်လို့ လှောင်တာလဲ"

ပင်းကျက်က မကျေမနပ်ဖြင့် ပြန်မေးလိုက်သည်။

မေရှောင်ထင်းက…

"ကျုပ်က ခင်ဗျားတို့ရဲ့ ဆေးမြစ်ကို ဈေးပိုပေးပြီး မဝယ်ဘူး၊ ခင်ဗျားတို့ဝယ်တဲ့ ဈေးအတိုင်းပေးပြီး အားလုံးယူသွားမယ်"

"ဩော် ခင်ဗျားက မားပြတိုက်မလို့ကိုး"

ပင်းကျက်က ထိုသို့ ပြောပြီးနောက် ရယ်မောလိုက်သည်။

မေရှောင်ထင်းက မခန့်လေးစား လှမ်းကြည့်ကာ…

"ခင်ဗျား ထင်ချင်သလိုထင်ပါ"

မေရှောင်ထင်းက ပြောပြီးသည်နှင့် ပင်းကျက်အား တိုက်ခိုက်လိုက်လေသည်။

ပင်းကျက်ကလည်း ပြန်လည်တိုက်ခိုက်ရာ မကြာမီ တိုက်ပွဲကလေးတစ်ခု ဖြစ်ပွားလာလေတော့သည်။

* * *

လင်းကြိုင်သည် ဝူမီးကျွေ့အား သိုင်းပညာသင်ကြားပေးနေသည်။

တတ်သလောက် မှတ်သလောက် ပေါက်တတ်ကရ သင်ပေးနေခြင်းသာ ဖြစ်သည်။

ဝူမီးကျွေ့သည် လင်းကြိုင်ကို အထင်ကြီးနေသူ ဖြစ်ရာ သင်ပေးသမျှကို အဟုတ်ကြီး ထင်မှတ်ကာ လိုက်လံသင်ယူနေသည်။

ထိုစဉ် ဂိုဏ်းသားတစ်ယောက် အပြေးအလွှား ရောက်လာပြီး…

"ဂိုဏ်းချုပ်ကြီးခင်ဗျာ ရန်သူများ ကျွန်တော်တို့ နယ်မြေထဲ ကျူးကျော်ဝင်ရောက်လာလို့ ပင်းကျက်နဲ့ ဂိုဏ်းသားများ တိုက်ခိုက်နေကြပါတယ်"

လင်းကြိုင် မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူများလဲ"

လင်းကြိုင် တွေဝေစဉ်းစားနေစဉ် ငှမီးကျွေ့က ဦးညွှတ်လိုက်ပြီး…

"ကျွန်မ သွားကူညီပေးပါရစေ"

လင်းကြိုင်မှာ ကိုယ့်အကြောင်း ကိုယ်သိသူ ဖြစ်သည်။

ထို့ကြောင့် ခပ်ရှောင်ရှောင် လုပ်နေရာမှ ငှမီးကျွေ့က ရှေ့တန်းထွက်လာသဖြင့် ငှမီးကျွေ့ကိုပင် ဝမ်းသာအားရ စေလွှတ်လိုက်လေသည်။

"ကောင်းပြီလေ၊ ငါ နောက်က လိုက်ခဲ့မယ်"

ငှမီးကျွေ့က ပြေးလွှားထွက်ခွာသွားလေသည်။

ငှမီးကျွေ့ ထွက်ခွာသွားသည့်အခါ လင်းကြိုင်က ဟန်နှင့်ပန်နှင့် ဓားကိုဆွဲကာ နောက်မှခပ်အေးအေး လိုက်ပါသွားလေတော့သည်။

* * *



တိုက်ပွဲသည် အလွန်ပြင်းထန်နေသည်။ ပင်းကျက်တို့လူစုသည် မေရှောင်ထင်းတို့အား ဟန့်တားနိုင်စွမ်း မရှိသဖြင့် တိုက်ခိုက်ရင်း နောက်သို့ ဆုတ်လာကြလေသည်။ မေရှောင်ထင်းနှင့် မေကျင်းတို့လူစုသည် ပင်းကျက်တို့ နောက်သို့ ထပ်ကြပ်မကွာ လိုက်၍ တိုက်ခိုက်ကြသည်။

ငှမီးကျွေ့သည် ထိုမြင်ကွင်းအား တွေ့ရသောအခါ မခံမရပ်ဖြစ်လာလေသည်။ ထို့ကြောင့် ဓားကို ဝှေ့ယမ်းကာ ပြေးလာသည်။

"ယား"

ငှမီးကျွေ့သည် ပြာသံပေးကာ မေကျင်းအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ငှမီးကျွေ့ ဝင်ရောက်တိုက်ခိုက်လိုက်သောကြောင့် အခြေအနေသည် တစ်မျိုးတစ်ဖုံ ပြောင်းသွားသည်။

ခံစစ်အနေအထားဖြင့် ဆုတ်ခွာလာရသော ပင်းကျက်သည် တန်ပြန်ထိုးစစ်ဆင်လာနိုင်သည်ကို တွေ့ရ၏။

တိုက်ပွဲမှာ ပို၍ပြင်းထန်လာသည်။ ထိုစဉ်မှာပင် ဂိုဏ်းသားများ၏ ဝမ်းသာအားရ အော်ဟစ်လိုက်သော အသံသည် ဆူညံစွာ ထွက်ပေါ်လာလေတော့သည်။

"တို့ ဂိုဏ်းချုပ်ကြီး ရောက်လာပြီဟေ့"

ဂိုဏ်းသားများသည် ထိုစကားကြားရသောအခါ စိတ်ဓာတ်တက်ကြွလာပြီးလျှင် မေရှောင်ထင်း၏အဖွဲ့သားများကို ရှပ်ရှပ်ချုံချုံ ပြန်လည်တိုက်ခိုက်ကြသည်။

မေရှောင်ထင်း၏အဖွဲ့သားများသည် လူအင်အားနည်း

သဖြင့် နောက်သို့ ဆုတ်ခွာရလေတော့သည်။

လင်းကြိုင်သည် မိမိကို့ဘက်မှ အသာစီးရနေသည်ကို မြင်သောကြောင့် တိုက်ခိုက်ရန် ဟန်ရေးပြ ပြေးဝင်လာလေတော့သည်။

* * *

လင်းကြိုင်သည် ပင်းကျက်နှင့် တိုက်ခိုက်နေသူ အနီးသို့ ရောက်လာသောအခါ ရုတ်တရက် ခြေလှမ်းရပ်တန့်လိုက်သည်။

"ဟောဗျာ"

နှုတ်မှ လွှတ်ခနဲ ရေရွတ်ပြီး ပင်းကျက်နှင့် တိုက်ခိုက်နေသူကို မျက်လုံးအပြူးသားဖြင့် ကြည့်မိလေသည်။ ပင်းကျက်နှင့် တိုက်ခိုက်နေသူကား မေရှောင်ထင်း ဖြစ်သည်။

မေရှောင်ထင်းနှင့် မေကျင်းတို့သည် မြေပေါ်သူတော်ဂိုဏ်းချုပ်မှာ လင်းကြိုင် ဖြစ်နေကြောင်း တွေ့ရသောအခါ အကြီးအကျယ် အံ့သြသွားကြ၏။

"ဟော့ မင်းက ဘယ်လိုဘယ်လို ဒီရောက်လာပြီး ဂိုဏ်းချုပ် ဖြစ်နေရတာလဲ"

လင်းကြိုင်သည် မေကျင်းနှင့် ဝူမီးကျွေ့တို့ တိုက်ခိုက်ရာတွင် မေကျင်းမှာ အရေးနိမ့်နေသည်ကို တွေ့ရ၍ ကမန်းကတန်း ဝင်ရောက်ဟန့်တားလိုက်သည်။

"ဝူမီးကျွေ့ ရပ်လိုက်၊ သူတို့က ရန်သူ မဟုတ်ဘူး"

ဝူမီးကျွေ့ ရပ်တန့်လိုက်လေသည်။



လင်းကြိုင်သည် တိုက်ခိုက်နေကြသော ဂိုဏ်းသားများကို ဆက်၍ အမိန့်ပေးလိုက်ပြန်သည်။

"အားလုံး ရပ်လိုက်ကြပါ"

မြေပေါ်သူတော်ဂိုဏ်းသားများသည် ချက်ချင်းပင် တိုက်ခိုက်ရာမှ ရပ်တန့်လိုက်ကြလေသည်။

လင်းကြိုင်က မေရှောင်ထင်းကို လှမ်းကြည့်ပြီး...

"ဒါနဲ့ ဂိုဏ်းချုပ် ဘာကိစ္စနဲ့ ဒီကို လာပြီး ရန်မူရတာလဲ"

မေကျင်းက ဝမ်းနိုင်ဆေးဂမုန်းအကြောင်း အသေးစိတ် ရှင်းပြလိုက်သည်။

လူအများ ဒုက္ခရောက်နေသည်ကို အခွင့်ကောင်းယူပြီး မတရားစီးပွားရှာနေကြောင်း ရှင်းပြလိုက်ခြင်း ဖြစ်သည်။

လင်းကြိုင်က ခေါင်းညိတ်လိုက်သည်။

"ဒီကိစ္စ ဒီလိုလုပ်ပါ၊ ဂိုဏ်းချုပ်ကြီးတို့ လိုသလောက် သယ်သွားပါ၊ ပေးချင်သလောက်ပေးခဲ့ပါ"

လင်းကြိုင်၏စကားကြောင့် ပင်းကျက်နှင့် ကျူးရှင်းတို့က ကန့်ကွက်ရန် ပါးစပ်ဟလိုက်ကြသည်။

သို့သော် လင်းကြိုင်က လက်ကာပြလိုက်သည်။

"ခင်ဗျားတို့ ဘာမှ မပြောနဲ့၊ ကျုပ်က ဂိုဏ်းချုပ်၊ ကျုပ်ပြောသလိုလုပ်ပါ"

ပင်းကျက်နှင့် ကျူးရှင်းတို့သည် ပါးစပ်ပိတ်ကာ ဘာမျှ ပြန်မပြောဘဲ နေလိုက်ကြလေသည်။ သူတို့သည် တန်ရာတန်ဖိုးပေးပြီး ယူသွားခြင်း ဖြစ်သည်။ ပင်းကျက်နှင့် ကျူးရှင်းတို့က မကျေမနပ်

ဖြစ်ကြသော်လည်း ဂိုဏ်းချုပ်ကြောင့် သူတို့သည် ပါးစပ်ပိတ် ရေငုံ နှုတ်ပိတ်နေကြရလေသည်။

လင်းကြိုင်သည် မေရှောင်ထင်း ထွက်ခွာသွားသောအခါ လိုက်လံပို့ဆောင်သလိုဖြင့် မေရှောင်ထင်း နောက်သို့ တစ်ပါတည်း လိုက်ပါသွားလေသည်။

* * *

မေရှောင်ထင်းသည် လင်းကြိုင်အား သူ၏နေအိမ်သို့ ခေါ်ဆောင်သွားသည်။

"ကဲ ပြောစမ်းပါအုံး၊ မင်းက ဘယ်လိုဘယ်လိုနဲ့ မြေပေါ်သူတော်ဂိုဏ်းက ဂိုဏ်းချုပ် ဖြစ်သွားရတာလဲ"

လင်းကြိုင်သည် သူကြုံတွေ့ခဲ့ရသည့် အကြောင်းအရာ အဖြစ်အပျက်များကို အလုံးစုံပင် ပြန်လည်ပြောပြလိုက်လေသည်။

မေရှောင်ထင်း အလွန်အံ့သြသွားသည်။ လင်းကြိုင်ကို လှမ်းကြည့်လိုက်ပြီး...

"မင်းတော်တော် ကံကောင်းနေပါလား"

"ဘယ်လိုကံကောင်းတာလဲဗျ"

"မင်းစဉ်းစားကြည့်လေ၊ မင်း ပထမဦးဆုံး နေဝန်းဂိုဏ်းရဲ့ လက်ထောက်ဒုဂိုဏ်းချုပ် ဖြစ်တဲ့ ကျင်းပို့ဆီက အတွင်းအားရခဲ့တယ်၊ ပေါ့ အခု မြေပေါ်သူတော်ဂိုဏ်းရဲ့ သူတော်သိုင်းကျမ်းကိုလဲ လေ့ကျင့်ခွင့်ရခဲ့တယ် မဟုတ်လား"



လင်းကြိုင်က ခေါင်းခါယမ်းလိုက်သည်။

"ဒါတွေ တဝဲလို့ကော ကျုပ်အဖို့ ဘာများထူးခြားလာမှာမို့လဲ"

မေရှောင်ထင်းက သက်ပြင်းချလိုက်သည်။

"မင်းက တော်တော်ခက်တဲ့လူပဲ၊ လူများက အင်မတန် လိုချင်တဲ့ ပညာရပ်ကို အမျိုးမျိုး ကြိုးစားတာတောင် မရဘဲ မင်းက မမျှော်လင့်ဘဲ ရလိုက်တာဟာ ကံကောင်းတာ မဟုတ်လို့ ဘာပြောရမှာလဲ"

လင်းကြိုင်က ပြုံးလိုက်သည်။

"တခြားလူအတွက်တော့ ဝမ်းသာစရာ ဖြစ်ချင်ဖြစ်မယ်၊ ကျုပ်ကတော့ ဒီပညာတွေ ရတဲ့အတွက် စိတ်တောင်ရှုပ်သေးတယ်ဗျာ"

"နောက်တစ်ခု ရှိသေးတယ်၊ အအေးဒဏ်ကို ခံနိုင်တဲ့ ပညာကို မင်းရလိုက်တာဟာ တော်တော်ကုသိုလ်ကံကောင်းတယ်လို့ ဆိုရမယ်"

မေရှောင်ထင်းက ထပ်တွန့်လိုက်ခြင်း ဖြစ်သည်။

လင်းကြိုင်က ခေါင်းခါယမ်းလိုက်ပြီး...

"ခင်ဗျားက ကံကောင်းတယ်လို့သာ ပြောနေတာ၊ ကျုပ်ကတော့ ခံနေရပြီဗျ"

မေရှောင်ထင်း မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

လင်းကြိုင်က သက်ပြင်းချလိုက်သည်။

"ကျုပ်က ဟိုဟာနည်းနည်း ဒီဟာနည်းနည်း သင်ထားမိလို့ အခု ဘယ်ဟာကိုမှ အသုံးမချတတ်တော့ဘူး၊ နေရထိုင်ရတာကိုက မအီမလည်ကြီး ဖြစ်နေတယ်"

မေရှောင်ထင်းက အနည်းငယ် တွေဝေသွားသည်။ အတန်ကြာမှ ဆတ်ခနဲ ခေါင်းညိတ်ပြီး...

"ဒါဟုတ်တယ်၊ မင်းသင်ထားတဲ့ ပညာရပ်တွေဟာ တစ်ခုနဲ့ တစ်ခု ဆန့်ကျင်ဘက် ဖြစ်နေတယ်၊ ဒါတွေကို တစ်ခုနဲ့တစ်ခု ပေါင်းစပ်အောင် မလုပ်နိုင်ရင် မင်းဟာ ဝေဒနာပေါင်းစုံ ခံစားရမယ်၊ မရှုမလှ သေသွားနိုင်တယ်ကွ"

လင်းကြိုင် မျက်မှောင်ကြုတ်သွားသည်။

"ဒီလိုဆိုရင် ကျုပ်တတ်ထားတဲ့ ဒီပညာရပ်တွေကို မောင်းထုတ်ပစ်ရမှာလား"

မေရှောင်ထင်းက ခေါင်းခါယမ်းလိုက်သည်။

"မင်းအနေနဲ့ မောင်းထုတ်ချင်တိုင်း မောင်းထုတ်ရမယ် ထင်နေသလား"

လင်းကြိုင် စိတ်ဓာတ်ကျသွားသည်။

"ဒါဖြင့် ဒုက္ခပါပဲဗျာ"

"မင်းက လူငယ်တစ်ယောက်ပဲ၊ ဘာကြောင့် ဒီလောက် စိတ်ပျက်လွယ်ရတာလဲ"

မေရှောင်ထင်းက လင်းကြိုင်၏ပခုံးကို ပုတ်ကာ နှစ်သိမ့်အားပေးလိုက်သည်။

"စိတ်ဓာတ်ကျတာ မဟုတ်ပါဘူးဗျာ၊ စိတ်ပျက်တာဗျ"



"ဘာဖြစ်လို့လဲ"

"ကြည့်လေ၊ ကျုပ် မသင်ချင်တာကို အတင်းသင်ခိုင်းတယ်၊ ကျုပ်က မလိုချင်ဘဲ သင်ရတဲ့အတွက် အခုချိန်မှာ သေမင်းနဲ့ ရင်ဆိုင်နေရပြီ မဟုတ်လား"

"ဒီလောက်လဲ စိတ်မပျက်ပါနဲ့၊ မင်းတတ်ထားတဲ့ ပညာတွေကို အားလုံးပေါင်းစပ်သွားအောင် လုပ်ပေးနိုင်ပါတယ်ကွာ"

လင်းကြိုင် ဝမ်းသာသွားသည်။ မေရှောင်ထင်းကို အားတက်သရော လှမ်းကြည့်ကာ...

"ဟေး ဒါဖြင့် မြန်မြန်လုပ်ပေးစမ်းပါဗျာ"

* * *

လင်းကြိုင်သည် မေရှောင်ထင်း၏ကုသမှုကို ခံယူနေရသည်။

မေရှောင်ထင်းသည် သူ့အား သားငါးလုံးဝ မကျွေးဘဲ နေ့စဉ်နှင့်အမျှ ပဲပြားကိုသာ ကျွေးသည်။ မွန်းတည့်ချိန် နေကျဲကျဲအောက်တွင် သိုင်းပညာကို ပြင်းထန်စွာ လေ့ကျင့်ခိုင်းသည်။

ထို့နောက် အခန်းထဲ၌ ဆေးရည်များဖြင့် စိမ်ထားသော စည်ပိုင်းထဲသို့ ဝင်ရောက်၍ အတွင်းအားလေ့ကျင့်စေလေသည်။

မေရှောင်ထင်းသည် ရေစည်တစ်စည်ထဲတွင် လင်းကြိုင်နှင့် နှစ်ယောက် အတူထိုင်ပြီး အတွင်းအားဖြင့် လင်းကြိုင်အား ကုသပေးလိုက်သည်။

သို့ရာတွင် အချိန်ကြာလာသောအခါ သူတို့ စိမ်နေသော ရေများသည် တဖြည်းဖြည်း ရေခဲတုံးကဲ့သို့ အေးစိမ့်လာ၏။

မေရှောင်ထင်းတစ်ယောက် အအေးဒဏ်ကို မခံနိုင်သော အခါ မေကျင်းဆီက အသင့်ကြို့ထားသော ရေပူဖြင့် လောင်းပေး လိုက်လေသည်။

ရေထဲမှ တက်လာသောအခါ မေရှောင်ထင်းသည် တစ် ကိုယ်လုံး ချမ်းစိမ့်စိမ့် တောင့်တင်းနေသဖြင့် မီးဖိုတွင် လှုံရသည်။ လင်းကြိုင်မှာမူ အနည်းငယ် ချမ်းစိမ့်နေသည်မှအပ မည်သို့မျှ မဖြစ် ပါ။

မေကျင်းက သူ့အား ဆေးမှန်မှန် တိုက်ကျွေးပြုစုစောင့် ရှောက်နေလေသည်။

* * *

ငြိမ်းချမ်းကျေးရွာ...

ညသန်းခေါင်ယံ ဖြစ်သည်။

လူရိပ်တစ်ခုသည် ငြိမ်းချမ်းကျေးရွာရှိ ငြိမ်းချမ်းဂေဟာသို့ ချဉ်းနင်းဝင်ရောက်လာလေသည်။

ထိုည တာဝန်ကျ ကင်းမှူး စန့်ကွမ်းရှောင်ထင်း၏ ဒုတိယ တပည့်ဖြစ်သူ 'တုပင်' ဖြစ်သည်။ တုပင်သည် သိုင်းပညာ ထူးချွန်သူ ဖြစ်သည်။ ဉာဏ်ရည်ဉာဏ်သွေးလည်း ထက်မြက်သည်။

စန့်ကွမ်းရှောင်ထင်း၏ အားအထားရဆုံးသော တပည့် ဖြစ် သည်။ စန့်ကွမ်းရှောင်ထင်းသည် ငြိမ်းချမ်းဂေဟာ လုံခြုံရေးတာဝန် ကို တုပင်အား စိတ်ချယုံကြည်စွာ လွှဲအပ်ထားသည်။



ထုံးစံအတိုင်းပင် ယနေ့ညတွင်လည်း တုပင်သည် အစောင့် များကို သူ့နေရာနှင့်သူ နေရာချထားခဲ့သည့်အတိုင်း ရှိမရှိ လိုက်လံစစ် ဆေးကြည့်ရှုနေသည်။

သူသည် ဂေဟာဘက်သို့ လျှောက်လာသောအခါ လူအရိပ် တစ်ခုသည် လျင်မြန်စွာ ပြေလွှားလာနေသည်ကို တွေ့မြင်လိုက်ရ လေသည်။

ထိုလူရိပ်၏ လှုပ်ရှားပုံမှာ လွန်စွာ လျင်မြန်လှသည်။ သို့ဖြစ် ရာ တုပင်သည် အခြားသူများကို အကြောင်းကြားချိန်ပင် မရလိုက် ချေ။ လူရိပ်နောက်သို့ ကမန်းကတန်း ပြေးလွှားလိုက်ပါသွားလေ သည်။

ထိုလူရိပ်သည် ရှေ့မှ ဖြတ်ပြေးသွားရင်း ငြိမ်းချမ်းဂေဟာ ၏ ကန့်သတ်နယ်မြေထဲသို့ တန်းတန်းမတ်မတ် ဝင်ရောက်သွား သည်ကို တွေ့ရသည်။ သူသည် ထိုလူရိပ်အား အမီလိုက်နိုင်ရန် အာရုံ စူးစိုက်နေသဖြင့် သူကိုယ်တိုင် မထင်မှတ်ဘဲ ကန့်သတ်နယ်မြေထဲသို့ ချဉ်းနင်း ဝင်ရောက်သွားမိလေတော့သည်။

တုပင်သည် ပြေးလိုက်ရင်းမှပင် လူရိပ်ပျောက်ကွယ်သွား သည်ကို တွေ့ရသည်။ လူပျောက်ကွယ်သွားတော့မှ သူသည် မိမိမှာ ကန့်သတ်နယ်မြေထဲသို့ ကျူးကျော်ဝင်ရောက်မိနေပြီကို သတိပြုမိ လာတော့သည်။

တုပင်သည် ထိတ်လန့်တုန်လှုပ်သွား၏။ ချွေးစေးများပင်

ပြန်လာသည်။ ဤကန့်သတ်နယ်မြေထဲသို့ ကျူးကျော်မိလျှင် နန်းကုန်းဂေဟာ၏ စည်းကမ်းချက်အရ သေဒဏ်သင့်ရတော့မည် ဖြစ်ပေသည်။

တုပင်သည် ထိတ်လန့်တုန်လှုပ်ကာ အကြီးအကျယ် စိုးရိမ်သွားသည်။ ချက်ချင်းပင် မမျှော်လင့်ဘဲ သူ့ဆရာဖြစ်သူ စန့်ကွမ်းရှောင်ထင်းကို တွေ့မြင်လိုက်ရသည်။ တုပင်မှာ မျက်နှာကွက်ခနဲ ပျက်သွားပြီး ကပျာကယာပင် ဒူးထောက်၍ ဓောင်းပန်လိုက်လေသည်။

"ကျွန်တော်...ကျွန်တော် လူတစ်ယောက်ကို လိုက်ရင်း ကန့်သတ်နယ်မြေထဲကို မှားယွင်းကျူးကျော်မိပါတယ် ဆရာ"

စန့်ကွမ်းရှောင်ထင်းက ဘာမှမဖြစ်သယောင်ဖြင့် အေးဆေးစွာ ပြုံးပြလိုက်သည်။

"အေးပါ။ ငါ့တပည့်က သက်သက်ကျူးကျော်တာမှ မဟုတ်ဘဲ၊ ရန်သူနောက်လိုက်ရင်း ဝင်မိတဲ့အတွက် အပြစ်မရှိပါဘူး"

တုပင်သည် မယုံကြည်နိုင်အောင် ဖြစ်သွားသည်။ သူသည် ကြောင်၍ စန့်ကွမ်းရှောင်ထင်းအား မော့ကြည့်မိသည်။ စန့်ကွမ်းရှောင်ထင်းက သူ့အား ပြုံးပြလိုက်သည်။

"ကဲ...ကဲ၊ စိတ်မကောင်း မဖြစ်ပါနဲ့ မင်းသွားနိုင်ပြီ"

တုပင် ဝမ်းသာသွားသည်။

"ကျေးဇူးကြီးလှပါတယ် ဆရာရယ်"

တုပင်သည် ထပ်မံဦးညွှတ်ပြီး မပြေးရုံတမည် ကမန်းကတန်း ထွက်ခွာခဲ့လေတော့သည်။



တုပင်သည် ဝမ်းသာနေသည်။ သူသည် အပြစ်တစ်ခု ကျူးလွန်ရာမှ ဂိုဏ်းချုပ်ဖြစ်သူက အရေးမယူဘဲ ခွင့်လွှတ်လိုက်သဖြင့် ဝမ်းသာမဆုံးအောင် ဖြစ်နေပေသည်။ သူသည် ပေါ့ပါးစွာဖြင့် ဂေဟာလမ်းအတိုင်း လျှောက်လာခဲ့သည်။

စကြံလမ်းတစ်ခုကို ဖြတ်ကျော်လျှောက်လာသောအခါ ရုတ်တရက် လူတစ်ယောက်က သူ့ရှေ့မှ ဝိတ်ဆို့ရပ်တန့်လာသည်။

တုပင်သည် အံ့သြစွာဖြင့် ထိုလူအား ကြည့်လိုက်သည်။ ဘီလူးမည်းပင် ဖြစ်နေသည်။

"ခင်...ခင်ဗျား အတင့်ရဲလှချည်လား"

တုပင်သည် ပြောပြီးသည်နှင့် ဘီလူးမည်းအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

သို့သော် ဘီလူးမည်းက သူ့ထက်ဦးအောင် တိုက်ခိုက်လိုက်သည်။ ထို့ကြောင့် တုပင်သည် မည်သို့မျှ တိုက်ခိုက်ချိန် မရတော့ဘဲ ဘီလူးမည်း လက်ချက်ကြောင့် မြေပေါ်သို့ လဲကျသေဆုံးသွားသည်။ ဘီလူးမည်းသည် အေးဆေးစွာပင် အုတ်နံရံကို ကျော်၍ ပြေးလွှားပျောက်ကွယ်သွားလေတော့သည်။

နောက်တစ်နေ့နံနက်...

တုပင် သေဆုံးသွားသည့်အကြောင်း စန့်ကွမ်းရှောင်ထင်းထံ ဂေဟာထိန်းများက သတင်းပို့လိုက်သောအခါ စန့်ကွမ်းရှောင်ထင်းမှာ လှိုက်လှဲစွာ ဝမ်းနည်းသွားလေတော့သည်။

သူသည် တုပင်၏ရုပ်အလောင်း အခမ်းအနားကို ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ပေးရမည်ဟု အမိန့်ပေးလိုက်လေသည်။

ဂေဟာထိန်းများသည် တုပင်၏ရျှာပန အခမ်းအနားကို စန္ဒကွမ်းရှောင်ထင်၏ အမိန့်တိုင်း ကြီးကျယ်ခမ်းနားစွာ ကျင်းပပေးကြသည်။

ငြိမ်းချမ်းဂေဟာ အဖွဲ့သားအားလုံးက လွမ်းဘူပန်းခွေ ပို့ကြသည်။ ဂါရဝပြုကြသည်။

နောက်ဆုံး စန္ဒကွမ်းရှောင်ထင်းကိုယ်တိုင် ဝမ်းနည်းကြေကွဲစွာဖြင့် တုပင် အလောင်းကို အရိုအသေပြုလိုက်လေသည်။

စန္ဒကွမ်းရှောင်ထင်းသည် အရိုအသေပြုပြီးနောက် ထိုအဖွဲ့သားအားလုံးဘက်သို့ မျက်နှာမူလိုက်သည်။

"ရန်သူက ငါတို့ ငြိမ်းချမ်းဂေဟာထဲကို အတင့်ရဲစွာ ဝင်ရောက်လာပြီး ငါ့ရဲ့ အားအထားရဆုံး တပည့်ကို လုပ်ကြံသွားတာဟာ ငါ့ကို သက်သက်မဲ့ ရန်စစော်ကားတာနဲ့ အတူတူပဲ"

စန္ဒကွမ်းရှောင်ထင်းသည် ပြောရင်း မျက်နှာတည်လာသည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး...

"ရန်သူကို တုံ့ပြန်ချေမှုန်းပစ်ပါမယ်လို့ ကျုပ် အဓိဋ္ဌာန်ပြုပါတယ်"

အားလုံးသော လူများသည် သွေးများ ဆူပွက်လာကြပြီး လက်သီးလက်မောင်းတန်း၍ အော်ဟစ်ကြွေးကြော်လိုက်ကြသည်။

"တုပင်အတွက် သွေးကြွေးဆပ်ရမယ်"

စန္ဒကွမ်းရှောင်ထင်းသည် ရျှာပန အခမ်းအနား အပြီးတွင် ပင် ချူးရှောင်အား ပဋ္ဌမံဓားတပ်ဖွဲ့ ခေါင်းဆောင်အဖြစ် ခန့်အပ်လိုက်လေသည်။





"ချူးရှောင်"

"ရှိပါတယ် ဆရာ"

"တုပင် သေဆုံးသွားတဲ့အတွက် ဆရာယူကျုံးမရ ဖြစ်နေတယ်၊ မင်းလဲ ငါ့လို ခံစားနေရတယ်ဆိုတာ ငါယုံကြည်တယ်"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီတော့ ရန်သူကို ပေါ့ပေါ့တန်တန် သဘောထားလို့ မရဘူးဆိုတာ မင်းနားလည်ပြီ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"တုပင် သေဆုံးသွားတဲ့အတွက် ပဋ္ဌမံဓားတပ်ဖွဲ့ကို မင်းကပဲ ခေါင်းဆောင်အဖြစ် တာဝန်ယူရလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ"

"အခုချိန်ကစပြီး ပဋ္ဌမံဓားတပ်ဖွဲ့ကို ထက်မြက်လာအောင် မင်းလေ့ကျင့်ပေးရလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

စန္ဒကွမ်းရှောင်ထင်းသည် ခေါင်းညိတ်ပြီး ချူးရှောင်ကို လှမ်းကြည့်လိုက်သည်။

"ငါ့တပည့်ရဲ့ ဖွဲ့သတ္တိနဲ့ဆိုရင် ငြိမ်းချမ်းဂေဟာရဲ့ ပဋ္ဌမံဓားတပ်ဖွဲ့ဟာ ရန်သူတွေအဖို့ အင်မတန် ကြောက်စရာကောင်းတဲ့ တပ်ဖွဲ့ ဖြစ်လာမှာ သေချာတယ်"

စန္ဒကွမ်းရှောင်ထင်းက ကျေနပ်အားရစွာ ပြောဆိုလိုက်ခြင်း ဖြစ်လေသည်။

* * *

ချူးရောင်သည် ပဍ္ဍမ်ဓားတပ်ဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်နေရပြီ ဖြစ်သည်။ သူသည် အလွန်ကြိုးစားသော လူငယ် ဖြစ်သည်။ ပေးအပ်သော တာဝန်ကိုလည်း ကျေပွန်အောင် ထက်မြက်အောင် စွမ်းဆောင်သည်။

သူသည် ပဍ္ဍမ်ဓားတပ်ဖွဲ့ခေါင်းဆောင် ဖြစ်လာသည်နှင့် ပဍ္ဍမ်ဓားတပ်ဖွဲ့ကို နေ့စဉ်မှန်မှန် လေ့ကျင့်မှု ပြုလုပ်ပေးရလေသည်။

တိုတောင်းလှသော အချိန်အတွင်းမှာပင် သူ၏ပဍ္ဍမ်ဓားတပ်ဖွဲ့သည် လွန်စွာ တိုးတက်အောင်မြင်လာသည်ကို တွေ့မြင်ရလေသည်။ စန့်ကွမ်းရှောင်ထင်းသည် ပဍ္ဍမ်ဓားတပ်ဖွဲ့ လေ့ကျင့်နေသည်ကို လာရောက်ကြည့်ရှုသည်။

ပဍ္ဍမ်ဓားတပ်ဖွဲ့သည် ချူးရောင်၏ စနစ်တကျ လေ့ကျင့်ပေးမှုကြောင့် အလွန်တိုးတက်လာသည်ကို တွေ့ရသည်။ ထို့ကြောင့် လွန်စွာ ကျေနပ်အားရ ဖြစ်သွားလေသည်။ စန့်ကွမ်းရှောင်ထင်းသည် ချူးရောင်၏ပခုံးကို ပုတ်လိုက်ပြီး...

"အင်း ငါ့တပည့် အပင်ပန်းခံရကျိုး နပ်ပါတယ်ကွာ၊ မင်းရဲ့ ပဍ္ဍမ်ဓားတပ်ဖွဲ့ဟာ အတော့်ကို တိုးတက်နေပြီပဲ"

* * *

ဝူမီးကျွေ့သည် ခါတိုင်းကဲ့သို့ အိပ်ရာမှ ထသည်နှင့် သိုင်းပညာများကို လေ့ကျင့်နေလေသည်။ သူမသည် သိုင်းပညာလေ့ကျင့်ပြီးနောက် လင်းကြိုင်အား လိုက်လံရှာဖွေလေသည်။ သို့ရာတွင်





ယနေ့တွင်ကား လင်းကြိုင်တစ်ယောက် ပျောက်ခြင်းမလှ ပျောက်နေသည်။

ဝူမီးကျွေ့ မျက်မှောင်ကြုတ်သွားသည်။ ခါတိုင်းဆိုလျှင် တစ်နေရာမဟုတ် တစ်နေရာမှာ တွေ့တတ်သည်။ ယခုမူ ဘယ်မှာမှ ရှာမတွေ့ဘဲ ဖြစ်နေလေသည်။

ထို့ကြောင့် ကျူးရှင်းနှင့် ပင်းကျက်တို့ကို မေးမြန်းစုံစမ်းကြည့်သည်။ သူတို့ကိုယ်တိုင်ကလည်း လင်းကြိုင်ကို လိုက်လံရှာဖွေနေကြခြင်း ဖြစ်သည်။

ယင်းသို့ ရှာဖွေနေကြစဉ် ဖုံးရွှင်နှင့် ဆုံမိကြသည်။

"ဆရာဖုံးရွှင် ဂိုဏ်းချုပ်ကြီး ဘယ်ရောက်နေလဲဟင်"

ဝူမီးကျွေ့က စိတ်အားထက်သန်စွာ လှမ်းမေးသည်။

ဖုံးရွှင်က ပခုံးတွန့်လိုက်ပြီး...

"ကျုပ်လဲ မသိဘူး"

ဝူမီးကျွေ့ စိတ်ပျက်သွားသည်။

"ဒါဖြင့် ကျွန်မရဲ့ သိုင်းပညာကို တစ်ပိုင်းတစ်စနဲ့ ရပ်ထားရတော့မှာလား"

"ဒါတော့လဲ ကျုပ် ဘယ်တတ်နိုင်မလဲ"

"ဆရာဖုံးရွှင်က အတွေ့အကြုံများပါတယ်၊ သိုင်းပညာနဲ့ ပတ်သက်ပြီး ဘယ်သူဟာ အထက်မြက်ဆုံးဆိုတာ သိမှာပေါ့နော်"

ဝူမီးကျွေ့က ဖုံးရွှင်ကို မေးလိုက်သည်။

ဖုံးရွှင်က ခေါင်းညိတ်ပြသည်။

"ဒါတော့ သိတယ်"

"သိရင် ပြောပါလား"

ဖုံးရှင်သည် မေးစေ့ကို လက်နှင့် ပွတ်ရင်း အနည်းငယ် စဉ်းစားလိုက်၏။ ပြီးမှ...

"ကျုပ်သိသလောက် ပြောရမယ်ဆိုရင် သိုင်းပညာနဲ့ ပတ်သက်ပြီး လက်ရှိ အကျော်ကြားဆုံးကတော့ ငြိမ်းချမ်းကျေးရွာက စန့်ကွမ်းရှောင်ထင်းပါပဲ"

ဝူမီးကျွေ့ ဝမ်းသာသွားသည်။

"ဒါဆိုရင် ကျွန်မ ငြိမ်းချမ်းကျေးရွာကို သွားမယ်"

ဖုံးရှင် ခေါင်းညိတ်လိုက်သည်။

"အေး မင်းသွားချင်သွားပေါ့၊ ဒါပေမယ့် အစစအရာရာ သတိထားစေချင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ဆရာဖုံးရှင်"

သူမသည် အလွန်စိတ်မြန်သော အမျိုးသမီးတစ်ယောက် ဖြစ်သည်။

ထို့ကြောင့် ချက်ချင်းပင် အဝတ်အစားများကို သိမ်းဆည်းပြီး မြေပေါ်သူတော်တောင်မှ ထွက်ခွာသွားလေတော့သည်။

ရက်မကြာမီ အချိန်တွင်...

ဝူမီးကျွေ့သည် ငြိမ်းချမ်းဂေဟာအား စိန်ခေါ်လိုက်၏။

တံခါးစောင့်များသည် ချူးရှောင်ထံသို့ သတင်းပို့လိုက်လေသည်။

ချူးရှောင် ထွက်လာပြီး ဝူမီးကျွေ့နှင့် တွေ့ဆုံလိုက်လေသည်။



သူသည် ဝူမီးကျွေ့အား အကဲခတ်ရင်း လက်နှစ်ဘက်ဆုပ်လိုက်၏။

"ဒီက ညီမလေး ဘာကိစ္စများ ရှိလို့လဲ"

ဝူမီးကျွေ့က ချူးရှောင်ကို ပြန်လည်အကဲခတ်ကြည့်ရင်း...

"ရှင်က ဘယ်သူလဲ"

"ကျုပ်က စန့်ကွမ်းရှောင်ထင်းရဲ့ တပည့်ကြီးပါ၊ ပဋ္ဌမံဓား တပ်ဖွဲ့ခေါင်းဆောင်ပါ"

ဝူမီးကျွေ့ ခေါင်းညိတ်လိုက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်မနာမည် ဝူမီးကျွေ့လို့ ခေါ်ပါတယ်"

ချူးရှောင်က ထပ်မံအရိုအသေပြုလိုက်သည်။

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါနဲ့ ညီမလေးက ဘာကိစ္စနဲ့ လာတာလဲ"

ဝူမီးကျွေ့က...

"ရှင်တို့ ငြိမ်းချမ်းဂေဟာက သိုင်းပညာ အလွန်တော်တယ်ကြားလို့ လာပြီး စိန်ခေါ်တာ"

ချူးရှောင်က လက်ကာပြလိုက်သည်။

ထို့နောက် အလောတကြီး လေသံဖြင့် ချက်ချင်း ငြင်းပယ်လိုက်သည်။

"ဟာ ခင်ဗျားစိန်ခေါ်တာကို ကျုပ်လက်မခံနိုင်ဘူးဗျာ"

ဝူမီးကျွေ့ မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

"အစီပွါယ် မရှိတဲ့ ယှဉ်ပြိုင်မှုကို ကျုပ်တို့ လုံးဝမလိုလားလို့ပါ"

ဝူမီးကျွေ့က ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုတော့ မထင်လိုက်ပါနဲ့၊ ယှဉ်ပြိုင်တယ်ဆိုတာ သိုင်းပညာဖလှယ်တဲ့ သဘောပါ"

ချူးရှောင်က လက်ကာပြလိုက်သည်။

"ဒီလို ပေါ့ပေါ့တန်တန် ယူဆလို့ မဖြစ်ပါဘူး၊ ဒီလိုပဲ စိန်ခေါ်ပြီး ယှဉ်ပြိုင်ရာက မဟာရန်ငြိုးကြီး ဖွဲ့ကြတဲ့ သာဓကတွေ အများကြီး ရှိခဲ့ပါတယ်"

ဝူမီးကျွေ့က ဓားကို ဆွဲထုတ်လိုက်ပြီး မယူးတော့ဟု ဆုံးဖြတ်ကာ အတင်းအကျပ်ပင် စိန်ခေါ်လေတော့သည်။

"ဘာပဲဖြစ်ဖြစ် သိုင်းသမားတစ်ယောက်ဆိုရင် စိန်ခေါ်တာကို လက်ခံရမယ်"

ချူးရှောင်က အရှိအသေပြုလိုက်သည်။

"ကျုပ် လက်မခံနိုင်တာကို ဝမ်းနည်းမိပါတယ်ဗျာ"

ချူးရှောင်သည် ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ အိမ်ထဲသို့ ပြန်ဝင်သွားလေသည်။ တစ်ဆက်တည်းမှာပင် အစောင့်များကို ခြံဝင်းတံခါး ပိတ်ခိုင်းလိုက်သည်။

ဝူမီးကျွေ့မှာ ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

ချူးရှောင် ငြင်းပယ်လိုက်သည်ကို အထင်လွဲသွားသည်။

ထို့ကြောင့် ဒေါသကို မထိန်းနိုင်ဘဲ ငြိမ်းချမ်းဂေဟာ ဆိုင်းဘုတ်ကို ဆွဲဖြုတ်လိုက်သည်။



ချူးရှောင်သည် ဒေါသထွက်လာသည်။ မည်သို့မျှ ရှောင်လွှဲမရ၍ ရင်ဆိုင်တိုက်ခိုက်ရတော့သည်။

ဝူမီးကျွေ့၏သိုင်းပညာသည် သိသိသာသာ တိုးတက်နေသည်။ အထူးသဖြင့် အနီးကပ် တိုက်ခိုက်ရာတွင် တစ်ဘက်လူအား သဲထိတ်ရင်ဖို ဖြစ်စေသည်။

ချူးရှောင်နှင့် ဝူမီးကျွေ့တို့ သိုင်းကွက်နှစ်ဆယ်ခန့် ယှဉ်ပြိုင်လာသောအခါ ဝူမီးကျွေ့၏သိုင်းအဆင့်မှာ မိမိ ထင်မြင်ထားသည်ထက် အဆင့်မြင့်နေသည်ကို ချူးရှောင် တွေ့ရလေသည်။ ထို့ကြောင့် ချူးရှောင်အနေဖြင့် အထင်မသေးဝံ့တော့ချေ။

ချူးရှောင်၏သိုင်းပညာသည် ငြိမ်းချမ်းဂေဟာမှ လူများတွင် အတော်ဆုံးဖြစ်သည်။ တစ်နေ့တွင် စန့်ကွမ်းရှောင်ထင်းနှင့် ယှဉ်ပြိုင်နိုင်သည့် အဆင့်အထိ ရောက်ရှိလာနိုင်သည်ဟုပင် ထင်ကြေးပေးခြင်း ခံရသူဖြစ်သည်။

ယခု သူသည် ဝူမီးကျွေ့အား ဖိ၍ တိုက်ခိုက်လိုက်သောအခါ ဝူမီးကျွေ့မှာ ခံနိုင်ရည် မရှိတော့ပေ။ သူမသည် တဖြည်းဖြည်း နောက်ဆုတ်သွားသည်။

နောက်ဆုံး သူမသည် ချူးရှောင်အား အရှုံးပေးလိုက်ရလေတော့သည်။

"ရှင့်ရဲ့သိုင်းပညာကို ချီးကျူးပါတယ်ရှင်"

သူမသည် လှိုက်လှိုက်လှဲလှဲ ဝန်ခံလိုက်လေသည်။ ချူးရှောင်က ပြန်လည်အရှိအသေ ပေးလိုက်ပြီး...

"ခင်ဗျားရဲ့ သိုင်းပညာလဲ မဆိုးပါဘူး"

သူသည် ကောင်းကင်ကို မော့ကြည့်လိုက်သည်။

"မိုးတောင်ချုပ်တော့မယ်၊ ခင်ဗျား ဘယ်ကို ပြန်ရမှာလဲ"

"ကျွန်မရဲ့ဆရာကို လိုက်ရှာနေတာ"

"ဒီလိုဆိုရင် ကျုပ်တို့ဆီမှာပဲ ခေတ္တအနားယူပါ၊ နောက်မှ သွားတာပေါ့"

ဝူမီးကျွေ့ ခေါင်းညိတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မကို တစ်ညတာ တည်းခိုခွင့် ပြုပေးပါ"

ချူးရှောင်သည် အနီးတွင် ရပ်နေသော ဟုန်ရွက်ဘက်သို့ လှည့်လိုက်ပြီး...

"ကဲ ညီမလေး၊ သူ့ကို ဧည့်ခံပြီး နေရာထိုင်ခင်းချထားပေး ပါဦးကွာ"

ချူးရှောင် ထိုသို့ပြောပြီးနောက် ဟုန်ရွက်နှင့် ဝူမီးကျွေ့ အား မိတ်ဆက်ပေးလိုက်သည်။

"ဒါက ကျုပ်ရဲ့ညီမလေး ဟုန်ရွက်ပါ"

ဝူမီးကျွေ့က ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

ဟုန်ရွက်က...

"အထဲကို ကြွပါရှင်"

သူမသည် ဝူမီးကျွေ့အား ဂေဟာထဲသို့ ခေါ်ဆောင်သွား လေသည်။ ဟုန်ရွက်သည် ဝူမီးကျွေ့အား ဧည့်ခန်းထဲတွင် ထိုင်စေပြီး စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးနေ၏။





ထိုစဉ် ချူးရှောင်က ဝူမီးကျွေ့ကို လှမ်းမေးလိုက်သည်။

"ဪ ဒါနဲ့ ခင်ဗျားဆရာက ဘယ်သူလဲဗျ"

ဝူမီးကျွေ့က ပြုံးလိုက်သည်။

"ကျွန်မဆရာက လင်းကြိုင် ဖြစ်ပါတယ်"

သူမ၏စကားကြောင့် ဟုန်ရွက်နှင့် ချူးရှောင်တို့ အံ့အား သင့်သွားကြ၏။ လင်းကြိုင် အနေဖြင့် ဝူမီးကျွေ့ကို ဤမျှထက်မြက် သော သိုင်းပညာကို သင်ကြားပေးနိုင်စွမ်း ရှိသည်ကို အံ့သြနေမိခြင်း ဖြစ်သည်။

ဟုန်ရွက်က...

"ဒါနဲ့ ညီမက လင်းကြိုင်နဲ့ ဘယ်တုန်းက သိကျွမ်းခဲ့တာလဲ"

"သိကျွမ်းတာ သိပ်မကြာသေးပါဘူး"

"ညီမတို့ သိကျွမ်းတာ မကြာသေးဘူးလဲ ဆိုသေးတယ်၊ သိုင်းပညာလဲ သင်ပေးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

ဟုန်ရွက်၏စကားတွင် သံသယ အရိပ်အငွေ့များ ပါနေ သည်။ ဝူမီးကျွေ့ကမူ ရိုးသားစွာပင် ခေါင်းညိတ်လိုက်သည်။

"လင်းကြိုင်က ကျွန်မကို သိုင်းပညာသင်ပေးတဲ့လူပါ"

ဟုန်ရွက်က မဲ့ပြုံးပြုံးလိုက်လေသည်။

"ဒီလူဟာ တော်တော့်ကို ပေါတောတောနိုင်လွန်းပါတယ်"

ဝူမီးကျွေ့ မျက်နှာတစ်ခုလုံးသည် ညိုမည်းသွား၏။

"ကျွန်မ အခုလို ရှုံးနိမ့်သွားတာ ကျွန်မရဲ့ ချို့ယွင်းချက်ပါ၊ ကျွန်မဆရာကို အထင်သေးစကား မပြောပါနဲ့"

ဟုန်ရွက်သည် ဝူမီးကျွေ့က လင်းကြိုင်ဘက်မှ နေပြီး မခံ

မရပ်နိုင် ဖြစ်နေသည်ကို တွေ့ရသောအခါ စိတ်ထဲ၌ သံသယ ဖြစ်လာလေသည်။

"ဒါကတော့ ဆရာမှာမှ အရည်အချင်းမရှိဘဲ တပည့်လုပ်တဲ့ လူမှာလဲ ဘယ်လို အခြေအနေကောင်းလာနိုင်မှာလဲ"

ဝူမီးကျွေ့က ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။ ထို့နောက် ဟုန်စွက်ကို ဒေါသတကြီးကြည့်ကာ...

"ညည်း ဘယ်လောက်တတ်လို့ အခုလို စော်ကားတဲ့ စကားပြောရတာလဲ၊ ဒီလို ပြောတဲ့အတွက် ကျွန်မ ရှင့်ကို စိန်ခေါ်တယ်"

ဝူမီးကျွေ့ ပြောပြီး ဓားကို ဆွဲထုတ်လိုက်သည်။

ထိုစဉ် စန့်ကွမ်းရှောင်ထင်း အချိန်မီ ရောက်လာပြီး ဝူမီးကျွေ့၏စိန်ခေါ်မှုကို ဖျန်ဖြေပေးလိုက်လေသည်။

"ဒေါသမကြီးပါနဲ့ မိန်းကလေး၊ ပြောမှားဆိုမှားရှိရင် တောင်းပန်ပါတယ်ကွယ်"

ချူးရှောင်သည် ကပျာကယာပင် စန့်ကွမ်းရှောင်ထင်းကို အရိုအသေပြုလိုက်သည်။

ထို့နောက် ဝူမီးကျွေ့နှင့် မိတ်ဆက်ပေးလိုက်သည်။

"ဟောဒါက ကျွန်တော့်ဆရာ စန့်ကွမ်းရှောင်ထင်းပါ၊ ငြိမ်းချမ်းဂေဟာရဲ့ ဂိုဏ်းချုပ်ပါ၊ သူကတော့ ဝူမီးကျွေ့လို့ ခေါ်ပါတယ် ဆရာ"

ဝူမီးကျွေ့သည် စန့်ကွမ်းရှောင်ထင်း အမည်ကို ကြားဖူးနားဝ ရှိခဲ့သဖြင့် ကမန်းကတန်းပင် ဦးညွှတ်အရိုအသေ ပြုလိုက်သည်။



"ကျွန်မဆရာကို ထိခိုက်ပြောဆိုနေလို့ ကျွန်မ စိတ်ကို မထိန်းနိုင်ဘဲ အခုလို စိန်ခေါ်မိတာပါ"

စန့်ကွမ်းရှောင်ထင်းက ပြုံးလိုက်သည်။

"အမှန်ပြောရမယ်ဆိုရင် လင်းကြိုင်က တစ်နေ့ သိုင်းလောကမှာ တောက်ပြောင်လာမယ့် သိုင်းပညာရှင်တစ်ယောက်ပါ၊ သူ့ကို ကျုပ်ယုံကြည်ပြီးသားပါ"

ဝူမီးကျွေ့သည် စန့်ကွမ်းရှောင်ထင်းကိုယ်တိုင်ပင် လင်းကြိုင်အပေါ် ချီးကျူးပြောဆိုသည်ကို ကြားရ၍ ဝမ်းသာပီတိ ဖြစ်သွားလေသည်။

"ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်ကြီး"

စန့်ကွမ်းရှောင်ထင်းက ဝူမီးကျွေ့ကို ကြည့်လိုက်ပြီး...

"ဒါနဲ့ မိန်းကလေးက ဘယ်ကို ဆက်သွားမှာလဲ"

"ကျွန်မဆရာနောက်ကို လိုက်သွားမလို့ပါ"

စန့်ကွမ်းရှောင်ထင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်လား၊ သူ အခု ဘယ်ရောက်နေသလဲ"

ဝူမီးကျွေ့ ခေါင်းခါယမ်းလိုက်သည်။

"ဆရာ ဘယ်ရောက်နေတယ်ဆိုတာ ကျွန်မလဲ မပြောတတ်ပါဘူး"

ဤတွင် ဟုန်စွက်က မဲ့ပြုံးပြုံးလိုက်ပြီး ကြားဖြတ်ဝင်ပြောလိုက်သည်။

"သူ ဘယ်နေရာ ရောက်နေတယ်ဆိုတာ ကျွန်မသိပါတယ်"

ဝူမီးကျွေ့ ဝမ်းသာသွားသည်။ ကပျာကယာပင်...

"ဒီလိုဆို ကျွန်မကို လိုက်ပို့ပေးပါလားရှင်"

ဟုန်စွက်က ငြင်းပယ်လိုက်ရန် ပါးစပ်ပြင်လိုက်သည်။

သို့သော် ဟုန်စွက်ထံမှ စကားသံ ထွက်မလာမီ စန့်ကွမ်းရှောင်ထင်းက ကြားဖြတ်ပြောလိုက်သည်။

"ကဲ သမီး၊ မင်းသိတယ်ဆိုရင် သူ့ကို လိုက်ပို့ပေးလိုက်ပါကွယ်"

ဖခင်ဖြစ်သူ စန့်ကွမ်းရှောင်ထင်းက စေခိုင်းလိုက်သောကြောင့် ဟုန်စွက်မှာ မငြင်းသာဘဲ ဖြစ်သွားသည်။

စန့်ကွမ်းရှောင်ထင်းက ဂူမီးကျွေ့ကို ပြုံးပြလိုက်ပြီး...

"ကဲ ဒီကနေ့ညတော့ ဒီမှာပဲ အေးအေးဆေးဆေး အနားယူလိုက်ပေါ့၊ မနက်ဖြန်ကျရင် ကျုပ်သမီးက လိုက်ပို့ပေးပါလိမ့်မယ်"

ဂူမီးကျွေ့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်ကြီး"

* * *

နောက်တစ်နေ့ နံနက်...

နေရောင်ခြည် ထွက်ပေါ်လာသည်နှင့် ဟုန်စွက်နှင့် ဂူမီးကျွေ့တို့သည် ငြိမ်းချမ်းကျေးရွာမှ စတင်ထွက်ခွာလာခဲ့ကြလေသည်။

ဟုန်စွက်သည် ဂူမီးကျွေ့အပေါ် အလိုလို မကျေမနပ် ဖြစ်နေသဖြင့် လမ်းခရီးတစ်လျှောက်လုံးတွင် စကားတစ်ခွန်းမျှ မပြောဘဲ နှုတ်ဆိတ်စွာ လိုက်ပါလာ၏။



ဂူမီးကျွေ့မှာမူ ဟုန်စွက်က မိမိအပေါ် မကျေမနပ် ဖြစ်နေသည်ကို မသိရှာပေ။

တောတောင်ရေမြေ သဘာဝ ရှုခင်းများကို ကြည့်ကာ ပျော်ရွှင်နေမိသည်။

"ဪ ဒါနဲ့ ကျွန်မရဲ့ဆရာ ဘယ်မှာ ရှိသလဲဟင်"

ဟုန်စွက်က နှုတ်ခမ်းမဲ့လိုက်သည်။

"သူက မြို့မှာ ရှိတဲ့ လောင်းကစားအိမ်၊ စားသောက်ဆိုင်၊ ကြေးတန်းစားဂေဟာ အဲဒီလို နေရာမျိုးမှာ ရှိတတ်တယ်ရှင့်"

ဂူမီးကျွေ့ မျက်မှောင်ကြုတ်သွားသည်။

"သူက အဲဒီ နေရာမျိုးမှာ ဘာသွားလုပ်တာလဲရှင့်"

ဟုန်စွက် အံ့အားသင့်သွားသည်။ ဂူမီးကျွေ့ကို ကြည့်လိုက်သည်။ ပြီးမှ...

"ညည်းက တကယ်မသိလို့လား၊ တမင်တကာ မေးတာလား"

ဂူမီးကျွေ့ ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

"ကျွန်မ တကယ် မသိလို့ မေးတာပါ"

ဟုန်စွက်သည် ဂူမီးကျွေ့အပေါ် ထင်မြင်ယူဆမှု ပြောင်းလဲလာလေသည်။

သူမသည် ဂူမီးကျွေ့အား အတန်ကြာ စိုက်ကြည့်လိုက်ပြီးမှ "ညည်းကို ငါမေးမယ်၊ အမှန်အတိုင်း ဖြေရမယ်နော်"

ဂူမီးကျွေ့က ခေါင်းညိတ်လိုက်သည်။

"မေးပါရှင်"

ဟုန်စွက်သည် ဝူမီးကျွေ့ကို စူးစမ်းအကဲခတ်သလိုဖြင့် စိုက်ကြည့်လိုက်သည်။ ပြီးမှ လေးနက်တည်ကြည်သော အသံဖြင့်…

"လင်းကြိုင်က ညည်းကို ချစ်စကား ကြိုက်စကား ပြောသေးသလား"

ဝူမီးကျွေ့က ကြောင်အမ်းအမ်း ဖြစ်သွားသည်။ နောက်မှ သတိဝင်လာပြီး…

"မပြောခဲ့ပါဘူး"

"ညည်းပြောတာ အမှန်ပဲလား"

ဝူမီးကျွေ့က ပြုံးလိုက်သည်။

"ကျွန်မက ဘာဖြစ်လို့ လိမ်ပြောရမှာလဲ"

ဟုန်စွက်သည် စိတ်သက်သာရာ ရသွားဟန်ဖြင့် လေပူတစ်ချက် မသိမသာ မှုတ်ထုတ်လိုက်သည်။

ဝူမီးကျွေ့အပေါ် ထားရှိသည့် မကျေနပ်မှုများသည် တမုဟုတ်ချင်းပင် လွင့်ပျောက်သွားလေတော့သည်။

သံသယများ ပြေပျောက်သွားပြီ ဖြစ်၍ ဟုန်စွက်၏ရင်သည် ချက်ချင်းပင် ပေါ့ပါးလန်းဆန်းလာလေသည်။

ပထမပိုင်း ပြီး၏။

၃–စာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါရန်။